

# ဒေါင်းမိခင်တောင်ပံကျချိန်မို့

( ၁၉၇၄ – ဒီဇင်ဘာ ဦးသန့်အရေးအခင်း ကိုယ်တွေ့မှတ်တမ်း )

## မောင်ပန်းရည်

# ဒေါင်းမိခင်တောင်ပံကျချိန်မို့

**မောင်ပန်းရည်**


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | – | ဒီဇင်ဘာလ၊ ၂၀၁၃ (ပထမအကြိမ်) |
| ထုတ်ဝေသူ | – | ဖင်ရတနာစောစာပေ၊<br>အမှတ် ၂၀၅၊ က/၄လမ်း။ မြို့သစ်၊<br>(က+ခ) ရပ်ကွက်၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | နန်းသဖင်ပုံနှိပ်တိုက် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

မောင်ပန်းရည် ၈၉၅.၈၃
ဒေါင်းမိခင်တောင်ပံကျချိန်မို့/မောင်ပန်းရည် –ရန်ကုန်
ဖင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၃။
စာ– (၁၃၂)၊ ၁၃ x ၂၁ စင်တီ
(၁) ဒေါင်းမိခင်တောင်ပံကျချိန်မို့

## စီစဉ်သူ၏ အမှာ

စာရေးသူမောင်ပန်းရည်သည် အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သည်။ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာ ဦးသန့်အရေးအခင်းကာလက သူသည် ပြည်သူ့လွှတ်တော်စီမံကိန်း ပုံထုတ်ဌာနတွင် တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းပြည်သူတစ်ဦးဖြစ်သည်။

ဦးသန့်အရေးအခင်းဖြစ်ပွားမည့် အကြောင်းကိစ္စများ အစပျိုးလာချိန်မှစပြီး သူသည် ရုံးခန်းရှိ သူ၏ပုံဆွဲဘုတ်ပေါ်တွင် မျက်နှာအပ်မထားနိုင်တော့ပဲ အရေးကိစ္စများရှိရာ နေရာများသို့ မျက်နှာမူကာ သူ့ခြေလှမ်းများကို သယ်ဆောင်ခဲ့သူ၊ တစ်ထောင့်တစ်နေရာမှ ပါဝင်စီးမျောလှုပ်ရှားခဲ့သူ။

**ဒေါင်းမိခင် တောင်ပံကျချိန်မို့** ဟူသော စာအုပ်အမည်ကို ဆွေးနွေးသောအခါ သူက ကျောင်းသားသမဂ္ဂ မဖွဲ့စည်းနိုင်ပဲ လစ်ဟာနေသောကာလကို ရည်ညွှန်းသည်ဟု ဆိုပါသည်။

စာရေးသူ ညွှန်းဆိုချက်ကို ဖတ်ရှုခံစား သုံးသပ်ရန် စာဖတ်သူတို့၏ ကဏ္ဍသာလျှင် ဖြစ်ပေသည်။

ဤစာအုပ်ကို စီစဉ်သူတစ်ဦးအနေနှင့်မူ သမိုင်းဝင်အရေးအခင်းတစ်ခုတွင် ဝန်ထမ်းပြည်သူတစ်ဦး၏ ပါဝင်လှုပ်ရှားခဲ့မှု ကိုယ်တွေ့မှတ်တမ်းကို စာဖတ်သူထံမှောက် အရောက်ပို့နိုင်သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါသည်။

■

စီစဉ်သူ
ခါကာဘိုစာပေ

## သမိုင်းနောက်ခံဖြစ်ရပ်မှန်ဝတ္ထုများ၏တန်ဖိုး

### (၁)

၁၉၇၄၊ ဦးသန့်အရေးအခင်းဖြစ်ပွားခဲ့သောကာလတဝိုက်၌ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်ရှိ သူငယ်ချင်းကဗျာဆရာများကို အကြောင်းပြု၍ ဦးချစ်ဆိုင်တွင် ကျက်စားနေသော ကာလများဖြစ်နေသည်။ ၁၉၇၀ တဝိုက်ကပင် မောင်ပန်းမွှေး၊ ဦးဇော်မြင့်(ဇော်ဇော်အောင်)၊ အညာတမာ၊ မောင်ညီလတ်၊ ညို လတ်၊ ငြိမ်းမြိုင်(မြတ်သစ်) စသည့် ဆရာ၊ ကျောင်းသား၊ ကဗျာချစ်သူများနှင့် ငှက်ပျော်တောဦးချစ်တွင် ဝိုင်းဖွဲ့အချိန်ကုန်တတ်သည်။ နောက်မျိုးဆက်တစ်ဆက်ဖြစ်သော မောင်ပြည့်မင်း၊ ခင်အောင်အေး၊ နောက်မျိုးဆက်ဖြစ်သော ကျော်မင်းမောင်၊ ကိုရွှေမင်းသိမ်းတို့နှင့် ဦးချစ်ဆိုင်ကို ကျွန်တော် အဝင်အထွက်မပြတ်။

၁၉၇၄ တဝိုက် တောင်ငူဆောင်မှ မြန်မာစာကျောင်းသားများမှာ ကျွန်တော့်မိတ်ဆွေတွေဖြစ်နေသည်။ ကိုသက်(အားကစားအယ်ဒီတာမြသက်)၊ ဦးခင်မောင်ထွေး(ပျဉ်းမနား)၏သား၊ ကိုနေဦး ( စာရေးဆရာမောင်နေဝင်း၏သား၊ လမ်းမတော် NLD အမတ်-ကွယ်လွန် )၊ ဝင်းအောင် ( စာရေးဆရာဦးကျော်အောင် ၏သား ကွယ်လွန်)၊ ကိုကိုထူး(နောင်ဒဂုန်မဂ္ဂဇင်းထုတ်ဝေသူ၊ အေဝမ်းဦးတင် မောင်သားမက်)၊ နောက် မြင့်အေး၊ ကိုမြင့်ထွန်း (အဘဟုခေါ်ကြသည်-ကွယ်လွန်)၊ ကိုမင်းအောင်(ကွယ်လွန်)၊ ရေချမ်း စသည်ဖြင့်။ ဦးသန့်အရေးအခင်းတွင် သူတို့သည် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ တစ်ခါတရံ

လက်ဖက်ရည်ဆိုင် အတူထိုင်နေရင်း သူတို့အထဲမှ တချို့ မကြာခဏဆိုသလို ပျောက်ပျောက်သွားတတ်၏။ လျှို့ဝှက်အစည်းအဝေးသွားထိုင်ကြခြင်း ဖြစ်သည်။ ဦးသန့်အလောင်းကို ကျောင်းသားတွေ လုဖို့ကြံစည်နေကြခြင်း ဖြစ်သည်။ ကျွန်တော်က ဤသတင်းကို တော်တော်စောစောကပင် ရနေသည်။ RIT ခေါ် ရန်ကုန်စက်မှုတက္ကသိုလ်သို့ ကျွန်တော်ရောက်သည်။ ထိုကျောင်းရှိ **အောင်သိပ္ပံ** အမည်ရှိသော ဆိုင်ကြီးတွင် မောင်စိန်ဝင်း၊ နွမ်ဂျာသိုင်း၊ နုသျှင် စတဲ့ ကဗျာဆရာတွေရှိသည်။ တဖက်ဝိုင်းတွင် စိုးစံ၊ မြင့်စံ၊ ဘုန်းနွယ်လင်းတို့ လူသိုက် ရှိမည်။ မိနှောင်းရှိမည်။ ဦးသန့် အရေးအခင်းတွင် နွမ်ဂျာသိုင်းတို့ ပါဝင်ခဲ့တာ ကိုလည်း ကျွန်တော် အမှတ်ရနေသည်။

## (၂)

**ဒီဇင်ဘာ(၅)ရက်၊ ၁၉၇၄**

ကျွန်တော် ဦးသန့်ရုပ်ကလပ်ထားရာ ကျိုက္ကဆံကွင်းရောက်နေသည်။ ကျောင်းသားတွေ အားနဲ့ရောက်လာကာ၊ ရုပ်ကလပ်ကို သယ်ဆောင်တာကို ရှေ့တွင် မြင်လိုက်ရသည်။ ကျိုက္ကဆံမှထွက်ကာ ကျွန်တော် ဟံသာဝတီအဝိုင်းမှ စောင့်ကြိုသည်။ ကျွန်တော် သတင်းရထားတာက ပြည်လမ်းအတိုင်း သယ်ဆောင် လာမည်ဟု။ ကျွန်တော့်လိုပင် လမ်းဘေးဝဲယာမှ စောင့်စားနေသည့် လူအုပ်ကြီးမှာ များမြောင်လှသည်။ သို့သော် သတင်းရောက်လာပြန်သည်။ လမ်းကြောင်းပြောင်း လိုက်သည်။ ကမ္ဘာအေးစေတီလမ်းအတိုင်း သယ်ဆောင်လာနေပြီ။ သတင်း ရသောလူအုပ်ကြီးက တက္ကသိုလ်ရိပ်သာလမ်းဘက် ရွေ့သွားသည်။ ကားဖြင့် သယ်ဆောင်လာရာနောက် လိုက်ပါသွားကြသည်။ အဓိပတိလမ်းအတိုင်း၊ ဘွဲ့နှင်းသဘင်ခန်းမရှေ့။ ကျောင်းသားတွေတရားဟောကြသည်။ ဘုန်းကြီး တွေက ဝိုင်းဝန်းစောင့်ရှောက်ကြသည်။ ညမှောင်စပြုတော့မည်။

မော်ကွန်းထိန်းထံ (ဒီတုန်းက ဒေါ်စိန်စိန် ဖြစ်မည်ထင်ပါသည်။) ဘွဲ့နှင်းသဘင်ခန်းမဖွင့်ရန် သော့သွားတောင်းသူတွေက တောင်း၏။ စိတ်မရှည် သော ကျောင်းသားတစ်အုပ်က ဘွဲ့နှင်းသဘင်သံဆွဲတံခါးကို လူအုပ်နှင့် တွန်းဖြို

လိုက်သည်။ ပြီးတော့ ကျောင်းသားများ၊ ပြည်သူများနှင့် ဘွဲ့နှင်းသဘင်ခန်းမသည် ပြည့်လျှံ၍သွားသည်။ ဦးသန့်ခေါင်းတလားဟာ ဘွဲ့နှင်းသဘင်စင်မြင့်ပေါ် ရောက်သွားပြီး အပြာရောင်ကုလသမဂ္ဂအလံ ဖုံးလွှမ်းထားသည်။ ထိုအချိန်က စ၍ အခေါင်းကို တစ်ကြိမ်လျှင် ဘုန်းကြီးလေးပါးကျစီ စောင့်ရှောက်နေကြသည်။ စင်ပေါ် တက်ကာ တရားဟောသူက ဟော၏။ ပြောချင်သူတက်ပြောနိုင်သည်။ ထိုညက ကျောင်းထဲမှာ ကျွန်တော်ညအိပ်ရသည်။ ဝေငှသော မုန့်ဖက်ထုပ်၊ ငှက်ပျောသီးတို့ ဖြင့် ညစာ စားပြီးသွားသည်။ (နောက်နေ့များမှာမှ ထမင်းထုပ် ဝေငှနိုင်ပါသည်။)

ခန်းမတွင်းမှာ တရားဟောသူရှိသည်၊ ခန်းမပြင်ပ (ခြသေ့်ရုပ်ဘေး) မှာလည်း တရားဟောသူရှိသည်။ တရားဟောသူတွေက မပြတ်။ နိုင်ငံရေးတရား ထက် မကျေနပ်ချက်ကို ဖောက်ခွဲဖွင့်ထုတ်ခြင်းဖြစ်သည်။ အရင်က မော်မကြည့်ဝံ့သော အာဏာရှင်အသိုင်းအဝိုင်းကို ကလော်ဆဲသူတွေများသည်။ လက်ခုပ်သံတွေ တဖြောင်းဖြောင်း။

ဘွဲ့နှင်းသဘင်ရှေ့တွင် မီးပုံများစွာ ထွက်ပေါ် လာသည်။ ထင်းရှူးကိုင်းတွေချိုးကာ မီးပုံဖိုကြခြင်းဖြစ်သည်။ လောင်စာအဖြစ်သုံးရန်၊ လာရောက်သူတွေ ကျွတ်ကျန်ခဲ့သည့် ရာဘာဖိနပ်တွေကလည်း အရန်သင့်။ အေးသည့်ဒဏ်နှင့် ခြင်ကိုက်သည့်ဒဏ်ကို မီးပုံနှင့် ခုခံနေရသည်။ မိုးလင်းကာနီးတော့ သစ်ပုတ်ပင်အောက်၊ နှင်းရည်စိုရွှဲနေသည့် မြက်ခင်းပြင်တွင် ကျွန်တော် အိပ်ပျော်၍သွားလေသည်။

(၃)

ယခု . . .

မိတ်ဆွေများလက်ထဲသို့ ရောက်နေသော **ဒေါင်းမိခင်တောင်ပံကျချိန်မို့** ဝတ္ထုရှည်သည်လည်း ရန်ကုန်တက္ကသိုလ်ပုရဝုဏ်အတွင်း ဒီဇင်ဘာ(၅)ရက်မှ (၁၁)ရက်အတွင်း ဖြစ်ပွားခဲ့သည့် **ဦးသန့်အရေးအခင်းရက်သတ္တပတ်** ကို ကိုယ်တွေ့ကြုံသူတစ်ဦးက ဝတ္ထုသဖွယ် မှတ်တမ်းတင်ထားခြင်းဖြစ်ရာ၊ မသိ

မမီလိုက်သူတွေအတွက် မလွဲမသွေ ဖတ်ရှုလေ့လာသင့်သော ဝတ္ထုတစ်ပုဒ်ဟု တိုက်တွန်းအပ်ပါသည်။

ဦးသန့်အရေးအခင်းဖြစ်ပွားခဲ့သည်မှာ အနှစ်(၄၀)နီးပါးပင် ရှိပြီဖြစ်သဖြင့် ဤဝတ္ထုကို သမိုင်းနောက်ခံဝတ္ထုဟူ၍လည်း ဆိုနိုင်သည်။ မြန်မာစာပေလောကတွင် ဖြစ်ရပ်မှန်သမိုင်းနောက်ခံဝတ္ထုများကို တန်ဖိုးထားလေ့ရှိပါသည်။ ဥပမာ ဆရာသိန်းဖေမြင့်၏ **အရှေ့ကနေဝန်းထွက်သည့်ပမာ**၊ ဆရာဒဂုန်တာရာ၏ **တို့ခေတ်ကိုတော့ ရောက်ရမည်မှာမလွဲပါ** စသည့် ဝတ္ထုများ။

မြန်မာပြည်သူများသည် ၁၉၆၂ ကစ၍ အာဏာရှင်အစိုးရကို အခွင့်သာသည်နှင့် ဆန့်ကျင်တွန်းလှန်ခဲ့ကြသည်။ မှိုင်းရာပြည့်၊ အလုပ်သမားအရေးအခင်း၊ အထွေထွေသပိတ် စသည့်အထဲတွင် ယခု ဦးသန့်အရေးအခင်းသည်လည်း အပါအဝင်ဖြစ်သည်။ ယနေ့၌ ဒီမိုကရေစီအသွင် ကူးပြောင်းမှုတွင် **၈၈ အရေးတော်ပုံ** သည် အဓိကအသွင်အဖြစ် ထင်ရှားသော်လည်း ဦးသန့်အရေးအခင်းအပါအဝင်၊ ရှေ့က တော်လှန်ရေးအဆင့်ဆင့်မရှိဘဲနှင့်လည်း ဖြစ်ပေါ်လာရန် ခက်ခဲလှသည်။ ဘာပဲပြောပြော ဖြစ်ရပ်မှန်သမိုင်းနောက်ခံ ဝတ္ထုရှည်များစာရင်းတွင် ဤကဲ့သို့ဝတ္ထုတစ်ပုဒ် တိုးပွားလာရခြင်းကို ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရပေမည်။

■

သစ္စာနီ

## ဒေါင်းမိခင်ရဲ့ ရင်ဖွင့်စကား

သိပ်မကြာသေးခင်ကပဲ ပန်းတနော်ကို ရောက်ခဲ့တယ်။ ပန်းတနော်ဆိုတာ သာမန်မြို့ကလေးအဖြစ်ကနေ 'ဦးသန့်'ကို မွေးဖွားပေးလိုက်တဲ့ ဇာတိအမိမြေအဖြစ် အရှိအသေအလေးအမြတ်ပြုအပ်တဲ့ မြို့ကလေး ဖြစ်လာပါတယ်။ ဦးသန့်ဆိုတာ အားလုံးသိကြတဲ့အတိုင်း မြန်မာ့ဂုဏ်ဆောင် ကမ္ဘာကျော်တဲ့ ငြိမ်းချမ်းရေးဖခင်ကြီး . . .။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ အတွင်းရေးမှူးချုပ်အဖြစ် နှစ်ကြိမ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ . . .။ ကုလသမဂ္ဂမှာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကမ္ဘာ့အရေးအခင်းများကို အဂတိမလိုက်စားဘဲ မှန်မှန်ကန်ကန်ဖြေရှင်းပေးခဲ့သူ၊ နိုင်ငံတကာစစ်မီးလျှံတွေကို ငြိမ်းသတ်ပေးခဲ့သူ၊ တကယ့်ငြိမ်းချမ်းရေးဖခင်ကြီး၊ ဦးသန့်ရဲ့ဂုဏ် ကုန်အောင်ပြောနိုင်မယ်မထင်ပါ။ ဒီနေ့ကုလသမဂ္ဂအတွင်းရေးမှူးကြီး ဘန်ကီမွန်းနဲ့တော့ ကွာပ၊ ဘန်ကီမွန်းတို့များဖိအားတွေ၊ တွန်းအားတွေကြား သံပတ်ပေးထားတဲ့စက်ရုပ်လို ပြောဆိုလှုပ်ရှားနေရတာ။

အမေရိကန်အကြိုက်၊ အီးယူအကြိုက်၊ အိုအိုင်စီအကြိုက် . . . အားကြီးသူတွေအကြိုက် လိုက်ပြီးပြောနေရရှာတယ်။ ကိုယ်ပိုင်အမြင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ရအောင် ဒေသတွင်း ပဋိပက္ခတွေရဲ့ သမိုင်းနောက်ခံဇာစ်မြစ် အကြောင်းရင်းကို လေ့လာထားခြင်းမရှိ။ ဒါကြောင့် မြန်မာပြည်မှာ လတ်တလော ဖြစ်ပေါ်ခဲ့တဲ့ဘာသာရေး၊ လူမျိုးရေးအဓိကရုဏ်းတွေကို သုံးသပ်ပြောဆိုတဲ့အခါ ဘင်္ဂါလီတွေဘက်က ရပ်တည်ပြောဆိုခဲ့တဲ့အတွက် ဘင်္ဂါလီတွေ ကိုရီးယား ခေါ်သွား

လို့ အပြောခံရတယ်။

ဘင်္ဂါလီပြဿနာဟာလည်း မြန်မာပြည်ရဲ့ ဒီမိုကရေစီ အကူးအပြောင်း ကာလကို အခွင့်ကောင်း၊ အခါကောင်းအဖြစ် တွက်ချက်ပြီး ချိန်ကိုက်ဗုံးခွဲ လိုက်ကြတာဖြစ်တယ်။ ဒီမိုကရေစီဦးတည်ချက်ရော၊ အမျိုးသားရေးရပ်တည် ချက်ရော ဟန်ချက်ပျက်ယိုင်နဲ့သွားခဲ့တယ်။ ယိုင်နဲ့သွားရာက ပြိုလဲမသွားအောင် ရှိသမျှအားနဲ့ တောင့်ခံ၊ တင်းခံပြီး ကိုယ့်နိုင်ငံ နောက်တစ်ကြိမ် ကျွန်ပြန်မဖြစ် ရလေအောင် ကြိုးစားရာမှာ **အမျိုးဘာသာသာသနာ** ဆိုတဲ့ လှုပ်ရှားမှုတွေထဲ ကျွန်တော်လည်း ရှေ့တန်းက ပါဝင်ခဲ့ရပြီ။

ကျွန်တော် ပန်းတနော်ကို ရောက်ခဲ့တာ ပန်းတနော်မြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ဖွဲ့ဖို့ ဆရာတော် သံဃာတော် များက ခေါ်ဆောင်လို့၊ ဖိတ်ခေါ်လို့ ရောက်ခဲ့တာပါ။ ပန်းတနော်ကိုရောက်ခဲ့ ခြင်းဟာ တခြားမြို့တွေကို ရောက်ခဲ့ခြင်းထက် ပိုပြီးထူးခြားနေတယ်ဆိုရင် အဲဒီ ထူးခြားမှုဟာ ဦးသန့်ကို မွေးဖွားပေးလိုက်တဲ့မြေ (ဝါ) ငြိမ်းချမ်းရေးအောင်မြေ ဖြစ်နေလို့ပါပဲ။

ပန်းတနော်မြို့ကလေးဟာ ဦးသန့်အတွက် ဂုဏ်ယူနိုးကြားလို့ မဆုံးနိုင်၊ မြို့အဝင်မှာ ဦးသန့်ပြတိုက်လုပ်ဖို့ ပြင်ဆင်နေပြီ။ မြတောင်ကျောင်းတိုက်က ဆရာတော်ဦးကုမာရက ဦးဆောင်နေတယ်။ ဆရာတော့်ကျောင်းမှာလည်း ဦးသန့်ရဲ့ ဓာတ်ပုံကြီးတွေ ချိတ်ထားလို့၊ ဦးသန့်အကြောင်း နံရံကပ်စာစောင်၊ ဦးသန့်အကြောင်းရေးထားတဲ့စာအုပ်များ၊ ဆောင်းပါးမှတ်တမ်းများ၊ ပြီးတော့ ဘုရားခန်းမှာ ဦးသန့်ကိုယ်တစ်ပိုင်းပုံ ကြေးရုပ်ကြီး။

ကျွန်တော် ဘုရားနဲ့သံဃာတော်များကန်တော့ပြီးတော့ ဦးသန့်ကြေးရုပ် ကိုပါ ကန်တော့မိရဲ့။ ဦးသန့်အကြောင်းကနေ ဆက်နွယ်ပြီး အမျိုးဘာသာ သာသနာရဲ့ ကာလသုံးပါးအနေအထား၊ ငြိမ်းချမ်းရေးစကားပြောဖို့ ကျွန်တော်တို့ တိုက်ခဲ့ရတယ်။ စစ်ကိုဖြတ်သန်းပြီးမှ ငြိမ်းချမ်းရေးလမ်းပေါ် ရောက်နိုင်လိမ့် မယ်။ ငြိမ်းချမ်းရေးဆိုတာ လွတ်လပ်ရေးရဲ့ အသီးအပွင့်၊ လွတ်လပ်ရေးကို မကာကွယ်နိုင်ရင်(ဝါ) လွတ်လပ်ရေးဆုံးရှုံးသွားရင် ငြိမ်းချမ်းရေးကိုလည်း တပါ

တည်း ဆုံးရှုံးရတော့မှာပါပဲ။ မလွတ်လပ်၊ မငြိမ်းချမ်းတဲ့ သူ့ကျွန်ဘဝလောက် အောက်တန်းကျတာ ကမ္ဘာလောကမှာ မရှိနိုင်တော့ပါ။

နိုင်ငံများရဲ့ လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ ဦးသန့်ဂုဏ်ကျေးဇူးတွေကို အောက်မေ့လျက်က အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေးကို ပန်းတနော်မှာ ကျွန်တော် ဟောပြောခဲ့ပါတယ်။ ဟောတယ်၊ ပြောတယ်ဆိုတာက ကျွန်တော့်ရဲ့ အဓိကအလုပ်မဟုတ်ပါဘူး။ ကျွန်တော် စာရေးနေတာ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးကို ဟောပြောနေတာပါပဲ။ ဒီနေ့ ဂျာနယ်တွေတစ်ခေတ်ဆန်းချိန်မှာ ဂျာနယ်တွေဟာ ကျွန်တော့်ရဲ့ ဟောပြောပွဲစင်မြင့်တွေပါပဲ။ ဂျာနယ်တွေမှာရေးနေ၊ ပြောနေရင်းကပဲ ကိုယ်တိုင်က ဂျာနယ်အယ်ဒီတာဖြစ်လာပါတော့တယ်။

ဇမ္ဗူဒိပ်ဂျာနယ်၊ သာကီသွေးဂျာနယ်ရယ်နဲ့ အခု **အောင်ဇေယျတု** ဂျာနယ် ဂျာနယ်သုံးစောင်ရဲ့ အယ်ဒီတာချုပ်၊ ဂျာနယ်သုံးစောင်လုံးရဲ့ တစ်ခုတည်းသော ဦးတည်ချက်မှာ **အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေး (ဝါ) လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရေး'** ရေးရ၊ ဖတ်ရ၊ ပြောရ၊ ဆိုရ၊ စီစဉ်ရနဲ့ ကျွန်တော့်ဘဝတစ်သက်တာမှာ အလွန် အလုပ်များတဲ့အချိန်၊ အိပ်ချိန်ရယ်လို့ သီးသန့်မရှိတော့ အလုပ်ထဲမှာပဲ မှေးတယ်ဆိုရုံ၊ ဖျပ်ခနဲ မျက်လုံးအပွင့်မှာ ရေးစရာ၊ ဖတ်စရာတွေက အဆင်သင့် . . .။

ဒီလိုအနေအထားမှာ ဆရာမောင်ပန်းရည်ရဲ့ **ဒေါင်းမိခင်တောင်ပံကျချိန်မို့** စာမူကို (စာရေးသူရဲ့ဆန္ဒအရ) ကျွန်တော်က အမှာစာရေးပေးဖို့ ဆရာမောင်စမ်းအေး(သဲကုန်း)က ဖုန်းဆက်လာပါတယ်။ ဆရာမောင်စမ်းအေးနဲ့ လူချင်းမရင်းနှီးပေမယ့် ဆရာ့ကဗျာတွေဟာ ကျွန်တော့်ဘဝအတွက် စိတ်အာဟာရ ဖြစ်စေခဲ့ဖူးပါတယ်။ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုသကဲ့သို့ တစ်ပုဒ်ဖတ်ဖူး သူ့ကျေးဇူးဟု နှလုံးသွင်းလျက်က တစ်ပုဒ်မက နှစ်သက်ခဲ့သော ဆရာမောင်စမ်းအေးရဲ့ ကဗျာ့ကျေးဇူးကြောင့်ပင် **ဒေါင်းမိခင်**ကို ကျွန်တော် တွေ့ဆုံမိလိုက်ပါတော့တယ်။

ကျွန်တော် အမှာရေးလျှင် အပေါ်ယံမဖြစ်ချင်၊ စာအုပ်ကို သေချာ

မဖတ်ဘဲ ရေးချင်ရာရေးလိုက်သော အမှာစာတွေလည်း ဖတ်ဖူးခဲ့ရပြီ။ မူရင်း စာရေးဆရာနှင့် စာဖတ်ပရိသတ်ကို စော်ကားလိုက်ခြင်းပါပဲ။ ဆရာမောင်ပန်းရည် ရဲ့ ဒေါင်းမိခင်ရှေ့မှာ အမှာစာရေးပေးဖို့ လာပေးထားတဲ့စာအုပ်နှစ်အုပ် ရှိပါ တယ်။ တစ်အုပ်က တစ်လလောက်ကြာသွားတဲ့ထိ အမှာစာမရေးဖြစ်လို့ စာရေး ဆရာက ပြန်လာယူသွားပါတယ်။ အပြန်အလှန် နားလည်မှုရှိတဲ့အတွက် သူလည်း စိတ်မဆိုး၊ ကျွန်တော်လည်း စိတ်မဆိုးပါ။ နောက်တစ်ယောက်ကတော့ သံဃာတော်တစ်ပါးဖြစ်နေလို့ ကျွန်တော့်ဘက်က ပျက်ကွက်ဖို့ ဘယ်လိုမှ မသင့် တော်ပါ။ ဒါနဲ့ ဆရာတော်ရဲ့စာမူကို တစ်ညလုံး မိုးအလင်းဖတ်၊ နောက်တစ်ည မိုးအလင်းထိုင်ရေး၊ သမိုင်းအချက်အလက် မှုကွဲတွေတွေ့လို့ ပြင်နိုင်အောင် မှတ်စုမှတ်ချက်တွေ သီးသန့်ရေးပေးလိုက်ရပါသေးတယ်။

ဆရာမောင်ပန်းရည်ရဲ့ **ဒေါင်းမိခင်** မှာ ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ ကမ္ဘာကျော်တဲ့ ဦးသန့်အရေးအခင်းကြီးအကြောင်း ရသမှတ်တမ်းပုံစံနဲ့ ရေးထား တာပါ။ ကျွန်တော် ရန်ကုန်တက္ကသိုလ်ရောက်ပြီး သိပ်မကြာခင်မှာပဲ ဦးသန့် အရေးအခင်းကို ပါဝင်ဖြတ်သန်းခဲ့ရတာပါ။ ဦးသန့်အရေးအခင်းကြီးဟာ ကျွန်တော်ဖတ်ခဲ့တဲ့ နိုင်ငံရေးစာအုပ်စာပေတွေအများကြီးနဲ့ ဆက်စပ်ပေးလိုက် ပြီး ကျွန်တော့်ကို နိုင်ငံရေးတိုက်ပွဲအကြောင်း သင်ပေးလိုက်ပါတယ်။ ဒါနဲ့ ထုံးစံအတိုင်း ဦးသန့်အရေးအခင်းကို ဖြိုခွင်းပြီး ကျောင်းတွေပိတ်၊ ကျောင်းပြန် ဖွင့်တာနဲ့ ၁၉၇၅၊ ဇွန်လ အလုပ်သမားနှစ်ပတ်လည် အရေးအခင်းကြီးမှာတော့ ကျွန်တော်ဟာ သပိတ်ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့ပါတော့တယ်။

အခု **ဒေါင်းမိခင်** ကိုဖတ်ရတော့ ဦးသန့်အရေးအခင်းကြီးထဲ ပြန်ရောက် သွားသလို ခံစားရပြီး ကျောင်းသားဘဝက မြင်ခွင့်မရလိုက်တဲ့ ဝန်ထမ်းဘဝ တွေရဲ့ အနေအထားကိုပါ စိတ်ဝင်စားဖွယ် ဖတ်ခဲ့ရပါတယ်။ ဆရာမောင်ပန်းရည် က ဦးသန့်အရေးအခင်းကြီးကို ဆောက်လုပ်ရေးဝန်ထမ်းအင်ဂျင်နီယာ (အငယ်တန်း) ကိုဝင်းထိန်ကတစ်ဆင့် ဖော်ပြသွားခဲ့ပါတယ်။

ဦးသန့်အရေးအခင်း ဖြစ်အံ့ဆဲဆဲတွင် ရုံးဝန်ထမ်းများ ပါမသွားအောင် သက်ဆိုင်ရာအရာရှိကြီးများရဲ့ **ဝန်ထမ်းထိန်းနည်း** ကတော့ လေးကောင်ဂျင်

ကစားဝိုင်း လုပ်ပေးခြင်းပါပဲ။ ပြီးတော့ ရုပ်ရှင် (ရွှေမန်းရုံမှာပြနေတဲ့ ဇော်ဝမ်းကား) ပြမယ်ဆိုပြီး ရုံးဝန်ထမ်းတွေကိုသာ အာရုံလွှဲပစ်လိုက်တယ်။

ဝင်းထိန်ကတော့ အမေ့အတွက် ဆေးဝယ်ထွက်မည် အကြောင်းပြပြီး ကျိုက္ကဆံကွင်းကြီးထဲ ရောက်ခဲ့ပါတော့တယ်။ အဲဒီမှာ ဦးသန့်ရှာပန အခမ်းအနား၊ အစီအစဉ် တစ်-နှစ်၊ ပြီးတော့ သုံး။ တက္ကသိုလ်ကျောင်းသား အပေါင်းက နောက်ဆုံးအကြိမ်အဖြစ် ဦးညွှတ်ဂါရဝပြုပြီး မိမိတက္ကသိုလ်အသီးသီးသို့ ငြိမ်းချမ်းစွာ ပြန်ကြရန်ဖြစ်ပါတယ်။

အစီအစဉ်ဆိုတာ အာဏာရှင်အစိုးရရဲ့အစီအစဉ်၊ ဦးသန့် ရုပ်အလောင်းကို ကြံတောသုသာန်ပို့မလို့တဲ့။ အဲဒီမှာ ခွပ်ဒေါင်းအလံလွှင့်ထူထားတဲ့ ဒေါ့ဂျစ်ကားပေါ်က ကျောင်းသားလူငယ်တစ်ယောက်ရဲ့ ဖောက်ခွဲနှိုးဆော်လိုက်တဲ့အသံ၊ အရေးအခင်းကြီးရဲ့အစ၊ ဒီနေရာက စပြီး **ဒေါင်းမိခင်** ဟာ အသက်ဝင်လာပါတော့တယ်။

သွေးစွန်းသော ခွပ်ဒေါင်းအလံ၊ ကျောင်းသားအာဇာနည် သူရဲကောင်းများ အဆက်ဆက် လက်ဆင့်ကမ်းခဲ့သော ခွပ်ဒေါင်းအလံ၊ အဲဒီခွပ်ဒေါင်းအလံအောက်မှာ ကျောင်းသားနဲ့ လူထုသာမက သံဃာတော်များကပါ ပါဝင်ပူးပေါင်းခဲ့ကြပုံတွေ၊ အဲဒီနောက် ဦးသန့်ရဲ့ ရုပ်ကလာပ်ဟာ ကျိုက္ကဆံကွင်းမှ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ . . . ။ ကျောင်းသားတို့ရဲ့ စွမ်းဆောင်ရည်များ၊ လူထုရဲ့ အားပေးထောက်ခံပုံများ . . . ။

ဆရာမောင်ပန်းရည်ရဲ့ ဒေါင်းမိခင်ဟာ စာတစ်မျက်နှာချင်း ဇာတ်ရှိန်တက်လာပါတယ်။ အရေးအခင်းကြီးထဲ ကိုယ်တိုင်ပါဝင်လှုပ်ရှားသွားခဲ့ရ သလိုဖြစ်အောင် ဆွဲခေါ်သွားနိုင်ခဲ့ပါတယ်။ ဦးသန့်နဲ့ ဗိုလ်နေဝင်းအစိုးရရဲ့ နောက်ခံသမိုင်းကြောင်းများကိုလည်း လိုအပ်သလောက် တို့ထိရေးပြသွားခဲ့ပါတယ်။

၁၉၇၄ ခု၊ ဒီဇင်ဘာလ (၇)ရက်၊ ဒီဇင်ဘာလ(၈)ရက် စသည်ဖြင့် ရက်စွဲမှတ်တမ်းဖြင့် သရုပ်ဖော်ရေးချက်တွေကြောင့် ဦးသန့်အရေးအခင်းကြီးဟာ လှုပ်ကြွနေပါတော့တယ်။ ဗိုလ်နေဝင်းရဲ့အမိန့်အာဏာကို တော်လှန်ပြီး ဦးသန့်ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေမှာ ဂူသွင်းနိုင်ခဲ့လို့ ကျောင်းသားတွေကို

ကမာရွတ်အစိုးရ လို့ တင်စားသုံးနှုန်းခဲ့ပုံဟာလည်း ထူးခြားပါတယ်။ ၁၉၇၄ ခု၊ ဒီဇင်ဘာလ ၁၁ ရက်မှာတော့ **"ညက သန်းခေါင်ကျော်လောက်မှာ မိန်းတံခါးကြီးကို ကရိန်းကားနဲ့ ဆောင့်ဆွဲပြီး ဖွင့်လိုက်သတဲ့၊ စစ်တပ်က အထဲဝင်သွားပြီး ကျောင်းသားတွေကို သေနတ်နဲ့ပစ်၊ လှံစွပ်နဲ့ထိုးသတဲ့၊ ဦးသန့်ဂူကို ဘူဒိုဇာနဲ့ ထိုးကော်ယူသွားပြီတဲ့၊ ကျောင်းသားတွေ အများကြီးသေသွားကြပြီတဲ့"**။

အဲဒီနောက်တော့ အရေးအခင်းဖြို့ခွင်းပုံကို အသေးစိတ်ခြယ်မှုန်း ရေးသားထားပါတော့တယ်။ ငြိမ်းချမ်းရေးဖခင်ကြီးဦးသန့်ဟာ ရုပ်ကလာပ်ဘဝ ရောက်တဲ့အထိ ငြိမ်းချမ်းရေးကို ဖျက်ဆီးနေတဲ့ စစ်အာဏာရှင်တွေရဲ့ သဘောသဘာဝကို ပြောပြသွားခဲ့ပါတယ်။ တစ်ဖက်မှာ လွတ်လပ်ငြိမ်းချမ်းချင်တဲ့ ကျောင်းသားသံဃာလူထု၊ တစ်ဖက်မှာ ငြိမ်းချမ်းရေးကို ဖျက်ဆီးနေတဲ့ စစ်အာဏာရှင်လူတစ်စု . . . ။ ဒီတိုက်ပွဲက မပြီးဆုံးသေးပါဘူး။

စစ်အုပ်စုအနေနဲ့ ငြိမ်းချမ်းရေးသမိုင်းကြွေးကို ဘယ်လိုပေးဆပ်မှာလဲ။

ကြွေးဟောင်းမဆပ်တဲ့အပြင်၊ ကြွေးသစ်တင်အောင်လုပ်နေဦးမယ်ဆိုရင်ဖြင့် သမိုင်းမလှတဲ့ အရိုင်းဘဝမှာ လွတ်လပ်ငြိမ်းချမ်းတဲ့ ပန်းတိုင်နဲ့ အဝေးကြီး ဝေးနေလိမ့်ဦးမယ်ဆိုတာ ဆရာမောင်ပန်းရည်ရဲ့ **ဒေါင်းမိခင်** က တဖွဖွ သတိပေးနေသလိုပါပဲ။

■

လေးစားစွာဖြင့်
မောင်သွေးချွန်
၆-၁၂-၂၀၁၃

(၁)

၁၉၇၄ ခု ဒီဇင်ဘာလ (၅) ရက်၊

သည်နှစ်ရန်ကုန်ဆောင်းက အအေးပိုနေသည်။

ကောဇာနှစ်ပြက္ခဒိန်က တန်ဆောင်မုန်းလပင် မကုန်တတ်သေးသော်လည်း ခရစ်နှစ်ပြက္ခဒိန်က ဒီဇင်ဘာလဆန်းသို့ပင်ရောက်နေပြီ။ ရန်ကုန်သစ်နှင့် ငမိုးရိပ်ချောင်းများဆီက ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းဦးလေပြည်များကြောင့် သုဝဏ္ဏမြို့သစ် ဝန်ထမ်းအိမ်ရာစခန်းအား အအေးဓါတ် လွှမ်းမိုးနေချေပြီ။

သည်ကနေ့ရုံးသို့ စောစောရောက်ရန် ဝင်းထိန် ဝါယမစိုက်ခဲ့ ရသည်။ မနက် (၆)နာရီမထိုးမီ အိပ်ရာထခဲ့သည်။ မနက်စောစော အိပ်ရာထနိုင်ရန်အတွက် ညကဖတ်လက်စ **မိုးဝေမဂ္ဂဇင်း** ကို ဇွတ်ဖြတ်ပြီး အိပ်ရာဝင်ခဲ့ရသည်။ ဝင်းထိန် စာဖတ်အလွန်ဝါသနာပါသည်။ ဝတ္ထုမဂ္ဂဇင်းတို့ကို ရတတ်သမျှ ရှာဖွေဖတ်တတ်သည်။

ကတိုက်ကရိုက် မျက်နှာသစ်ရေချိုးကာ အဝတ်စားလဲသည်။ ပြီးတော့ ညကတည်းက အသင့်ပြင်ထားသော ရုံးလက်ဆွဲအိတ်ကိုယူကာ တိုက်ခန်းအပြင်သို့ ထွက်ခဲ့သည်။ တိုက်ခန်းတံခါးကို သော့ခတ်လိုက်သည်။ ဝင်းထိန်က ရေမီးအပြည့်အစုံရှိ သုဝဏ္ဏတိုက်ခန်းတွင် တစ်ကိုယ်ရည်တစ်ကာယ နေထိုင်သူဖြစ်သည်။ ဝင်းထိန် ကျောင်းဆင်းပြီး အလုပ်ထဲရောက်နေသည်မှာ (၃)နှစ်ကျော်နေပြီ။ အကြောင်းမသိသူများက "ဒီကောင် အလုပ်ထဲရောက်တာ (၂)နှစ် (၃) နှစ်ပဲ ရှိသေးတယ်။ တိုက်ခန်းတွေဘာတွေနဲ့ ကြီးပွားနေပြီ"ဟု ပြောနေကြသည်။

တိုက်ခန်းက ကျောင်းနေဘက်သူငယ်ချင်း ကိုစိုးညွန့်၏ဦးလေးဇနီးမောင်နှံတို့၏ တိုက်ခန်းဖြစ်သည်။ ဦးလေးဇနီးမောင်နှံက အလုပ်ဖြင့် နယ်သို့ပြောင်းသွားရ၍ တိုက်ခန်းစောင့်အဖြစ်နေပေးရန် အကူညီတောင်းလာသောကြောင့် သူငယ်ချင်းကျေးဇူးဖြင့် ဝင်းထိန်သုဝဏ္ဏတိုက်ခန်းပေါ်သို့ ရောက်လာခြင်းဖြစ်သည်။ အိမ်လခပေးရန်မလို၊ မီတာခပေးရန်မလို၊ ပရိဘောဂအပြည့်အစုံနှင့် အဆင့်သင့် တက်နေထိုင်ခွင့် ရနေခြင်းဖြစ်သည်။

ကျောင်းလမ်း ဘတ်စ်ကားမှတ်တိုင်သို့အသွား လမ်းထောင့်က ဦးမျိုးဝင်း လက်ဖက်ရည်ဆိုင်ဝင်ကာ လက်ဖက်ရည်တစ်ခွက်၊ ပဲထမင်းကြော်တစ်ပွဲဖြင့် မနက်စာကိစ္စဖြေရှင်းလိုက်သည်။ လက်ဖက်ရည်ဆိုင်ဟုဆိုသော်လည်း တူတူတန်တန် ဆိုင်နှင့်ကနားနှင့် ဖွင့်ထားသည်တော့မဟုတ်။ ဦးမျိုးဝင်းက သူ့တိုက်ခန်းအပေါ်ထပ် ဝရံတာအစွန်းထွက်ကို တာပေါ်လင် မိုးကာဖျင်ဖြင့် အမိုးချကာ အောက်ထပ်မျက်နှာစာတွင် စားပွဲအပု၊ ကုလားထိုင်အပုလေးများဖြင့် အဖြစ်သဘော ဖွင့်ထားသောဆိုင်ဖြစ်သည်။ ဝန်ထမ်းလစာဖြင့် လက်လှမ်း မမီဖြစ်နေသော လူနေမှုစရိတ်အား တစ်ဖက်တစ်လမ်းမှ အမီလိုက်ပေးနေခြင်းဖြစ်သည်။

လက်ဖက်ရည်သောက်ပြီးသည်နှင့် အချိန်ဆွဲမနေအား (၇)နာရီမထိုးခင် ဘတ်စ်ကားရဖို့လိုသည်။ (၇)နာရီကျော်ပါက မှတ်တိုင်တွင် ခရီးသည်များလာပြီး ဘတ်စ်ကားပေါ်သို့ရောက်ရန် မနည်းကြိုးစားရတော့မည်။ ရုံးချိန် နီးလာလေလေ ဘတ်စ်ကားတွေကြပ်လေလေမှာ ထုံးစံပင်ဖြစ်သည်။ ကားပေါ်သို့ တက်ရန်ပင် မဖြစ်နိုင်လောက် အောင်ကြပ်သိပ်လာသည့်အခါမျိုးတွင် မိမိရှေ့သို့ ရောက်လာသော ကားကိုလွှတ်ပေးလိုက်ရသည့်အကြိမ်ပေါင်း မနည်းတော့။ မိမိကအချိန်ပေးနိုင်သည့်အခါမျိုးတွင် ကားကိုဂိတ်ဆုံးသည်အထိပြောင်းပြန်စီးပြီး ဂိတ်ဆုံးရောက်မှ ထိုင်ခုံယူကာမြို့ထဲသို့သွားခဲ့ရသည့် အကြိမ်မျိုးတွေလည်းရှိခဲ့ဖူးသည်။ သည်ကနေ့တော့ ဤသို့လုပ်ရန် အခြေအနေမပေး၊ ရရာဖြင့် မြို့ထဲသို့ ပြေးရတော့မည်။

ဝင်းထိန် ကျောင်းလမ်းမှတ်တိုင်သို့ ရောက်သည်နှင့် ဦးဆုံးဝင်လာသော

ဘတ်စ်ကားကိုမရအရ တက်ခဲ့သည်။ (၁၁)ကားကို ပုသိမ်ညွန့်(၆)လမ်းအထိ စီးခဲ့သည်။ ပုသိမ်ညွန့်(၆)လမ်း မှတ်တိုင်တွင် လင့်စ်ဒေါင်းမှလာသော (၁၆ကား ကိုပြောင်း၍ မြေနီကုန်းလဟာပြင်ညဈေးမှတ်တိုင်အထိ စီးခဲ့သည်။ မြေနီကုန်း လေဟာပြင်ညဈေး မှတ်တိုင်တွင်ဆင်းပြီး လမ်းတစ်ဘက်ရှိ ပိုစတာပန်းခြံကို ဖြတ်ကာ ရတနာပုံရုပ်ရှင်ရုံသို့ ရောက်ခဲ့သည်။ ပြည်လမ်းမကြီးကိုဖြတ်၍ ဝင်ဆာ လမ်းအတိုင်း တစ်ဖာလုံခန့် လျှောက်လိုက်ပါက ဝင်းထိန်တို့ ရုံးသို့ရောက်သည်။

ဝင်းထိန်တို့ရုံးက ဝင်ဆာလမ်း ဘယ်ဘက်တွင် ခြံနှင့်ဝင်းနှင့်ဖြစ်ပြီး ကုက္ကိုပင်အိုကြီးများဖြင့် အုပ်အုပ်နှင့်ဆိုင်းဆိုင်းဖြစ်သည်။ အရိပ်အာဝါသ ကောင်းလှသည်။ ရုံးက ယာယီအဆောက်အဦးသာဖြစ်သည်။ သစ်သား အဖြူ ထည်၊ သစ်သားကြမ်းခင်း၊ ဝါးထရံကာ၊ သွပ်မိုး၊ သစ်သားပြတင်းများနှင့်ဖြစ်သည်။ ဝန်ထမ်းများမှာ ဗိသုကာဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာဒီပလိုမာစသည် တို့ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြသည်။ နိုင်ငံခြားမှ ဘွဲ့လွန်ယူပြီး လာခဲ့သူများရှိသလို ပြည်တွင်းမှာဘွဲ့ယူပြီး ပြည်ပတွင်လေ့လာရေးခရီး ထွက်ခွင့် ရခဲ့သူများလည်းရှိသည်။ ဝင်းထိန် ကိုယ်တိုင်ကတော့ မည်သည့်ဘွဲ့မှ မရ၊ အင်းစိန်ဂျီတီအိုင်မှ ဒီပလိုမာတစ်ခု လက်ကိုင်ပြုပြီး အလုပ်ဝင်ခဲ့ရသူဖြစ်သည်။ ရုံးတွင် ဝင်းထိန်နှင့်ဘဝတူတွေရှိသည်။ ယောကျ်ားလေး (၃)ဦး၊ မိန်းကလေး (၄)ဦး ဖြစ်သည်။

ဝင်းထိန် ရုံးရောက်ချိန်တွင် ကိုဘရင်၊ ကိုတော်မီ၊ ကိုဖေတင့်၊ ကြည်ကြည်စန်း၊ မပြုံးကြည်တို့ ရောက်နှင့်နေကြပြီ။ ဦးစီးအရာရှိများဖြစ်ကြသော ဦးမောင်မောင်ကြည်၊ ဦးစိုင်းမြင့်သန်း၊ ဦးဝင်းအောင်၊ ဦးသန်းထွန်း တို့လည်း ရောက်နေပြီ။ ဤဆရာသမားများက ဌာနမှပေးသောယာဉ်ငယ်များဖြင့် လာကြရ သူများဖြစ်သည်။ မရောက်ကြသေးသူများ အများကြီးရှိနေသေးသည်။ လမ်း လျှောက်လာရုံဖြင့် ရောက်နိုင်သော မြေနီကုန်းက မြသောင်းကဖြင့် ယခုတိုင် မရောက်သေး။

ဝင်းထိန် မိမိစားပွဲတွင်ဝင်ထိုင်လိုက်ပြီး တစ်နေ့တာလုပ်ငန်းအတွက် အခင်းအကျင်းပြင်ဆင်ရသည်။ ဝင်းထိန်စားပွဲက ရိုးရိုးစားပွဲမဟုတ်၊ ပုံဆွဲစားပွဲ

ဖြစ်သည်။ ပုံဆွဲစားပွဲပေါ်တွင် အုပ်ထားသော ဖယောင်းပုဆိုးစားပွဲခင်းကို ဖယ်ရှားလိုက်ပြီး စနစ်တကျခေါက်ကာ စားပွဲအံဆွဲထဲသို့ ထည့်လိုက်သည်။ မနေ့က ဘီဒိုထဲတွင်လိပ်ပြီး သိမ်းထားခဲ့သော ဆွဲလက်စပုံစံလိပ်အားယူကာ စားပွဲပေါ်တွင်ဖြန့်ခင်းလိုက်သည်။ ပုံစံစာရွက်မှာ စားပွဲမျက်နှာပြင် နီးပါးရှိသည်။ စာရွက်ဖိသောဖိတုံးကလေးများဖြင့် ပုံစံစာရွက်ကို ယာယီဖိထားလိုက်သည်။ စားပွဲထိပ်တွင် အသေထိုင်ထားသော တဆစ်ချိုးစက်မောင်းတံဖြင့် လိုသလို ရွှေ့နိုင်သည့် ပလတ်စတစ်ပုံဆွဲ ကျင်တွယ်ကြီးကို ဆွဲယူလိုက်ပြီး ဆွဲလက်စပုံစံနှင့် ကျင်တွယ်ကိုက်ဖြစ်ရန် ချိန်ညှိပေးရသည်။ ကျင်တွယ်ကိုက်ပြီး ပုံစံစာရွက် အနေအထားမှန်ပြီဆိုပါက စာရွက်ထောင့်များကို တိပ်အကြည်ဖြင့်ဖိကပ်ပေး လိုက်ရသည်။ ထို့နောက်စောစောက တင်ထားသော ဖိတုံးကလေးများကို ဖယ်ရှားပေးလိုက်ရသည်။ အလျားလိုက်မျဉ်းဖြောင့်များ ရေးဆွဲနိုင်ရန် စားပွဲ ပေါ်တွင် ပလတ်စတစ်အကြည်ရောင် ပုံဆွဲပေတံကြီးတစ်ချောင်း တပ်ထား သည်။ ပေတံကြီး၏တစ်ဘက်တစ်ချက်စီတွင် သံမဏိဘီးလုံးအသေး (၂)လုံးစီ တပ်ထားပြီး ပုံဆွဲစားပွဲတွင် အထက်အောက်လှုပ်ရှားနိုင်ရန် စားပွဲတစ်ဘက် တစ်ချက်တွင် နိုင်လွန်ကြိုးငယ်များဖြင့်ဆိုင်းပေးထားသည်။ သုံးမြှောင့်ပုံဆွဲ ပေတံ၊ ခဲတံ၊ မှင်တံတို့ကို စားပွဲပေါ်တင်လိုက်ပြီးသည်နှင့် တစ်နေ့တာလုပ်ငန်း စရန် အဆင်သင့် ဖြစ်သွားတော့သည်။

ဝင်းထိန်လက်ရှိရေးဆွဲပေးနေသောပုံမှာ စတင်ဆောက်လုပ်ရန်အတွက် မြေကြီးလုပ်ငန်းများ ပြင်ဆင်နေပြီဖြစ်သော ပြည်လမ်းပြည်သူ့လွှတ်တော် အဆောက်အဦးကြီးတွင်ပါရှိရမည့် ဧည့်ကြိုမုခ်ဦးဆောင်ခန်းမကြီး၏ ဖြတ်ပိုင်း ပုံစံဖြစ်သည်။ သံကူကွန်ကရစ်ရက်မများနှင့် ထုတ်တန်းတို့၏အရွယ်အစားနှင့် အနေအထားကိုပြသော ပုံစံဖြစ်သည်။

ထိုအခိုက် မြသောင်း ရုံးထဲဝင်လာသည်။ ထုံးစံအတိုင်းဆံပင်က ကပိုကရို၊ အကျႌကပွယောင်းယောင်း၊ ကချင်ဘေးလွယ်အိတ်တစ်လုံးလွယ်ပြီး ဝင်လာခြင်းဖြစ်သည်။ ဝင်းထိန်နှင့် သက်တူရွယ်တူ ဘဝတူ ဖြစ်သည်။

" ဟဲ့ - မြသောင်း " ဝင်းထိန်က မိမိစားပွဲကို ဖြတ်လျှောက်သွားမည့်

မြသောင်းအား လေသံဖြင့် ခေါ်လိုက်သည်။ မြသောင်းက လှည့်ကြည့်လိုက်ပြီး ကုလားထိုင်အလွတ်တစ်လုံးဆွဲယူကာ ဝင်းထိန်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဘေးလွယ်အိတ်ကိုဖြုတ်ပြီး ဝင်းထိန်နောက်ကျောက သူ့ပုံဆွဲစားပွဲပေါ်သို့ လှမ်းပစ်တင်လိုက် သည်။

မြသောင်းက မန္တလေးဂျီတီအိုင်မှ ဆင်းလာသူဖြစ်သည်။ မြစ်ကြီးနားသားဖြစ်သည်။ ကချင်မဟုတ်ပါ၊ ဗမာဖြစ်ပါသည်။ သူ့မိဘတွေက ဝန်ထမ်းဘဝနှင့် မြစ်ကြီးနားသို့ရောက်လာပြီး မြစ်ကြီးနားတွင် အခြေချနေထိုင် ဖြစ်သွားတာဟု မြသောင်းပြောပြထား၍ သိခဲ့ရသည်။ ယခုလည်း မြေနီကုန်းက ဦးလေးတစ်ယောက် အိမ်တွင်နေပြီး ရုံးတက်ရုံးဆင်း လုပ်နေသူဖြစ်သည်။

" မြသောင်း - မင်းဘာတွေကြားသေးလဲ၊ မင်းက မြေနီကုန်းမှာ နေတာဆိုတော့ ငါ့ထက်စာရင် သတင်းစုံမှာပါ"

" ကျောင်းသားတွေဒီကနေ့ ကျိုက္ကဆံသွားပြီး ပန်းခွေချ အလေးပြုမယ်ကြားတယ် " မြသောင်းစကားကို ခဏဖြတ်ပြီးမှဆက်ပြောသည်။

" ဈာပနလိုက်ပို့မယ်လို့လဲ ကြားတယ် "

"အဲဒါတော့ ငါလဲကြားတာပေါ့ကွ၊ ငါပြောချင်တာက သဘောထားကြေညာချက်ထုတ်တာတို့ သီးခြားအစီအစဉ်နဲ့ တစ်ခုခုလုပ်မယ်ဆိုတာမျိုးပေါ့၊ နောက်ပြီး ရန်ကုန်ထဲမှာကော ဘာတွေကြားမိသေးလဲ "

"ရန်ကုန်ထဲမှာတော့ မကျေမနပ်နဲ့ လှုပ်စိလှုပ်စိ ဖြစ်နေတယ်လို့ ကြားတယ်။ ဘယ်သူမှတော့ မကျေနပ်နိုင်ကြဘူးပေါ့ကွာ၊ ဒါပေမယ့် ဘယ်သူဘာများကော တတ်နိုင်မှာတဲ့တုံး" မြသောင်းစကားဖြတ်လိုက်ပြီး ရုံးထဲသို့ နောက်ထပ်ဝင်လာသူများဘက်သို့ ကြည့်လိုက်သည်။ နယ်လီဝင်း၊ မယဥ်လှ၊ ကိုဟန်ကြူဆွေ၊ မစောစောမြတ် တို့ဖြစ်ပြီး အင်းစိန်နှင့် သမိုင်းဘက်မှလာသော ဝန်ထမ်းများဖြစ်ကြသည်။

ဝင်းထိန်က တစ်ချက်စဉ်းစားပြီး လေသံဖြင့် ဖြည်းဖြည်းချင်း ပြောလိုက်သည်။

" ကျောင်းသားတွေကော၊ ရန်ကုန်လူထုကော၊ ဒီအတိုင်း ငြိမ်ခံနေ

မှာမဟုတ်ဘူး၊ ဒီကနေ့ တစ်ခုခုတော့ထူးကိုထူးရမယ်လို့ ငါ ပြောရဲတယ်။ နေ့လည်ကျရင် ငါ ကျိုက္ကဆံကွင်းကိုသွားမယ်၊ မင်းကော လိုက်မလား”မြသောင်းကို တစ်ပါတည်းအဖော်ညှိလိုက်ခြင်းဖြစ်သည်။

“ အခြေအနေပေးရင်တော့ ငါလဲလိုက်ချင်တာပေါ့ကွာ ”

မြသောင်း မယုတ်မလွန်ပြောပြီး သူ့စားပွဲဆီသို့ ထသွားသည်။ သည်ကနေ့သည် အများပြည်သူ ဂါရဝပြုကြရန်အတွက် ကျိုက္ကဆံကွင်းတွင်ထားရှိသော ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ရုပ်ကလပ်အားကြိုတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည့်နေ့ဖြစ်သည်။ ဝင်းထိန် သည်ကနေ့ရုံးသို့ စောစော ရောက်အောင်လာခဲ့ရသည့် အကြောင်းရင်းမှာလည်း ဦးသန့်ရျာပနပွဲတွင် ထူးခြားမှုတစ်ခုခုရှိရမည်ဟု တွက်ထား၍ဖြစ်သည်။ ကျိုက္ကဆံကွင်းကိုလည်းသွားမည်ဟု ဆုံးဖြတ်ထား၍ဖြစ်သည်။

× × ×

## (၂)

ကိုတင်မောင်ဆန်း၊ ကြည်မင်း၊ ကိုစိုင်းတင်မြင့်၊ နော်စာမေထောတို့ ထပ်ရောက်လာကြသည်။ ဒေါ်တင်ကြိုင်၊ ဒေါ်ခင်ဆွေယုတို့ရောက်လာပြီးရင်တော့ လူစုံတက်စုံဖြစ်တော့မည်။

ရုံးသို့ရောက်သည်ဆိုသည်နှင့် ကိုယ့်စားပွဲကိုယ်ထိုင်ကာ ပေးထားသော တာဝန်များကို သတ်မှတ်ရက်အတိုင်း ပြီးစီးအောင်လုပ်ပေးကြရသည်သာ ဖြစ်သည်။ ဗိသုကာဆရာသမားများက ရေးဆွဲပေးလိုက်သော စိတ်ကူး စိတ်သန်းပုံစံများကို ဝင်းထိန်တို့ ပုံဆွဲများက လုပ်ငန်းခွင် အင်ဂျင်နီယာများ အသုံးပြုနိုင်သည့် ပုံစံအဆင့်ရောက်အောင် ရေးဆွဲပေးရခြင်းဖြစ်သည်။ ဤသို့ ပြောလိုက်ဆိုလိုက်၊ မေးလိုက်မြန်းလိုက်၊ ပုံဆွဲလိုက်နှင့်ပင် နေ့လည်ထမင်းစားချိန်သို့ ရောက်ခဲ့သည်။

ရုံးခန်းအလယ်တွင် ပုံဆွဲစားပွဲကြီးတစ်လုံးရှိသည်။ ပင်ပေါင်ခုံနီးပါး ကြီးသည်။ တချို့သောပုံစံများက ပန်းချီသဘောသက်ဝင်သော ပုံစံများဖြစ်သည်။

**ပါစပက်တစ်ဖျူ** ဟုခေါ်သော နီးဝေးပုံမှန်မြင်ကွင်းဖြင့် ရေးဆွဲရပါက ရိုးရိုးပုံဆွဲစားပွဲဖြင့် ရေး၍မရတော့။ ဤစားပွဲကြီးနှင့်မှအဆင်ပြေသည်။ **မိုးကုတ်စက်ဝိုင်းမျဉ်း** အတိုင်း စားပွဲကြီးပေါ်တွင် ပင်အပ်များစိုက်၍ နိုင်လွန်ကြိုးငယ်များဖြင့်တန်းကာ မတ်တတ်ရပ်မျဉ်းများ၏ အကွာအဝေးနှင့် ထောင့်ချိုးများ၏ ဒီဂရီကို ရှာဖွေပေးရသည်မှာ ပျော်စရာကောင်းလှသည်။

ယင်းပုံဆွဲစားပွဲကြီးရှိရာသို့ ဦးစီးအရာရှိ ဦးမောင်မောင်ကြည် ရောက်လာခဲ့သည်။ ဦးမောင်မောင်ကြည်နောက်တွင် တပည့်ကျော် ကိုတော်မီ ပါလာသည်။ ကိုတော်မီက သူ့လက်ဆွဲအိတ်ထဲမှ ပစ္စည်းတစ်ခု ထုတ်ယူလိုက်သည်။ ထမင်းစားကြွေပန်းကန်ပြားတစ်ချပ်ဖြစ်သည်။ ဝင်းထိန်တို့အရပ်တွင် **တိုက်ပန်းကန်** ဟုခေါ်သည်။ ယင်းကြွေပန်းကန်ပြားအား ပုံဆွဲစားပွဲကြီးပေါ်တွင် ချခင်းလိုက်သည်။ ပလတ်စတစ် အိတ်ငယ်ကလေးဖြင့် ထုတ်ယူလာသော ဆန်များကို ယင်းကြွေပန်းကန်ထဲသို့ လောင်းထည့်လိုက်သည်။ ကြွေပန်းကန်ထဲသို့ ရောက်သွားသော ဆန်များကို ကိုတော်မီက လက်ဖြင့် အသာအယာညှိပေးနေသည်။ ဆန်များက ပန်းကန်ပြားနှင့် တစ်ဝက်သာသာ ရှိနေသည်။ ကိုတော်မီ လက်ဆွဲအိတ်ထဲမှ နောက်ထပ်ပစ္စည်းတစ်ခု ထပ်ထုတ်လိုက်ပြန်သည်။ ဟင်းထည့်ကြွေပန်းကန်ပြားတစ်ချပ် ပါလာပြန်သည်။ ဝင်းထိန်အပါအဝင် ဝန်ထမ်းအားလုံး ကိုယ့်စားပွဲမှာကိုယ်ထိုင်ရင်း စိတ်ဝင်တစား လှမ်းကြည့်နေကြသည်။ ကိုတော်မီက ယင်းကြွေပန်းကန်ပြားအသေးကို ပန်းကန်ပြားကြီးအထဲမှ ဆန်ပေါ်သို့ တင်လိုက်သည်။ ထို့နောက် ဆန်ထဲသို့နစ်ဝင်စေရန် ကြွေပန်းကန်ပြားအသေးကို ဘယ်ညာလှည့်ပြီး ဖြည်းဖြည်းချင်း ဖိသွင်းလိုက်သည်။ ပြီးမှ ကြွေပန်းကန်ပြားအသေးကို ရေချိန်ညီရန်လက်ဖြင့် ကစားပေးလိုက်သည်။ ဝင်းထိန် စိတ်ဝင်စားလာသည်နှင့် စားပွဲမှထပြီး ကိုတော်မီနား သွားလိုက်သည်။ ဆရာဦးမောင်မောင်ကြည်က သူ့လက်ပွေ့အိတ်ထဲမှ ပစ္စည်းတစ်ခုထုတ်ယူလိုက်သည်။ **ဂျင်သီး** လေးပါလား၊ လေးကောင်ဂျင်ကစားသည့် ဂျင်သီးလေးဖြစ်သည်။ ကိုတော်မီ လက်ထဲတွင်လည်း ယွန်းခွက်ကလေးတစ်ခု ရောက်နေပြန်သည်။ ဂျင်သီးအတွက် အုပ်ဆောင်းအဖြစ် သုံးမည့်ခွက်ကလေးဖြစ်သည်။ ဝင်းထိန်ကဘာမှမမေးဘဲ ကိုတော်မီနား

တွင် ရပ်နေလိုက်သည်။ ဆရာ ဦးတင်မောင်ကြည်က တစ်ရုံးလုံးသို့ ရည်ရွယ်ပြီး အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

" ကဲ . . . ဘယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ . . . ဒီကနေ့တော့ ဒီလိုဘဲ အချိန်ဖြုန်းလိုက်ကြရအောင် . . . တစ်ပွဲကို တစ်ကျပ်ထက် ပို မထိုးကြနဲ့ . . . ဆရာဒိုင်ခံပါ့မယ် . . . "

ဆရာဦးမောင်မောင်ကြည်၏ အပြောကို ကြည်ကြည်စန်း စားပွဲတွင် ဝိုင်းဖွဲ့ထမင်းစားရန် ပြင်ဆင်နေကြသော မပြုံးကြည်၊ နယ်လီဝင်း၊ မယဉ်လှတို့က ပါးစပ်အဟောင်းသားဖြင့် လှမ်းကြည့်နေကြသည်။ ကိုတော်မီက အကောင်လေးကောင်ရုပ်ပုံပါသော ဖဲယောင်းပုဆိုးကားချပ်လေးတစ်ချပ်ကို ကြွေပန်းကန်နားတွင် ချခင်းလိုက်သည်။ကိုဘရင်၊ ကိုဖေတင့်၊ ကိုဟန်ကြူဆွေတို့က စားပွဲကြီးနားကပ်လာကြသည်။

" အတော်ဘဲကွ၊ လခထုတ်ထားတာ ဘာမှမကြာသေးဘူး " ကိုဘရင်က အိတ်ကပ်မှ ပိုက်ဆံနှိုက်ရင်း ပျော်ရိပ်သန်းနေသော မျက်လုံးအစုံဖြင့် ကိုတော်မီဂျင်သီးလှည့်နေရာသို့ကြည့်ကာ ထားဝယ်သံဝဲဝဲဖြင့် ပြောလိုက်သည်။ မြသောင်းက ဝင်းထိန်ကို လှမ်းကြည့်ရင်းမှ မေးငေါ့ပြလိုက်သည်။ ' ဘာတွေဖြစ်နေတာလဲ ' ဟု သဘောပါသည်။ ဝင်းထိန်က မသိမသာခေါင်းခါပြရင်း မြသောင်းစားပွဲဆီသို့ သွားလိုက်သည်။

လေးကောင်ဂျင်ဝိုင်း လုပ်နေသောစားပွဲကြီး၏ မျက်နှာချင်းဆိုင်တွင် နံရံကိုကျောပေးထားသော ဆရာဦးစိုင်းမြင့်သန်း စားပွဲကြီးရှိသည်။ အကြီးစားရုံးစားပွဲကြီးဖြစ်သည်။ ဆရာဦးစိုင်းမြင့်သန်းက သူ့စားပွဲကြီးမှာ ထိုင်နေရင်း လေးကောင်ဂျင်ဝိုင်းကို စိတ်မသက်မသာနှင့် ကြည့်နေရာမှ ပါးစပ်မှ ဆေးတံချွတ်လိုက်ကာ ဝန်ထမ်းတွေ ဘက်လှည့်ပြီးပြောလိုက်သည်။

" ဒီကနေ့-ရွှေမန်းရုံမှာပြနေတဲ့ ' ဇော်ဝမ်း ' ကားကို သွားကြည့်ကြရအောင်၊ ဆရာ အားလုံးအတွက် ဒကာခံပါ့မယ် . . . " ရွှေမန်းရုံတွင်ပြနေသော ' မောင်မောင်လာမယ်ဆိုလို့ ' ဇာတ်ကားကိုရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ဝိုင်းဖွဲ့ထမင်းစားနေကြသော မိန်းကလေးတစ်သိုက်က ရုပ်ရှင်ဆိုသောကြောင့်

လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

" ကဲ- ကြည်ကြည်စန်းက ကြည့်မယ့်မိန်းကလေးတွေ စုလိုက်၊ ကြည်မင်းက ယောကျ်ားလေးတွေစုလိုက်၊ ဆရာတို့ နေ့လည်စာစားပြီး သွားကြရအောင် "

" ဟုတ်ကဲ့ ဘော့စ်. . . ကျွန်မ ကြည့်မယ့်မိန်းကလေးတွေစုပြီး စာရင်းကောက်လိုက်ပါ့မယ် " ကြည်ကြည်စန်းက ရှိုရှိုသေသေပင် လှမ်းပြောလိုက်သည်။

" စာရင်းတွေဘာတွေ လုပ်မနေပါနဲ့ကွာ . . . ဘယ်နှယောက်ရှိသလဲသာပြော. . . ဆရာတို့ ဒီက နာရီဝက်လောက်ကြိုထွက်ကြတာပေါ့. . . ဆရာလည်းကြည့်ပါ့မယ် "

ဝင်းထိန်တို့ရုံးတွင် အထက်လူကြီးအား ဆရာဟုမခေါ်၊ ရာထူးအဆင့်ကိုလိုက်၍ အင်္ဂလိပ်စာလုံး အတိုကောက်ဖြင့်လည်းမခေါ်၊ "ဘော့စ်" ဟုသာခေါ်ကြသည်။ ဝင်းထိန် ဤရုံးသို့ရောက်ခါစက 'ဘော့စ်' ဟု မခေါ်ရဲ။ အရိုသေတန်သည်ဟုထင်သောကြောင့်ဖြစ်သည်။ နောက်တော့လည်း ခေါ်ရဲပြောရဲဖြစ်သွားသည်။

မြသောင်းစားပွဲဆီရောက်တော့ ဝင်းထိန်က လေသံဖြင့်စကားစ လိုက်သည်။

" မနေ့က ရုံးချုပ်က လှမ်းခေါ်လို့ ဆရာသမားတွေ နေ့လည်ခင်းက သွားလိုက်ကြတာ မင်းသိ လိုက်တယ်မဟုတ်လား "

"အေး - သိလိုက်တယ်၊ "ဦးကျော်သန်းလည်းပါသွားတယ်" မြသောင်းကလည်း လေသံဖြင့် ပြန်ဖြေသည်။ ဦးကျော်သန်း၏ မူလရာထူးမှာ " ပုံဆွဲအုပ်" ဖြစ်သည်။ ဝင်းထိန်တို့ မြသောင်းတို့၏ အထက်ကဖြစ်သည်။ သို့သော် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့် ငွေစာရင်းကိစ္စတွေပါ တွဲကိုင်နေရသဖြင့် ရုံးအုပ်ကြီးသဖွယ်ဖြစ်နေသည်။

" ငါထင်တာကတော့ မနေ့က ရုံးချုပ်မှာ အစည်းအဝေးလုပ်ပြီး ဦးစီး (ပ) က သေသေချာချာ မှာလိုက်ပြီနဲ့တူတယ်။ ဒီကနေ့ ဝန်ထမ်းတွေ ကျိုက္ကဆံကွင်းဘက်မသွားရအောင် မရရတဲ့နည်းနဲ့ တားထားရမယ်လို့ " ဝင်းထိန်၏

အပြောကို

" ဖြစ်နိုင်တာပေါ့ကွာ " မြသောင်းက ထောက်ခံချက်ပေးလိုက်သည်။

" ငါတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ သွားမှာဘဲကွာ၊ မင်းကော လိုက်မှာ မဟုတ်လား "

မြသောင်းက ရယ်ကျဲကျဲလုပ်ရင်း

" နယ်လီကော ရုပ်ရှင်သွားကြည့်မယ်နဲ့ တူတယ် "

ဝင်းထိန် သဘောပေါက်လိုက်သည်။ နယ်လီဝင်း ရုပ်ရှင်ကြည့်မည်ဆိုမှ တော့ မြသောင်းဘယ်နေပါ့မလဲ၊ မြသောင်း သည်လိုအကွက်မျိုး ချောင်းနေတာ ကြာလှပေါ့။ ဝင်းထိန်ကိုယ့်စားပွဲကိုယ် ပြန်ထိုင်လိုက်သည်။ လေးကောင်ဂျင်ဝိုင်းမှ ခပ်သောသောရယ်သံများ ထွက်လာသည်။

ဝင်းထိန် စဉ်းစားခန်း ဝင်လိုက်မိသည်။ ဦးစီးအရာရှိတစ်ယောက်က ရုံးပေါ်မှာလေးကောင်ဂျင်ဝိုင်း လုပ်နေသည်။ " ဒီကနေ့ ဒီလိုဘဲ အချိန်ဖြုန်းရအောင် " ဟုဆိုပြီး စည်းရုံးနေသည်။ နောက် ဆရာသမားတစ်ဦးကလည်း "နေ့လည်စာစားပြီးရင် ရုပ်ရှင်သွားကြည့်ရအောင် "ဟု ဆိုနေပြန်သည်။ ရွှေမန်းရုံက ဝင်းထိန်တို့ရုံးနှင့် နီးနီးကလေးပင် ဖြစ်သည်။ ပဒုမ္မာကွင်းကိုဖြတ်လျှောက်လိုက်ရုံဖြင့်ရောက်သည်။ ဦးစိုင်းမြင့်သန်း၏ လင့်ရှိဗာနှင့်ဆိုလျှင် ရွှတ်ခနဲပဲနေမည်။ ဝန်ထမ်းတွေ ဟိုသွားသည်သွား မသွားမရအောင် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် အကွက်ဆင်နေကြခြင်း ဖြစ်သည်။ ဝင်းထိန်တို့ ဤရုံးသို့ရောက်ကတည်းက ရုံးစည်းကမ်း၊ လုပ်ငန်းခွင်စည်းကမ်း၊ ဘဏ္ဍာရေးစည်းကမ်းတို့ကို တဖွဖွ ပြောနေကြသော ဆရာသမားတို့က ရုံးပေါ်သို့ **လေးကောင်ဂျင် နှင့် ဇော်ဝမ်း ကို တင်လာခဲ့ကြပြီ။ ဤသို့လုပ်ရပ် မျိုးကိုလုပ်ဝံ့သည်မှာ ဝန်ကြီး ၏** ညွှန်ကြားချက်မပါဘဲ လုပ်ရဲကြမည်မဟုတ်။ ဝင်းထိန်ကလည်း ဆုံးဖြတ်ချက်ချလိုက်သည်။ မဖြစ်ဖြစ်အောင်သွားမည်ဟု။

ရုံးချိန်အတွင်း ရုံးအပြင်သို့ထွက်မည်ဆိုပါက ခိုင်လုံသောအကြောင်းပြချက်ကို **ဝန်ထမ်း ရုံးချိန်အတွင်း ပြင်ပထွက်ခွာခွင့်မှတ်တမ်း** စာအုပ်တွင် ရေးသွင်းလက်မှတ်ရေးထိုးပြီး ထွက်ခွင့်ရှိသည်။ ဤအခွင့်အရေးကိုသုံးပြီး

ဝင်းထိန် မကြာခဏအပြင်ထွက်ဖူးသည်။ မထွက်ချင်၍လည်းမရပေ၊ နယ်တွင်ရှိနေသော ကျန်းမာရေးမကောင်းသည့် မိခင်နှင့် ဖခင်တို့အတွက် မကြာခဏဆေးထွက်ဝယ်ပေးရသည်။ ဆေးတစ်မျိုးဝယ်ခွင့် ရရေးအတွက် ရန်ကုန် တစ်မြို့လုံးရှိ ' ပြည်သူ့ဆိုင် (ဆေးနှင့်ဆေးပစ္စည်း) ' ဆိုင်များတွင်လှည့်ပြီး လိုက်မေးရသည်။ ၎င်း 'ပြည်သူ့ဆိုင်(ဆေးနှင့်ဆေးပစ္စည်း)' ဆိုင်တွေကလည်း အစိုးရဆိုင်တွေဖြစ်သည့်အတွက် စနေ၊ တနင်္ဂနွေ ပိတ်သည်။ ထို့ကြောင့် ဆေးလိုချင်သူဝန်ထမ်းသည် ရုံးဖွင့်ရက်မှာဘဲ ဆေးထွက်ဝယ်ရသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်ထားသော ၎င်း **ပြည်သူ့ဆိုင် (ဆေးနှင့်ဆေးပစ္စည်း)** ဆိုင်တွေတွင်လည်း စကားကိုချိုချိုသာသာ ပြောတတ်သောဝန်ထမ်းဟူ၍တစ်ယောက်မှ မတွေ့ဖူးခဲ့။ လိုချင်သည့်ဆေးပြောလိုက်သည်နှင့် 'မရှိဘူး' 'မသိဘူး' 'ကုန်ပြီ' ဆိုတာကိုဘဲ ကြားရမည်။ 'ဘယ်ဆိုင်မှာ များရနိုင်မလဲဗျာ' ဟုထပ်မကွန့်လိုက်ပါနှင့်။ "ဒါတော့ ဘယ်သိမလဲဗျ ၊ ကိုယ့်ဘာသာကိုယ် လိုက်မေးကြည့်ပါလား" ဟူသော ငေါက်ငမ်းသံကိုသာ ကြားရမည်။ အကယ်၍ မည်သည့်ဆိုင်ကမှ မရခဲ့ပါက **ရန်ကုန်လေဟာပြင်ဈေး** ကိုသာပြေးပေတော့။ ယင်း 'ဆေးနှင့်ဆေးပစ္စည်း' ဆိုင်များက မှောင်ခိုထုတ်၍ရောင်းထားသော ဆေးများအစုံရှိသည်၊ အကုန်ရှိသည်။ အစိုးရဈေးထက်တော့ အဆမတန်ပို၍ ပေးဝယ်ရမည်။

ဆေးရပြီဆိုလျှင်နယ်က အဖေနှင့် အမေထံသို့ ပို့ပေးရန်မခက်ခဲပါ။ ရန်ကုန်ဘူတာကြီးသို့ **မန္တလေး စာပို့ရထားထွက်ချိန်** ကိုအချိန်မီရောက် အောင်သွားနိုင်ဖို့ပဲလိုသည်။ မန္တလေးစာပို့ရထားတွင် **ကညွတ်ကွင်း** သို့ပြန်မည့် လူကြုံ (၂)ယောက်၊ (၃)ယောက်တော့ အမြဲတန်းရှိသည်။ သူတို့နှင့် လူကြုံ ပေးလိုက်ရုံပါဘဲ၊ ကညွတ်ကွင်းတွင် ဝင်းထိန်၏အဖေနှင့် အမေကို မသိသူမရှိကြ။

ဤနည်းကိုသုံးပြီး ရုံးအပြင်သို့ထွက်မည်ဟု ဆုံးဖြတ်လိုက်သည်။ နေ့လည် (၁၁)နာရီကျော်ပြီ၊ ဝင်းထိန် စားပွဲပေါ်ရှိ ဆွဲလက်စ ပုံစံစာရွက်ကိုဖြုတ်ယူပြီးလိပ်၍ ဘီဒိုထဲထည့်သိမ်းထားလိုက်သည်။ ပုံဆွဲစားပွဲကို ဖယောင်းပုဆိုး စားပွဲခင်းအုပ်ထားခဲ့ပြီး ပုံဆွဲအုပ်ကြီးစားပွဲသို့သွားကာ ပြင်ပထွက်ခွာခွင့်

မှတ်တမ်း စာအုပ်ကို ယူ၍ အကြောင်းပြချက်ကို ရေးသွင်းလိုက်သည်။

"ဝင်းထိန် မင်းအပြင်ထွက်မလို့လား"

"ဟုတ်ကဲ့၊ ကျွန်တော့်အမေအတွက်ဆေးဝယ်ပြီးပို့ပေးရမယ်။ အရေးကြီး နေလို့ပါ" မသွားလျှင် မဖြစ်ကြောင်းသဘောပါသည့် အကြောင်းပြချက်ကို ပုံဆွဲအုပ်ကြီးအား ရှင်းပြရင်း ဝင်းထိန် လက်မှတ်ရေးထိုးကာ မှတ်တမ်းစာအုပ်ကို စားပွဲပေါ် ပြန်တင်ထားလိုက်သည်။ ပုံဆွဲအုပ်ကြီးထံမှ ဘာသံမှမထွက်လာခင် လက်ဆွဲအိတ်ယူပြီး ရုံးထဲမှတစ်ချိုးတည်း ထွက်လာခဲ့သည်။

'လေးကောင်ဂျင်' နှင့် 'ဇော်ဝမ်း' ကို ကျောခိုင်းခဲ့သည်။ လေးကောင်ဂျင်ဝိုင်းမှ ဝါးခနဲ ရယ်လိုက်သံက ဝင်းထိန်၏ နောက်ကျောကို လှမ်းပုတ်လိုက်သကဲ့သို့ ဖြစ်သွားသည်။

ဝင်ဆာလမ်းမှ ထွက်လာပြီးရတနာပုံ ရုပ်ရှင်ရုံအောက်တွင် နေ့လည်စာအဖြစ် ထမင်းသုပ်တစ်ပွဲစားကာ ကျိုက္ကဆံကွင်းကို ဦးတည်လိုက်သည်။

× × ×

## (၃)

ကျောင်းသားနှင့် ပြည်သူလူထုတို့၏ ကြေကွဲဝမ်းနည်းမှုနိဒါန်းအစမှာ ဤသို့ဖြစ်သည်။

၁၉၇၄ ခု နိုဝင်ဘာလ (၂၅)ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်သည် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်သူဦးသန့်၏ ဆန္ဒအရ ကျန်ရစ်သူမိသားစု အစီအစဉ် ဖြင့် နယူးယောက်မြို့မှ လေယာဉ်ဖြင့်သယ်ဆောင်လာခဲ့သော ဦးသန့်ရုပ်ကလပ်သည် ထိုင်းလေဆိပ်မှတဆင့် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ဆိုက်ရောက်လာခဲ့သည်။ မင်္ဂလာဒုံလေဆိပ်တွင် နိုင်ငံတော်အကြီးအကဲထံမှ ကြိုဆိုမည့်သူ တစ်ကောင်တစ်မြီးမှ မရှိခဲ့။ ဦးသန့်ရုပ်ကလပ်ကို လေယာဉ်ပေါ်မှ သယ်ဆောင်ပေးခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင်လူငယ်များသည်ပင်လျှင် ယူနီဖောင်းအပြည့်အစုံမရှိကြဟု သတင်းကြားခဲ့ရသည်။ မိမိ၏ ဆရာသမား အရင်း

အခြာဖြစ်ခဲ့၍ ဦးသန့်ရုပ်ကလပ်အား မင်္ဂလာဒုံလေဆိပ်သို့ သွားရောက်၍ ဂါရဝပြု ကြိုဆိုခဲ့သော ပညာရေးဒု-ဝန်ကြီး ဦးအောင်ထွန်းအား တာဝန်မှရုပ်စဲပစ်သည် ဆိုသည့်သတင်းထွက်လာခဲ့သည်။

ဦးသန့်ရုပ်ကလပ်အား လေဆိပ်မှကျိုက္ကဆံကွင်းသို့ သယ်ဆောင်လာခဲ့ပြီး အများပြည်သူဂါရဝပြုနိုင်ရန်ဟုဆိုကာ ကွင်းလယ်ကောင်တွင်ထားခဲ့သည်။ နောက်ရက်များတွင် ဦးသန့်ရုပ်ကလပ်အား သဂြိုဟ်မည့်သဟင်းနှင့် အစီအစဉ်များ နာရေးကြော်ငြာအဖြစ်နှင့် သတင်းစာများတွင် ပါလာခဲ့သည်။ ဒီဇင်ဘာ (၅)ရက်နေ့တွင် ကျိုက္ကဆံကွင်းမှ ကြံတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်။ ပို့ဆောင်မည့်အစီအစဉ်ကလည်း ကျိုက္ကဆံကွင်းမှ ဦးချစ်မောင်လမ်းအတိုင်း တာမွေအဝိုင်းသို့၊ တာမွေအဝိုင်းမှ ရွှေဂုံတိုင်လမ်းအတိုင်း ကမ္ဘာအေးဘုရားလမ်းဆုံသို့၊ ကမ္ဘာအေးဘုရားလမ်းဆုံမှ ဘောင်ဒရီလမ်းအတိုင်း ဦးဝိစာရလမ်းဆုံသို့၊ ဦးဝိစာရလမ်းဆုံမှ ဦးဝိစာရလမ်းအတိုင်း ဟံသာဝတီအဝိုင်းသို့၊ ဟံသာဝတီအဝိုင်းမှ ကြံတောသုသာန်သို့ ပို့ဆောင်ပြီး ဂူသွင်းနှံ၍ သဂြိုဟ်မည်ဟူ၍ဖြစ်သည်။ သတင်းစာထဲရှာပန အစီအစဉ်ပါပြီးကတည်းက ပြည်သူလူထုမှာ ကြီးစွာသော စိတ်မသက်သာမှုတွေ ဖြစ်ခဲ့ရသည်။ ဦးသန့်လို ပုဂ္ဂိုလ်မျိုးကို ကြံတောသုသာန်တွင် သဂြိုဟ်မည်ဆိုသည်ကို ကြားရသူပြည်သူအပေါင်းက မကျေနပ်ကြ။ တက္ကသိုလ် ကျောင်းသားထုအတွင်းတွင်လည်း မကျေနပ်မှုများ ပေါက်ဖွားနေသည်ဟူ၍ သတင်းများကြားနေရသည်။ ဤသို့ မကျေနပ်မှုများကို ထပ်ဆင့်၍သရဖူဆောင်းပေးလိုက်သည့်သတင်းမှာ ဦးသန့်ကို ဂူသွင်းသဂြိုဟ်ရန်ပေးထားသော နေရာမှာ ဗိုလ်နေဝင်း၏မိန်းမ ဒေါ်ခင်မေသန်းအုတ်ဂူ၏ ခြေရင်းတည့်တည့်မှာဖြစ်သည်ဟူသောသတင်းပင် ဖြစ်သည်။

ဝင်းထိန် မြေနီကုန်းမှ ဘတ်စ်ကားတစ်တန်၊ ခြေလျင်တစ်တန်ဖြင့် ကျိုက္ကဆံကွင်းသို့ရောက်ခဲ့သည်။ နေ့လည် (၁၂)နာရီခန့်ရှိနေပြီ။ ကျိုက္ကဆံကွင်း အနောက်ဘက်တန်းဂိတ်ဝများတွင် ကျောင်းသားများက တက္ကသိုလ်အလိုက် နေရာယူထားကြပြီး ဂိတ်စောင့်လုပ်နေကြသည်။ ကွင်းထဲဝင်မည့် ပရိသတ်များကို တစ်ဦးချင်းမေးမြန်းပြီးမှ ဝင်ခွင့်ပြုနေခြင်းဖြစ်သည်။ ရုတ်တရက် ဝင်းထိန်

သဘောမပေါက်။ နောက်မှသဘောပေါက်လာသည်က ကွင်းထဲတွင် အစီအစဉ် တစ်ခုခုရှိနေ၍ဖြစ်မည်။ ထိုအစီအစဉ်ထဲတွင် ကျောင်းသားနှင့်မသက်ဆိုင် သူများ ရောထွေးမပါလာစေရန် အတွက်ဖြစ်သည်ဟု။

ဝင်းထိန် မတတ်နိုင်တော့၊ စတွေ့သည့် ဂိတ်ဝမှဘဲ ဝင်လိုက်မည်ဟု ဆုံးဖြတ်လိုက်ပြီး **ဆေးတက္ကသိုလ်** ဟု ဆိုင်းဘုတ်ငယ်ကလေးချိတ်ဆွဲထားသော ဂိတ်ဝမှအထဲသို့ ဝင်လိုက်သည်။

"ဒီမှာ-သူငယ်ချင်း၊ သူငယ်ချင်းက ဆေးတက္ကသိုလ်ကမဟုတ်ဘူး" တားမြစ်လိုက်သံ ထွက်လာသည်။ ဝင်းထိန်က တားမြစ်လိုက်သူကို ကြည့်လိုက်တော့ ရှပ်အင်္ကျီအဖြူလက်ရှည်၊ လုံချည်အပြာနုဖြင့် သပ်သပ်ယပ်ယပ် သန့်သန့် ပြန့်ပြန့်လူငယ်တစ်ဦးကိုတွေ့လိုက်သည်။ ဘေးမှာလည်း အဖော်တစ်ဦး ရှိနေသည်။ ဆေးကျောင်းသားတွေဘဲ ဖြစ်လိမ့်မည်။ ဝင်းထိန်၏အင်္ကျီအိတ်ကပ်ထဲတွင် ကတ်ပြား(၂)ခုပါလာသည်။ တစ်ခုက ရုံးမှထုတ်ပေးထားသော **ဝန်ထမ်းကတ်** ဖြစ်ပြီး ကျန်တစ်ခုက လုပ်သားများကောလိပ်မှ ထုတ်ပေးထားသော **ကျောင်းသားကတ်** ဖြစ်သည်။ မိမိကို တစ်မျိုးတစ်မည် ထင်မည်စိုးသောကြောင့်

" ကျွန်တော်က လုပ်သားကောလိပ်ကပါ " ရလိုရငြားပြန်၍ ကွန့်ကြည့်လိုက်သည်။

"သူငယ်ချင်းတို့ လုပ်သားကောလိပ်က ဒီအစီအစဉ်မှာ မပါဘူး၊ အထဲကိုဝင်ချင်တယ်ဆိုရင် ဟိုဘက်မှာ အများပြည်သူဝင်ဖို့ ဂိတ်ပေါက်တစ်ခု ရှိတယ်၊ အဲဒီကပဲဝင်ပါ" ဝင်၍ရမည့် ဂိတ်ဝဘက်သို့ လက်ညိုးညွှန်ပြရင်း ချေချေငံငံဖြင့် ပြန်ပြောသည်။ ဝင်းထိန်ယင်းဂိတ်ဝမှ နောက်ပြန်ဆုတ်ရင်း စဉ်းစားရတော့သည်။ **ဂျီတီအိုင်** ကကော သည်အစီအစဉ်ထဲမှာမပါဘူးလား၊ အကယ်၍ ဂျီတီအိုင်က သည်အစီအစဉ်ထဲမှာပါခဲ့သည်တိုင် အကြောင်းက ထူးမည်မဟုတ်၊ မိမိကျောင်းဆင်းလာသည်မှာ (၄)နှစ်ခန့် ရှိနေပြီ။ လက်ရှိ ဂျီတီအိုင်နောက်ဆုံးနှစ်ကျောင်းသားက ဝင်းထိန် နောက်ဆုံးနှစ် ကျောင်းတက် နေချိန်တွင် ဂျီတီအိုင်သို့ပင် ရောက်မည်မဟုတ်သေး။ စာမေးပွဲတွင် တဖုန်းဖုန်း ကျနေသော ကျောင်းပျော်ကြီးတွေလောက်ဘဲ ဝင်းထိန်ကို မှတ်မိနိုင်မည်။

တကူးတကန့်လုပ်ပြီး ရှင်းပြမနေချင်တော့။ ဤသို့ဆိုလျှင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဂိတ်ပေါက်က ဝင်ကြည့်မည်။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က ကျောင်းသားဦးရေ များသည်။ အဓိကဘာသာရပ်တွေဖြင့် ခွဲခြားထားသဖြင့် ကျောင်းသားချင်း အလွတ်မှတ်မိဖို့မလွယ်။ သူလိုလို ကိုယ်လိုလိုနှင့် အထဲသို့ရောက်သွားနိုင်သည်။ ဝင်းထိန်ကလည်း ကျောင်းသားစိတ်မကုန်သေး၍ ဤလိုပွဲမျိုးကို ကျောင်းသားအဖြစ်နှင့်ဘဲ ဆင်နွှဲလိုက်ချင်သည်။ ဝင်းထိန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဂိတ်ပေါက် ဘက်လျှောက်ခဲ့သည်။

"ဟော့ကောင်၊ ဝင်းထိန်"

"ဝင်းထိန် ဒီကိုလာ" နာမည်တပ်ပြီးခေါ်သံကြားလိုက်၍ အသံလာရာကို လှည့်ကြည့်လိုက်သည်။ ပညာရေးတက္ကသိုလ်ဂိတ်ပေါက်မှ ဖြစ်သည်။ **အေးကြူ** တောကျွဲအင်းသား အေးကြူကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။ ဝင်းထိန်တို့ မြို့နှင့် မြို့ချင်းကပ်လျက်ကဖြစ်သည်။ ကညွတ်ကွင်းကျောင်းမှာ ၉တန်းနှင့် ၁၀တန်း လာတက်သွားဖူးသူဖြစ်သည်။ ဝင်းထိန်ထက် အတန်းငယ်သော်လည်း အသက်ကမတိမ်းမယိမ်း၊ လူကောင်က ထွားသည်။ ဟိုက်စကူးကျောင်းမှာကတည်းက ဝင်းထိန်ကို 'မင်း ' နှင့် 'ငါ ' နှင့်ဘဲပြောသည်။ ယခု ပညာရေးတက္ကသိုလ်တွင် တတိယနှစ်ရောက်နေပြီ။ ဝင်းထိန်နေထိုင်ရာ သုဝဏ္ဏ တိုက်ခန်း သို့ သူငယ်ချင်းများနှင့် လာရောက် လည်ပတ်ဖူးသေးသည်။

" ဝင်းထိန်၊ ငါနဲ့လိုက်ခဲ့ . . . ဒို့ကျောင်းကအဖွဲ့တွေ ကွင်းထဲရောက်နေပြီ " အေးကြူက ဂိတ်ဝသို့ နောက်ပြန်တစ်ချက်ကြည့်ပြီး စကားကိုဆက်သည်။

" ငါတို့ မနက်ကတည်းက ရာဇူးနဲ့ပေါင်းပြီး ဘတ်စ်ကားတွေနဲ့ လာခဲ့တာ၊ မင်းကကော. . . . "

" ငါက တစ်ယောက်တည်းဘဲ၊ ရုံးကလစ်လာတာ၊ ဒီရောက်တော့ **အမ်စီ** က ဝင်ဖို့လုပ်သေးတယ်၊ မရတာနဲ့ ရာဇူးက ဝင်မယ်ဆိုပြီး ရာဇူးဘက် သွားတုန်း မင်းနဲ့တွေ့တာ " ဝင်းထိန်က တိုတိုဘဲရှင်းပြလိုက်သည်။

အေးကြူကောင်းမှုဖြင့် ပညာရေးတက္ကသိုလ်ဂိတ်ပေါက်မှတဆင့် ကျိုက္ကဆံကွင်းထဲသို့ ဝင်းထိန် ရောက်ခဲ့ရသည်။

(၄)

ကျိုက္ကဆံကွင်းဆိုသည်မှာ ကိုလိုနီခေတ်ကတည်းကရှိခဲ့သော မြင်းပြိုင်ကွင်းကြီးဖြစ်သည်။ လွတ်လပ်ရေးရပြီး ဦးနု၏ ပါလီမန်ဒီမိုကရေစီခေတ်တစ်လျှောက်လုံးတွင်လည်း မြင်းပွဲများ ရှိနေခဲ့သေးသည်။ ဗိုလ်နေဝင်း အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီခေတ် အစပိုင်းတွင်လည်း ဆက်လုပ်နေသေးသည်။ နောက်ပိုင်းတွင် ဗိုလ်နေဝင်းအမိန့်ဖြင့် မြင်းပွဲများပိတ်ခဲ့သည်။ ထိုအချိန်က ဝင်းထိန် အလယ်တန်းလောက်ဘဲ ရှိဦးမည်။ ထိုနောက်တော့ ကျိုက္ကဆံကွင်းကြီးသည် အလုပ်သမားနေ့၊ ပြည်ထောင်စုနေ့ အခမ်းအနားများကျင်းပရာနေရာဌာနကြီးဖြစ်ခဲ့တော့သည်။

ဝင်းထိန်နှင့် အေးကြူတို့ အနောက်ဘက်ပွဲကြည့်စင်တန်းဘက် လျှောက်ခဲ့သည်။ ကွင်းထဲတွင်လူထု ပရိသတ်ကြီးမှာ အုံ့မခန်းဖြစ်နေသည်။ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ အနောက်ဘက်ပွဲကြည့်စင်တန်းရှေ့တွင် မော်တော်ကား (၂)စီး ရပ်ထားသည်ကိုတွေ့ရသည်။ အေးကြူက မီးခိုးရောင်တိုယိုအော့စ် ကားအိုလေးကို မေးငေါ့ပြရင်း

"အဲဒါ ဦးသန့်ဈာပနအတွက် ကားတဲ့ကွာ၊ ဈာပနကော်မတီက စီစဉ်ထားတာတဲ့" ဝင်းထိန်ရင်ထဲတွင် ကျင်ခနဲ ဖြစ်သွားသည်။

" ရန်ကုန်ထဲမှာ နိဗ္ဗာန်ယာဉ်တွေ အများကြီးရှိပါတယ်ကွာ၊ အဲဒါတွေဘာလို့မငှားကြတာတဲ့တုံး "

" ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ဘယ်နိဗ္ဗာန်ယာဉ်ကိုမှ ငှားလို့မရဘူးတဲ့မောင်၊ တိုင်းကောင်စီက အုံနာတွေအားလုံးခေါ်ပြီး ပိတ်ထားတယ်တဲ့၊ ဒီကားလေးတောင်မှ သူ့အုံနာက ဈာပနကော်မတီကို တစ်ခါတည်း လှူလိုက်တာတဲ့" အေးကြူ က နောက်တစ်စီးကိုလက်ညှိုးထိုးပြပြီး

" အဲဒါကြီးက ကျောင်းသားတွေ ငှားလာတဲ့ကားတဲ့ "

အီဆူးဇူး ခြောက်ဘီးတပ် (၅)တန်ကားကြီးဖြစ်သည်။ အစိမ်းရင့်ရောင်ဖြစ်သည်။ ကားအခြေအနေ ခပ်လတ်လတ်ထဲကဖြစ်သည်။

" ငါလဲ သိပ်မသိပါဘူးကွာ၊ ဒီကိစ္စတွေကို အီကိုနဲ့ ရာဇူကမောင်တွေဘဲ

စိစဉ်နေကြတာ" အေးကြူက တဆက်တည်းရှင်းပြလိုက်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီး ဦးသန့်သည် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က မိမိရာထူးနှင့် ထိုက်တန်သော ကားကောင်း၊ ကားသန့်များကိုသာ စီးလာခဲ့ရလိမ့်မည်။ အခုလို ကိုယ့်တိုင်းပြည်ကိုယ် ပြန်ရောက်ခါမှ ဘာကြောင့်လူမလေး၊ ခွေးမခန့်ဖြစ်အောင် လုပ်နေကြတာပါလိမ့်။

ဥဒဟိုသွားလာနေကြသော လူအုပ်ကြီးကို စကားတပြောပြောနှင့် ဖြတ်လျှောက်ရင်း အနောက်ဘက် ပွဲကြည့်စင်တန်းအဆုံးကို ရောက်ခဲ့ကြသည်။ ပွဲကြည့်စင်တန်းအဆုံးဘက်တွင် သံဃာတော်များနေရာယူ သီတင်းသုံးနေကြသည်ကို တွေ့ရသည်။ အပါးတစ်ရာကျော်တော့ရှိမည်။ ပွဲကြည့်စင်အဆုံးဘက်ခြမ်းသည် သင်္ကန်းရောင်ဖြင့် ဝါထိန်နေသည်။ သံဃာတော်များကို ဖူးတွေ့လိုက်ရသဖြင့် ဝင်းထိန် အားတက်သလို ဖြစ်သွားသည်။

ရင်းပွဲကြည့်စင်နှင့် ကပ်လျက်တွင် အဆောက်အဦးဟောင်းကြီးတစ်လုံးကိုတွေ့လိုက်သည်။ အလျားပေ (၆၀)၊ အနံပေ (၄၀)ခန့်ရှိပြီး အုတ်နှစ်ထပ်တိုက်ကြီးဖြစ်သည်။ တိုက်ကြီးက ဟောင်းနွမ်းနေပြီ။ ကိုလိုနီခေတ် လက်ရာဖြစ်သည်။ မြင်းပွဲတွေကျင်းပစဉ်က အုပ်ချုပ်ရေးရုံးပဲ လုပ်ခဲ့လေရော့သလား၊ မြင်းစီးဂျော်ကီအတွက် နားနေရာ နေရာဌာနပဲ ဖြစ်ခဲ့လေရော့သလား၊ မြင်းပွဲလက်မှတ်များရောင်းချရာ လက်မှတ်ရုံကြီးပဲ ဖြစ်ခဲ့လေရော့သလား၊ ဝင်းထိန်မရေမရာ တွေးနေမိသည်။ အပေါ်ထပ်ပြတင်းပေါက်ဘောင်ပေါ်တွင် အသံချဲ့စက် လော်စပီကာ တစ်လုံးတပ်ထားသည်။ ပရိသတ်များရှိရာ ကွင်းထဲသို့ လှည့်ထားသည်။ စပီကာမှ ဟောပြောသံများကြားနေရသည်။ အသံက ကျယ်ကျယ်လောင်လောင်ကြီးမဟုတ် အနီးပတ်ဝန်းကျင်မှ ကြားရရုံသာဖြစ်သည်။

ဈာပနကော်မတီက ပြောကြားနေခြင်းဖြစ်သည်။ ဦးသန့်၏ အထုပ္ပတ္တိအကျဉ်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်သက်တမ်း၂ဆက် ထမ်းဆောင်ခဲ့စဉ်က ကမ္ဘာကြီးအား အဏုမြူစစ်ဘေးကြီးမှကင်းလွတ်ရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် အမေရိကန်-ကျူးဘား-ဆိုဗီယက်ရုရှား သုံးပွင့်ဆိုင် အရေးအခင်းနှင့် အာရပ်-အစ္စရေး ပဋိပက္ခ၊ ပါကစ္စတန်-အိန္ဒိယ ပဋိပက္ခ၊ ဆိုက်ပရပ်

ပြဿနာတို့အား မည်ကဲ့သို့ ငြိမ်းချမ်းစွာ ကိုယ်တွယ်ဖြေရှင်းခဲ့သည်ကို အကျဉ်းချုံး၍ ပြောကြားနေခြင်းဖြစ်သည်။ ၁၉၆၅ ခုနှစ် နိုဘယ်ဆုကော်မတီက နိုဘယ်ငြိမ်းချမ်းရေးဆုပေးရန် ကမ်းလှမ်းခဲ့သည်ကို ဦးသန့်ငြင်းပယ်ခဲ့ကြောင်း၊ မိမိယူထားသော ရာထူးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ပေးနေရသည့် ရာထူးဖြစ်ကြောင်း၊ ထို့ကြောင့် နောက်ထပ်တစ်စုံတစ်ရာသော အကျိုးခံစားခွင့် မယူလိုတော့ကြောင်းဖြင့် ငြင်းဆိုခဲ့သည်ဆိုသည်ကို ပြောကြားခဲ့သည်။ ထို့ပြင် -

"အတွင်းရေးမှူးချုပ် ဦးသန့်ဟာ သူ့ဘဝတစ်လျှောက်လုံး ဖတ်ရှုခဲ့တဲ့ စာအုပ်တွေကို မြန်မာပြည်က ကျောင်းသူကျောင်းသားတွေ ဖတ်ရှုနိုင်အောင် လှူဒါန်းခဲ့ပါတယ်။ ဦးသန့်ဟာ ဒီလိုစာအုပ်မျိုးတွေကို ဖတ်ရှုခဲ့ပြီးတော့ ဒီလိုကြီးမားတဲ့ တာဝန်ကြီးတွေကို ထမ်းဆောင်နိုင်ခဲ့တာဖြစ်တဲ့အတွက် သူ့လိုပဲ မြန်မာလူငယ်ကျောင်းသူ ကျောင်းသားတွေကို အတွေးအခေါ် အယူအဆ မြင့်မားတိုးတက်စေချင်လို့ လှူဒါန်းခဲ့တာဖြစ်ပါတယ်၊ အခြေအနေ ပေးတာနဲ့ ဦးသန့်အထိမ်းအမှတ်စာကြည့်တိုက် ထူထောင်ပေးပြီး၊ ဦးသန့်ဆန္ဒအတိုင်း ကျောင်းသူကျောင်းသား လူငယ်တွေဖတ်ရှုနိုင်အောင် စီစဉ်ပေးပါ့မယ် "

ဝင်းထိန် စိတ်ထိခိုက်သွားသည်။ " ဦးသန့်က လူငယ်တွေကို စာဖတ်စေချင်လို့ သူ့စာအုပ်တွေကို လှူဒါန်းခဲ့တယ်ဆိုပါလား။ ဒီမှာတော့ ကျောင်းသားတွေ အပြင်စာဖတ်ဖို့နေနေသာသာ ကျောင်းကပြဋ္ဌာန်းထားတဲ့ ကျောင်းသုံးစာအုပ်တွေတောင် လွယ်လွယ်ကူကူဝယ်လို့ မရတဲ့ဘဝကို ရောက်နေကြပါပေါ့လား။ အပြင်စာအုပ်ဆိုရင် အပိတ်အဆို့အတားအဆီးပေါင်းစုံနဲ့ လုပ်ထားလို့ စာကောင်းပေကောင်း ဖတ်ချင်ရင်လမ်းဘေးပလက်ဖောင်း အဟောင်းဆိုင်မှာ မနဲ ဖြရဲပြီး ရှာနိုင်မှ ဖတ်လို့ရတဲ့ဘဝကို ရောက်နေကြပေါ့လား "

ဝင်းထိန် အတွေးပြတ်သွားသည်။ ဦးသန့် ဈာပနကော်မတီဝင်စာရင်းများဖတ်ပြသွား၍ ဖြစ်သည်။ ဦးသန့်ညီ ဦးခန့် ဉက္ကဋ္ဌအဖြစ်အမှူးပြုသော ဦးသန့် မိသားစုများအဓိကပါဝင်သည့် ကော်မတီတစ်ရပ်ဖြစ်သည်။ ယင်းဈာပနကော်မတီက ဦးသန့်ရုပ်ကလပ်ကို ကြံတောသုသာန်မှာဘဲ ငြိမ်းငြိမ်းချမ်းချမ်း

သကြိုဟ်ကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းပြောကြားသွားခဲ့သည်။

ယင်းနှစ်ထပ်အုတ်တိုက်ကြီး၏ ရှေ့ပေ (၃၀)ခန့်အကွာတွင် ယာယီမဏ္ဍပ်တစ်ခု ထိုးထားသည်။ မဏ္ဍပ်က သားသားနားနားမဟုတ်၊ ဝါးတိုင်ထူပြီး ဝါးတန်းထိုးကာ မော်တော်ကား မိုးကာဖျင် မိုးထားခြင်းဖြစ်သည်။ ရပ်ကွက်ထဲက သာမန်နာရေးမဏ္ဍပ်အဆင့်ဘဲရှိသည်။ မဏ္ဍပ်ထဲတွင် ဆက်တီကုလားထိုင်များ ချပေးထားသည်။ အနောက်တိုင်းဝတ်စုံ ဝတ်ထားသောနိုင်ငံခြားသား ၄-၅ဦးခန့်တွေ့လိုက်ရသည်။ ထိုအချိန်ကျမှ မဏ္ဍပ်ဘေးတွင်ရပ်ထားသော ကုလသမဂ္ဂ တံဆိပ်ပါ မော်တော်ယာဉ်ငယ် (၂)စီးကို သတိထားမိလိုက်သည်။ မဏ္ဍပ်ထဲတွင် ကြက်ခြေနီလူငယ်တချို့ကို တွေ့လိုက်ရသည်။

၎င်းမဏ္ဍပ်ရှေ့တွင် ဦးသန့်ရုပ်ကလပ်ကို ပြင်ဆင်ထားသည်။ ရုပ်ကလပ်ပြင်ဆင်ထားရာနေရာမှာ မဏ္ဍပ်ထက်စာပါက အနိမ့်ပိုင်းတွင်ဖြစ်သည်။ ပေ (၃၀)ပတ်လည်ခန့်ရှိ လေးထောင့်စပ်စပ်အကျယ်အဝန်းကို (၅)ပေခန့်မြင့်သော သံပန်းဝင်းထရံဖြင့် သုံးဘက်သုံးတန် ကာရံထားသည်။ မဏ္ဍပ်ရှိရာ မျက်နှာစာဘက်တွင် အကာအရံမရှိပါ။ ယင်းသံပန်းဝင်းထရံသည် (၉)လက်မထူ၍ (၉)လက်မခန့်မြင့်သော ပန်းရံစီအုတ်ရိုးနှင့် အုတ်ဖိနပ်ပေါ်တွင် စိုက်ထူထားသော ခြံစည်းရိုးဖြစ်သည်။ ကိုလိုနီခေတ်ကလက်ရာဖြစ်သည်။ ဟောင်းနွမ်းနေလေပြီ။ မြင်းပွဲများရှိစဉ်ကာလက ပြိုင်ပွဲဝင်မြင်းများကို တာလွှတ်ရာနေရာများဖြစ်လေမလား။ မြင်းပွဲ ကြီးကြပ်ဒိုင်များအတွက် လုပ်ပေးထားသောနေရာများဖြစ်လေမလား။ ဝင်းထိန် ဝိုးတဝါး တွေးနေမိသည်။

သုံးဘက်သုံးတန်ကာရံထားသော သံပန်း ဝင်းထရံအတွင်းအလယ်တွင် သစ်သားစားပွဲခုံများကိုဆက်ပြီး ဦးသန့်ရုပ်ကလပ် ခေါင်းတလားကြီးကို တင်ထားသည်။ တောင်ဘက်ကို ခေါင်းပြုထားသည်။ ခေါင်းရင်းတွင် ဦးသန့် ဓါတ်ပုံ ထောင်ထားသည်။ ခေါင်းတလားကြီးကို မိုးပြာရောင် ကုလသမဂ္ဂအလံဖြင့် လွှမ်းခြုံထားသည်။ အဖြူရောင် ဇာပန်းထိုးဖျင်စများဖြင့် ချိတ်ဆင်ထားသည်။ အဖြစ်သဘောမျိုး စီစဉ်ထားခြင်းသာဖြစ်သည်။ ရပ်ကွက်ထဲမှ သာမန်လူတစ်ယောက်ထက် ဘာမှမပိုပါ။ ပိုတာဆို၍ မိုးပြာရောင် ကမ္ဘာ့ကုလသမဂ္ဂ

အလုံကြီးဘဲရှိသည်။

ဗျာပနအခမ်းအနား စတင်တော့မည်ဖြစ်ကြောင်း ကော်မတီမှ ကြေညာသံထွက်လာသည်။

" ကဲ - ငါတို့ ကျောင်းက နေရာယူထားတဲ့ဆီသွားပြီး တန်းစီလိုက်ကြရအောင် " အေးကြူ ဆော်သြလိုက်သဖြင့် နှစ်ယောက်သား ကျောင်းသားများ နေရာယူထားရာ သံပန်းဝင်းထရံ ရှေ့ဘက်သို့လျှောက်သွား ကြသည်။ ကျောင်းသူကျောင်းသားများက ရုပ်ကလပ်ရှိရာဘက်သို့ မျက်နှာမူပြီး လေးယောက်တစ်တွဲဖြင့် အတန်းလိုက်နေရာ ယူထားကြသည်။ ယောကျ်ားလေးတွေက တစ်တန်း၊ မိန်းကလေးတွေကတစ်တန်းဖြစ်သည်။ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ တိ-မွေး-ကု တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၊ နိုင်ငံခြားဘာသာသင်တက္ကသိုလ် စသည်ဖြင့် နေရာယူထားကြသည်။ ကျောင်းသားများ၏ဘယ်ဘက်၊ ဦးသန့် ရုပ်ကလပ်၏ တောင်ဘက်တွင် အများပြည်သူလူထု ပရိသတ်က နေရာယူထားသည်။ အတန်းလိုက်မဟုတ်ပါ၊ အတွဲလိုက်မဟုတ်ပါ၊ မိမိတို့အဆင်ပြေသလို ဦးသန့် ရုပ်ကလပ်အား မျက်နှာမူ၍ ရပ်နေကြခြင်းဖြစ်သည်။ ကျောင်းသားနှင့် လူထုပေါင်းလိုက်ပါက ပရိသတ်သိန်းနှင့်ချီပြီးရှိနေပြီ။ ပန်းတနော်ဘက်မှ ရေကြောင်းခရီးဖြင့်လာသော ပရိသတ်သည်ပင်လျှင် ထောင်နှင့်ချီရှိသည်ဟုကြားလိုက်ရသည်။ ကျောင်းသားများ၏ ညာဘက်၊ ဦးသန့် ရုပ်ကလပ်၏ မြောက်ဘက်တွင်ဘာမှမရှိပါ၊ ကွပ်လပ်ကြီးဘဲ ဖြစ်နေသည်။

ဝင်းထိန်နှင့် အေးကြူက အခြားသော ကျောင်းသားနှစ်ယောက်နှင့် ပေါင်းပြီး လေးယောက်တစ်တွဲလုပ်ကာ အတန်းထဲတွင် နေရာဝင်ယူလိုက်သည်။ ဘေးဘက်အတန်းကကျောင်းသူများ အတန်းဖြစ်သည်။ ကျောင်းသူများအတန်းထဲတွင် မျှော်လင့်မထားသော **ခင်စန်းနွဲ့** ကို တွေ့လိုက်သည်။ ခင်စန်းနွဲ့ကလည်း ဝင်းထိန်ကို တွေ့လိုက်သည်။

ခင်စန်းနွဲ့က ဝင်းထိန်နှင့် တစ်မြို့တည်းကဖြစ်သည်။ ကညွတ်ကွင်းမှ (၁၀)တန်းအောင်ပြီး ပညာရေးတက္ကသိုလ် ပထမနှစ်တွင် စတင် တက်နေသူ

ဖြစ်သည်။ သတင်းအဖြစ် ကြားခဲ့ပြီးဖြစ်သော်လည်း လူချင်းတစ်ခါမှ မဆုံဖြစ်ခဲ့ကြ။ ခင်စန်းနွဲ့က ဝင်းထိန်ထက် (၅)တန်းခန့်ငယ်သည်။ အသားလတ်လတ်၊ အရပ်အမောင်း မနိမ့်မမြင့်၊ နှာတံစင်း၍ မျက်ခုံးမျက်လုံးကောင်းသူဖြစ်သည်။ အလှမှာ ပဂေးဟု မဆိုနိုင်သော်လည်း မိန်းမချောစာရင်းဝင်မည့်သူ ဖြစ်သည်။ ဟိုက်စကူးတုန်းက ညီမသဖွယ်ခင်မင်ခဲ့ပြီး မိဘချင်းကလည်းရင်းနှီးကြသည်။

" ကိုဝင်းထိန်၊ ဘယ်လိုလုပ်ပြီး ဒီထဲရောက်နေတာလဲ ဟင် " ခင်စန်းနွဲ့က အံ့ဩသံဖြင့်မေးလိုက်သည်။

"မိဂ္ဂက်" ဝင်းထိန်ပါးစပ်က ခင်စန်းနွဲ့ အိမ်နာမည် ထွက်သွားလုမတတ်ဖြစ်သွား၍ မနည်းဘရိတ်အုပ် လိုက်ရသည်။

" ခင်စန်းနွဲ့- ငါလဲ ဦးသန့်လိုက်ပို့ချင်တာနဲ့ ရုံးကထွက်လာခဲ့တာ၊ ဒီရောက်တော့ အေးကြူနဲ့ တွေ့တာနဲ့ ဒီထဲကို ရောက်လာတာ " ဝင်းထိန်အတိုချုံးဘဲ ရှင်းပြလိုက်သည်။

"ကိုဝင်းထိန်- ဘာသံတွေကြားသေးသလဲဟင်၊ အဖမ်းအဆီးတွေကော ရှိအုံးမှာလား" လေသံဖြင့် မေးသော်လည်း စိုးရိမ်စိတ်များ ရှိနေကြောင်းတော့ သိသာနေသည်။

" ထွေထွေထူးထူး မကြားမိပါဘူး၊ ကြံတောမှာမြှုပ်မှာဆိုတော့ မြို့ထဲမှာ မကျေမနပ်ဖြစ်နေကြတာတွေ ရှိတာပေါ့လေ။ ဒါပေမယ့် ဘာလုပ်မယ်၊ ညာလုပ်မယ် ဆိုတာမျိုးတော့ မကြားမိပါဘူး" ဝင်းထိန်က ပရိသတ်အသံကိုကျော်ရုံအသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ဝင်းထိန် ပါးစပ်က အားပေးစကားပြောလိုက်သော်လည်း မျက်လုံးက မြောက်ဘက်အုတ်တံတိုင်းဘက်သို့ ရောက်နေသည်။ တစ်ခုခုဖြစ်၍ ရဲတရက်ဝင်လာမည်ဆိုလျှင် အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်များဆီက ဝင်၍မကောင်း၊ လူမြင်သည်။ ဝင်ချင်းဝင် မြောက်ဘက်ကဘဲ ဝင်မည်ဟု ဝင်းထိန်က တွက်ထားသည်။ တစ်ခုခုဖြစ်လျှင် မြောက်ဘက်အုတ်တံတိုင်းအား လှွားခနဲကျော်ဝင်လာ၍ ပစ်လား ခတ်လား၊ ဖမ်းလားဆီးလား လုပ်လေမလားဟု ဝင်းထိန် ကြံဖန်တွေးထားသည်။ ရုပ်ကလပ်ပေါ်တွင်လွှမ်းထားသော ကုလသမဂ္ဂအလံနှင့် ဦးသန့်၏ဂုဏ်ဒြပ်ကိုထောက်၍ ဤမျှ ယုတ်ယုတ်

မာမာတော့ မလုပ်လောက်ဟု ကိုယ့်ဘာသာကိုယ် နှစ်သိမ့်ထားလိုက်သည်။

မြောက်ဘက်အုတ်တံတိုင်းကြီးကို ကြည့်နေရာမှ ကျောင်းသားထု၏ နောက်ကျောဘက်ဆီသို့ အကြည့်ရောက်သွားသည်။ ဝင်းထိန်တို့ တန်းစီနေရာ ယူထားသော ကျောင်းသားထု နောက်ကျောဘက်မလှမ်းမကမ်းနေရာတွင် ဒေါ့ဂျစ်ကားတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရသည်။ ကားကခပ်စုတ်စုတ် ဖြစ်သည်။ ဤကဲ့သို့ကားမျိုးကို ရန်ကုန်ဆိပ်ကမ်း ကီလီဈေးဘက်တွင် တွေ့မြင်နေကျဖြစ်သည်။ ကုန်စိမ်း၊ သားစိမ်း၊ ငါးစိမ်းတို့ သယ်ပေးနေသော ကားမျိုး ဖြစ်သည်။ အင်းစိန်၊ ဒညင်းကုန်း ဘတ်စ်ကားလိုင်းတွင်လည်း ဤသို့ကားမျိုး တွေရှိသည်။

" အေးကြူ . . . အဲဒါဘယ်က ကားလဲကွာ "

" ငါလဲမသိဘူးကွ၊ ငါတို့ကျောင်းကထွက်လာတုန်းက အဲဒီကားမတွေ့ မိပါဘူး "

" ဒါဖြင့် ငါသွားကြည့်လိုက်အုံးမယ် " ဝင်းထိန်က ပြောပြောဆိုဆိုနှင့် အတန်းထဲမှထွက်သွားသည်။

ဒေါ့ဂျစ်ကားက ကျောင်းသားထုတန်းစီနေရာယူထားသည့် နောက်ကျော တွင် ရပ်ထားခြင်းဖြစ်သည်။ ဝင်းထိန် ကားနားရောက်တော့ ခဏရပ်ပြီးစူးစမ်း လိုက်သည်။ ကား၏ညာဘက် မြေကြီးပေါ်တွင် ကျောင်းသား ၄-၅ယောက် ထိုင်နေကြသည်။ ကားထဲတွင်တစ်ယောက်မျှမရှိ။ ကားခေါင်မိုးဘယ်ဘက်တွင် အသံချဲ့စက် လော်စပီကာအော်လံကြီးတစ်ခု တပ်ထားသည်။ ဝင်းထိန် ကား နောက်ကျောဘက်သို့ လျှောက်သွားလိုက်သည်။ ကားထဲတွင် ထူးထူးဆန်းဆန်း များကိုတွေ့ရသည်။ အလျှုအိမ်များတွင် ထမင်းချက်သည့် ဒန်အိုးအကြီးစား တစ်လုံးကို ရေအပြည့်နှင့်တွေ့ရသည်။ ရေများမှာရေကြည်ရေသန့်များ ဖြစ်နေ၍ သောက်ရေဘဲဟု နားလည်လိုက်သည်။ ဒန်အိုးကြီးကို အဖုံးဖုံးမထား။ ဒန်အိုး ကြီး၏အပေါ်တည့်တည့် ဒေါ့ဂျစ်ကားခေါင်မိုးမျက်နှာကြက်တွင် ဖီးကြမ်း ငှက်ပျောခိုင် (၂)ခိုင် အား တွဲလောင်းချိတ်ဆွဲထားသည်။ ငှက်ပျောသီးတွေက ဝင်းမှည့်နေသည်။

သောက်ရေက ကျောင်းသားထုအတွက်မဖြစ်နိုင်၊ ကျောင်းသားထုနှင့်ဆို မလောက်မငဖြစ်မည်။ ထိုနည်းတူ ငှက်ပျောသီးကလည်းကျောင်းသားထုအတွက်မဖြစ်နိုင်၊ ကျောင်းသားထုနှင့်ဆို လောက်ငမည်မဟုတ်။ ဤသို့ဆိုလျှင် ဘယ်သူတွေက ဘာကြောင့် ကျိုက္ကဆံကွင်းထဲ ရေနှင့်ငှက်ပျောသီးကို ယူလာခဲ့ကြတာပါလိမ့်။ အေးကြူကို ပြန်မေးရမည်ဟုတွေးလျက် အတန်းထဲသို့ပြန်ဝင်လာခဲ့သည်။

အတန်းထဲသို့ပြန်ရောက်လျှင် အေးကြူကိုမေးလိုက်ချိန်ပင်မရလိုက်။ ဗျာပနကော်မတီမှ ကြေညာချက် တစ်ရပ်ထုတ်ပြန်လိုက်သည်။ ဦးသန့်ဈာပနအားကြံတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရေးအစီအစဉ် စတင်တော့မည်ဖြစ်သဖြင့် ကျောင်းသားကျောင်းသူများ တက္ကသိုလ်အလိုက်နေရာယူပေးကြရန် ပန်ကြားလိုက်ခြင်းဖြစ်သည်။ ဆောင်ရွက်မည့်အခမ်းအနား အစီအစဉ်များကိုလည်းဖတ်ပြသည်။

" အစီအစဉ် . . . တစ် . . . ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များက . . . မိမိတက္ကသိုလ်အလိုက်. . . လွမ်းသူ့ပန်းခွေများချပါ့မယ် . . . "

" အစီအစဉ်. . . နှစ်. . . တက္ကသိုလ်ကျောင်းသားကျောင်းသူ အပေါင်းက. . . ကွယ်လွန်သူ . . . ကမ္ဘာ့ကုလသမဂ္ဂ . . . အတွင်းရေးမှူးချုပ် . . . ဦးသန့်အား. . . နောက်ဆုံးအကြိမ်အဖြစ်. . . ဦးညွတ်ဂါရဝပြုကြပါမယ် . . . "

" အစီအစဉ် . . . သုံး . . . တက္ကသိုလ်ကျောင်းသားကျောင်းသူအပေါင်းက . . . နောက်ဆုံးအကြိမ်အဖြစ် ဦးညွတ်ဂါရဝပြုပြီး ဖြစ်သဖြင့်မိမိတက္ကသိုလ်အသီးသီးသို့ ငြိမ်းချမ်းစွာ. . . ပြန်ကြရန်ဖြစ်ပါတယ် . . . "

ကျောင်းသားထုအတွင်းမှ တွတ်ထိုးသံများထွက်လာသည်။ ဈာပနကော်မတီ၏ အစီအစဉ်အရဆိုလျှင် ကျောင်းသားကျောင်းသူများ ကြံတောသုသာန်သို့ လိုက်ပို့ရန်မလိုတော့။

" အစီအစဉ် . . . လေး . . .

နောက်ကြေညာသံများကို ဝင်းထိန်မကြားတော့။ ကျောင်းသားများ၏ မကျေနပ်သံက လွှမ်းသွားပြီ ဖြစ်သည်။ အေးကြူက အတန်းထဲကထွက်သွား

သည်။ သူငယ်ချင်းတွေဆီလိုက်ပြီး စနည်းနာဦးမည်ဟုဆိုသွားသည်။ ဝင်းထိန်ဘက်သို့ လှမ်းကြည့်နေသော ခင်စန်းနွဲ့ကို တွေ့လိုက်သည်။ "ဘာလုပ်ကြမလဲ" ဟု မေးချင်နေသော မျက်လုံးအစုံကို မြင်လိုက်ရသည်။ စကားပြောရပ်သွားသော ဈာပနကော်မတီထံမှ အသံပြန်ထွက်လာပြန်သည်။

" အခမ်းအနားအစီအစဉ် . . . စတင်ပါတော့မည်ခင်ဗျား . . . "

" အစီအစဉ် တစ်အရ . . . ကျောင်းသားကျောင်းသူကိုယ်စားလှယ်များက . . . တက္ကသိုလ်တစ်ခုချင်း စီအလိုက် လွှမ်းသူ့ပန်းခွေချကြမှာဖြစ်တဲ့အတွက် . . . တက္ကသိုလ်တစ်ခုချင်းစီကိုဖိတ်ခေါ်သွားပါ့မယ်. . . "

" နံပါတ်တစ် . . . ဆေးတက္ကသိုလ် . . . တစ် . . . "

ဆေးတက္ကသိုလ်(၁)မှ ကျောင်းသား (၂)ဦး၊ ကျောင်းသူ (၂)ဦးသည် လွှမ်းသူ့ပန်းခွေကြီးအား တစ်ဘက် တစ်ချက်စီမှ ကိုင်ပြီး ဦးသန့်ရုပ်ကလပ်ကို ကာရံထားသည့်သံပန်းဝင်းထရံဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက် သွားကြသည်။ သံပန်းဝင်းထရံ အနားရောက်တွင် (၄)ဦးလုံး ဦးညွှတ်လိုက်ကြသည်။ ပြီးတော့ ပန်းခွေကြီးကို သံပန်း ဝင်းထရံတွင်မှီ၍ ထောင်ထားလိုက်ကြသည်။ ထို့နောက် (၄)ဦးလုံးနောက်သို့ ခြေလှမ်းညီညီဆုတ်လိုက်ကာ နောက်တစ်ကြိမ် ဦးညွှတ်လိုက်ကြသည်။ ပြီးမှ တပြိုင်နက် နောက်လှည့်၍ အတန်းထဲသို့ပြန်ဝင်ပြီး နေရာယူလိုက်ကြသည်။

" နံပါတ်နှစ် . . . ဆေးတက္ကသိုလ် . . . နှစ် . . .

ကျောင်းသားထုအားလုံးငြိမ်သက်နေကြသည်။ လူထုပရိသတ်ကြီးထံမှလည်း ဘာသံမှထွက်မလာခဲ့။ ပကတိငြိမ်နေကြသည်။ အေးကြူလည်း ဝင်းထိန်ဘေးနားပြန်ရောက်လာသည်။

ဆေးတက္ကသိုလ် (၂)ကလည်း ဆေးတက္ကသိုလ်(၁)နည်းတူ ပန်းခွေချလိုက်ကြသည်။ ဆေးတက္ကသိုလ်(၂) မှ ကိုယ်စားလှယ်ကျောင်းသားများ အတန်းထဲသို့ ပြန်လည်နေရာယူပြီးချိန်တွင်

" နံပါတ် . . . သုံး . . . စက်မှုတက္ကသိုလ် . . . "

စက်မှုတက္ကသိုလ်ကျောင်းသူကျောင်းသား ကိုယ်စားလှယ်များကလည်း

မိမိတို့ရွေးကတက္ကသိုလ်များနည်းတူ ပန်းခွေချပြီး အတန်းထဲသို့ပြန်လည်ဝင်ရောက်နေရာယူလိုက်ကြသည်။

" နံပါတ် . . . လေး . . . တိမ္မွေးကုတက္ကသိုလ် . . . "

. . . . . . . . . . . . . . . . . . . . . . . . . . . . .

နံပါတ် . . . ငါး . . . ပညာရေးတက္ကသိုလ် . . . "

. . . . . . . . . . . . . . . . . . . . . . . . . . . . .

နံပါတ်. . . ခြောက် . . . စီးပွားရေးတက္ကသိုလ်. . . "

. . . . . . . . . . . . . . . . . . . . . . . . . . . . .

နံပါတ်ခုနှစ်. . . ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်. . . "

. . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဤသို့ဖြင့် တက္ကသိုလ်များအားလုံးကို ဈာပနကော်မတီမှ ခေါ်ယူပြီး ပန်းခွေချသည့် အစီအစဉ်မှာလည်း ပြီးဆုံးသွားခဲ့သည်။

" အစီအစဉ် . . . တစ် . . . ပြီးဆုံးသွားပြီဖြစ်ပါသဖြင့် အစီအစဉ်နှစ် အရ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်အား နောက်ဆုံးအကြိမ်အဖြစ် ဦးညွတ်ဂါရဝပြုကြရန် ဖြစ်ပါတယ် . . . "

ကျောင်းသားထုရော ပရိသတ်ကြီးပါပြန်၍ ငြိမ်သက်သွားကြသည်။ ဂါရဝပြုရန် အမိန့်သံထွက်ပေါ်လာသည်နှင့် အားလုံးတညီတညွတ်တည်း အလေးပြုလိုက်ကြသည်။ တစ်မိနစ်ခန့်အကြာတွင် " နေမြဲ " အသံထွက်လာသည်။

" အစီအစဉ် နှစ် . . . ပြီးဆုံးသွားပြီဖြစ်ပါသဖြင့် အစီအစဉ်သုံးကို စတင်ပါတော့မယ် " ဝင်းထိန်တို့ နောက်ကျောဘက်မှ အသံဗလံတချို့ ထွက်လာသည်။ လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကိုလည်း ကြားသိနေလိုက်သည်။

" အစီအစဉ် သုံးအရ . . . ကျောင်းသူကျောင်းသားအပေါင်းတို့ဟာ မိမိတက္ကသိုလ်အသီးသီးကို ပြန်ကြဖို့ဖြစ်ပါတယ် . . . " အစီအစဉ်ကြေညာသူက အသံကိုမြှင့်လိုက်သည်။

" တက္ကသိုလ်ကျောင်းသူ. . . ကျောင်းသားအပေါင်းတို့ခင်ဗျား. . . မိမိတက္ကသိုလ်. . . အသီးသီးကို. . . ပြန်နိုင်ကြပြီဖြစ်ကြောင်း . . . ကြေညာအပ်ပါတယ် . . . ခင်ဗျား . . . "

ကျောင်းသားထုထဲမှ တဝေါဝေါဖြင့် စကားသံများ လျှံကျလာသည်။ ပြန်ကြမည့်အရိပ်အယောင် မည်သူမျှ မပြကြ။

" ရဲဘော်တို့ . . . ကျောင်းသူကျောင်းသားအပေါင်းတို့ . . . "

ဝင်းထိန်တို့ နောက်ကျောမှ ထွက်လာသောအသံဖြစ်သည်။ ဈာပနကော်မတီ၏အသံလို သက်သက်သာသာ အသံမျိုးမဟုတ်၊ အသံကဟိန်းထွက်နေသည်။ ဝင်းထိန်နောက်ဆီ့ လှည့်ကြည့်လိုက်သည်။ ကျောင်းသားထုအားလုံးကလည်း နောက်သို့လှည့်ကြည့်နေကြပြီ။ ဝင်းထိန် စောစောကသွားကြည့်ခဲ့သော ဒေါ့ဂျစ်ကား လော်စပီကာဆီမှ လာနေသောအသံဖြစ်သည်။ စောစောက လူတစ်ယောက်မှမရှိသော ဒေါ့ဂျစ်ကား ဘောနပ်စက်ဖုံးပေါ်တွင် လူငယ်တစ်ယောက် ရပ်နေသည်။ လက်ထဲတွင် စကားပြောမိုက်ခွက် ကိုင်ထားသည်။ သူ့နောက်ကျောမှာတော့ ဒေါ့ဂျစ်ကားညာဘက်အမိုးကိုင်းတွင် တိုင်ထောင်ပြီး လွှင့်ထူထားသော **ခွပ်ဒေါင်းအလံ** က လေထဲတွင် တလူလူလွင့်နေသည်။ မိုက်ခွက်ကိုင်ထားသောလူငယ်မှာ ကျောင်းသားတစ်ယောက်ပဲ ဖြစ်မည်ဟု ဝင်းထိန် တထစ်ချ တွက်လိုက်သည်။

" ဗိုလ်နေဝင်းဟာ . . . ငါတို့ကျောင်းသားတွေ . . . ရဟန်းရှင်လူတွေ လေးစားတဲ့ . . . ဦးသန့်ကို . . . သာမန်လူတွေမြှုပ်တဲ့ . . . ကြံတောသင်္ချိုင်းမှာမြှုပ်ဖို့ စီမံခဲ့တယ်. . . ဦးသန့်ဟာ မြန်မာ့ခေါင်းဆောင်တင် မဟုတ်ဘူး . . . ကမ္ဘာ့ခေါင်းဆောင်အဖြစ် အားလုံးကအသိအမှတ်ပြုခံခဲ့ရတဲ့ . . . မြန်မာ့ဂုဏ်ဆောင် အာဇာနည်ပုဂ္ဂိုလ်ကြီးဖြစ်တယ် . . . ဦးသန့်ကြောင့် ငါတို့နိုင်ငံကို ကမ္ဘာသူ ကမ္ဘာသားတွေသိခဲ့ပြီ . . . ငါတို့လူမျိုး ကို ကမ္ဘာက လေးစားတာခံခဲ့ရတယ်. . . ငါတို့ဂုဏ်တက်ခဲ့ရတယ်. . . အဲဒီလိုပုဂ္ဂိုလ်မျိုးကို. . . ခွေးသေဝက်သေ. . . သာမန်လူလိုသဂြိုဟ်ဖို့လုပ်နေတာကို. . . ငါတို့လက်ခံရမလား . . . "

ဒေါ့ဂျစ်ကားဘောနပ်ပေါ်မှ ကျောင်းသားက မေးခွန်းထုတ်ပြီး ခေတ္တရပ်

ထားလိုက်သည်။ ကျောင်းသားထုဆီမှ စကားသံများ ညံစီ၍ထွက်လာသည်။ ဒေါ့ဂျစ်ကားပေါ်မှ ကျောင်းသားက အားမာန်အပြည့်ပါသောအသံဖြင့် နောက်တစ်ကြိမ် မေးခွန်းထုတ်လိုက်သည်။

" ငါတို့ လက်ခံရမလားဟေ့ . . . "

အသံက ကျိုက္ကဆံကွင်းတစ်ခုလုံး ဟိန်းထွက်သွားသည်။

" လက်မခံနိုင်ဘူး "

" လက်မခံနိုင်ဘူး "

" လက်မခံနိုင်ဘူး "

ကျောင်းသားထုနှင့် လူထုထံမှ ထွက်လာသောအဖြေကလည်း ပြတ်သားသည်။

ဒေါ့ဂျစ်ကားတွင် လွှင့်ထူထားသော **ခွပ်ဒေါင်းအလံ** က တလူလူ လွင့်နေသည်။ ဝင်းထိန် ခွပ်ဒေါင်းအလံကို ဓါတ်ပုံထဲတွင်မြင်ဖူးသည်။ ပန်းချီရုပ်ပုံကားချပ်တွေထဲမှာ မြင်ဖူးသည်။ အပြင်တွင် မြင်ဖူးသည်မှာ ဤအကြိမ်သည် ပထမဆုံးဖြစ်သည်။ အလံ၏အောက်ခံအရောင်အဖြူသည် ဖွေးဖွေးဖြူနေသော အရောင်မဟုတ်တော့၊ ဝါကြင်ကြင်အရောင်သို့ ပြောင်းစပြုနေပြီ။ အလံ၏အလယ်တွင်ရှိသော အနီရောင်ခွပ်ဒေါင်းရုပ်သည်လည်း ရဲရဲနီနေသော အနီရောင်မဟုတ်တော့၊ နီညိုရင့်ရောင်သို့ပြောင်းနေပြီ။ သက်တမ်းကာလတစ်ခုကို ဖြတ်သန်းခဲ့သော အလံတစ်ခုဖြစ်ကြောင်း သိသာနေသည်။ တနည်းဆိုရသော် သမိုင်းဖြစ်စဉ်တစ်ရပ်တွင် တာဝန်ထမ်းဆောင်ခဲ့သောအလံဖြစ်ပေမည်။ ဝင်းထိန် **ခွပ်ဒေါင်းအလံ** အား တမြတ်တနိုးဖြင့် စူးစူးစိုက်စိုက်ကြည့်နေမိသည်။ အလံကိုကြည့်နေရင်းပင် ဝင်းထိန် သတိထားမိလိုက်တာ တစ်ခုရှိနေသည်။ အလံ၏ အောက်ဘက်ထောင့်စွန်းနားတွင် **သွေးကွက်** တစ်ကွက်ရှိနေသည်ကိုတွေ့လိုက်ရသည်။

**ခွပ်ဒေါင်း** အလံပေါ်တွင် စွန်းထင်းနေသာသွေးကွက်၊ သွေးအရောင်က အနီရင့်ရောင်သို့ပင်ပြောင်းနေပြီ။ **သွေး** ဖြစ်သည်ကတော့ သေချာလှသည်။

**'သွေးကွက်'**

'ခွပ်ဒေါင်းအလံပေါ်ကသွေးကွက်'

'ဒါ . . . ဒါ . . . ဘယ်တုန်းကအလံလဲ'

'ဒါ . . . ဒါ . . . ဘယ်သူ့သွေးကွက်လဲ'

ဝင်းထိန် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း၊ ရင်ထဲက တလှပ်လှပ်ဖြစ်လာသည်။ မျက်လုံးအစုံကလည်း ရီဝေလာသည်။ နောင်တော် ကျောင်းသားများ တိုက်ပွဲဝင်ခဲ့သည်ကို မိမိဘာသာပုံဖော် ကြည့်နေမိသည်။

တစ်ခုသော ကျောင်းသားအရေးအခင်းတွင် ခွပ်ဒေါင်းအလံ ကိုင်လျက် မဆုတ်တမ်းတိုက်ပွဲဝင်နေသော ကျောင်းသားများ . . .

ကျောင်းသားများတောင်းဆိုနေသည်က **တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု။**

စစ်အစိုးရပေးလိုက်သည်က ကျည်ဆန်၊ လှံစွပ်၊ ဒိုင်းနမိုက် '။

အလဲလဲအပြိုပြို ဖြစ်သွားသော ကျောင်းသားများနှင့် သွေးစွန်းခဲ့ရသော ခွပ်ဒေါင်းအလံ။ ဤအလံကို ရန်သူ့လက်ထဲပါမသွားရအောင် အရပြန်ယူခဲ့သော အာဇာနည်သူရဲကောင်းကျောင်းသား. . . ထို အာဇာနည်သူရဲကောင်း ကျောင်းသားလက်ထဲမှ တစ်ဆင့် . . . အဆင့်ဆင့် . . . လက်ဆင့်ကမ်းလာခဲ့သော တိုက်ပွဲဝင် ခွပ်ဒေါင်းအလံ . . . သွေးစွန်းခဲ့သည့် ခွပ်ဒေါင်းအလံ . . . "

ထိုစဉ် အနောက်ဘက်ပွဲကြည့်စင်မှ သံဃာတော်များ အောက်သို့ ကြွလာကာ ရှာပနကော်မတီမဏ္ဍပ်ထဲတွင် နေရာယူလိုက်ကြသည်။ သံဃာ တစ်ပါးက ဒေါ်ဂျစ်ကားဆီသို့ ကြွသွားကာ ဒေါ်ဂျစ်ကားပေါ်မှ ကျောင်းသားနှင့် ပူးပေါင်းလိုက်သည်။ ၎င်းသံဃာတော်က "သံဃာထုကလည်း ဦးသန့်အား ကြံ့တောသုသာန်တွင် မြှုပ်နှံမည်ဆိုသည်ကိုလက်မခံကြောင်း" အသိပေး ကြေညာလိုက်သည်။ ထို့နောက် ဒေါ်ဂျစ်ကားဘောနပ်စက်ဖုံးပေါ်က ကျောင်းသား ထံမှ အသံထွက်လာသည်။

" ကျောင်းသားနဲ့ လူထုက. . . လက်ခံသဘောတူတယ်ဆိုရင်. . . ကျွန်တော်တို့ ဦးသန့်ရုပ်ကလပ်ကို. . . ရန်ကုန်တက္ကသိုလ်ဝင်းထဲကို . . . ယူသွား ပါ့မယ်. . . ပြီးတော့. . . အစိုးရဆီက. . . ဦးသန့်နဲ့ ထိုက်တန်တဲ့ မြေနေရာ

တောင်းပြီး . . . သင်္ဂြိုဟ်မြှုပ်နှံပါ့မယ် . . . ဒါကို ကျောင်းသားများ သဘောတူကြပါသလား . . . ”

“ သဘောတူတယ် . . . ”

“ ကျောင်းသားများသဘောတူကြပါသလား . . . ”

“ သဘောတူတယ် ”

“ ကျောင်းသားများသဘောတူကြပါသလား . . . ”

“ သဘောတူတယ် ”

ကျောင်းသားနှင့်လူထု၏ သဘောတူကြောင်းဟစ်ကြွေးသံကြောင့် ကျိုက္ကဆံကွင်းကြီး တစ်ဘက်သို့ စောင်းသွား လေရော့သလားဟု ထင်လိုက်ရသည်။

ဝင်းထိန်ရော အေးကြူပါ ဝမ်းသာလွန်း၍ ဓွေ့ဓွေ့ခုန်နေကြသည်။ ပွဲကြီးတစ်ပွဲတော့ စလိုက်ပြီဟု သိလိုက်သည်။

“ ငါ ကျန်တဲ့ကောင်တွေ အဖော်သွားညှိလိုက်အုံးမယ် ” အေးကြူက ပြောပြောဆိုဆိုနှင့် ထွက်သွားသည်။ ကျောင်းသူကျောင်းသားများက လေးယောက်တစ်တွဲမဟုတ်တော့၊ အတန်းလိုက်လည်းမဟုတ်တော့၊ နီးစပ်ရာနှင့် အုပ်စုငယ်ကလေးတွေ ဖြစ်ကုန်ကြပြီ။ ခင်စန်းနွဲ့က လက်နှစ်ဖက်ကိုယှက်ပြီး ရင်ကိုဖိကပ်ထားကာ တုန်တုန်ရီရီ ဖြစ်နေသည်။ အတန်းဖော်မိန်းကလေးချင်း ပူးကပ်နေကြသည်။ အကြောက်လွန်ပြီး ပြေးမိပြေးရာသို့ စွတ်ရွတ်ပြီး ထွက်ပြေးသွားမည်ကို စိုးရိမ်လိုက်သည်။

“ ခင်စန်းနွဲ့ - သိပ်ပြီးကြောက်မနေနဲ့၊ အဆောင်ပြန်ချင်ရင် ကွင်းအပြင်ရောက်မှ ကိုယ့်မိန်းကလေးချင်း အဖော်ညှိပြီးပြန်၊ ကွင်းထဲမှာဘယ်မှမသွားနဲ့၊ ကိုယ့်မိန်းကလေးအဖော်မပါဘဲ အဆောင်မပြန်နဲ့ ” ဝင်းထိန် လေသံ ဖြင့်ကပ်၍ သတိပေးလိုက်သည်။ ခင်စန်းနွဲ့ ဤလိုပွဲမျိုးကြုံဖူးမည်မဟုတ်။ ဝင်းထိန် ဂျီတီအိုင်နောက်ဆုံးနှစ် တက်နေတုန်း **ကျွန်းဆွယ်အားကစားပွဲတော် အရေးအခင်း** ကို ကောင်းစွာကြုံဖူးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းဒေါင့်က **ပြည်သူ့မုန့်တိုက်** ကို အုပ်စုဖြင့်သွားဝိုင်းစဉ်က ဆိုင်ထဲမှ စစ်တပ်က သေနတ်ဖြင့်ထွက်ပစ်သဖြင့် ဆူးလေဘုရားလမ်းကိုဖြတ်၍ ပန်းဆိုးတန်း

ဘက်သို့ အသားကုန်ပြေးခဲ့ရဖူးသည်။

ဒေါ်ဂျစ်ကားဆီမှ အသံထွက်လာပြန်သည်။

" ကျောင်းသား၊ သံဃာနှင့် ပြည်သူလူထုကြီးက သဘောတူပြီးဖြစ်တဲ့အတွက်၊ ကျွန်တော်တို့ ဈာပနကော်မတီအသစ်ဖွဲ့ပြီးတော့ အခမ်းအနား အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားပါ့မယ် " လက်ခုပ်သံများ ထွက်လာသည်။

"ဈာပနကော်မတီ အသစ်ဖွဲ့စည်းတော့မှာဖြစ်တဲ့အတွက် လက်ရှိဈာပနကော်မတီကို ဖျက်သိမ်းကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား . . . "

ကျောင်းသားထုထံမှ လက်ခုပ်သံများနှင့်အတူ " ဝေး "ကနဲ အော်လိုက်ပြီး ထောက်ခံသမှုပြုလိုက်ကြသည်။ အသစ်ဖွဲ့စည်းလိုက်သော ဈာပနကော်မတီစာရင်းကို ဖတ်ပြသည်။ ဝင်းထိန် တစ်ယောက်မျှမသိပါ။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့ကဘဲ ဖြစ်မည်ထင်သည်။ သံဃာတွဲ့ အမည်တချို့ပါလာသည်။

" ဈာပနကော်မတီ ပြန်လည်ဖွဲ့စည်းပြီးပြီဖြစ်သဖြင့် . . . ဈာပနကော်မတီ အဟောင်းခင်ဗျား . . . မဏ္ဍပ်ထဲက ထွက်ခွာပေးဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား "

ဦးခန့်အမှူးပြုသော ဈာပနကော်မတီဝင်များသည် မဏ္ဍပ်ထဲမှ ဖြည်းဖြည်းချင်းထွက်ခဲ့ကြသည်။ ထို့နောက် မဏ္ဍပ်နားမှာဘဲ ရပ်နေကြသည်။ ဒေါ်ဂျစ်ကားဘောနပ်စက်ဖုံးပေါ်တွင် ရပ်နေသည်မှာ ကျောင်းသား တစ်ဦးတည်း မဟုတ်တော့ နောက်ထပ်ကျောင်းသားတစ်ဦးနှင့် သံဃာတစ်ပါးပါ ရပ်နေကြပြီဖြစ်သည်။ ကားဘေးနားတွင်လည်း ကျောင်းသားတချို့ရောက်နေကြပြီး ကားအထက်နှင့်အောက် ညှိနှိုင်းပြောဆိုနေကြသည်။

" ဈာပနမဏ္ဍပ်ထဲမှ ကုလသမဂ္ဂဝန်ထမ်းများခင်ဗျား. . . မဏ္ဍပ်ထဲမှ ထွက်ခွာပေးဖို့ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ခင်ဗျား "

အနီးအနားမှ တစ်စုံတစ်ယောက်က ဘာသာပြန်ပေးလိုက်သည်ထင်သည်၊ မဏ္ဍပ်ထဲတွင်ထိုင်နေသော ကုလသမဂ္ဂဝန်ထမ်းများ အပြင်သို့ထွက်လာ

ကြသည်။ မဏ္ဍပ်အပြင်ရှိ ကော်မတီအဟောင်းများနှင့် အပြန်အလှန် နှုတ်ဆက်ပြီး ကားများပေါ်သို့တက်ကာ ထွက်ခွာသွားကြတော့သည်။

" ဈာပနမဏ္ဍပ်ထဲမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များခင်ဗျား . . . မဏ္ဍပ်ထဲမှ ထွက်ခွာပေးဘို့ ပန်ကြားအပ်ပါတယ်ခင်ဗျား . . . "

ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်များက သွက်သွက်လက်လက်ဖြင့် ထွက်သွားကြသည်။ အနောက်ဘက် ပွဲကြည့်စင်တန်းဘက်သို့ လျှောက်သွားကြသည်။

" သတင်းထောက်များခင်ဗျား . . . ဓါတ်ပုံမရိုက်ကြဖို့နဲ့ . . . မဏ္ဍပ်ထဲက ထွက်ခွာပေးဖို့ ပန်ကြားအပ်ပါတယ် . . . ကင်မရာတွေကို ကျွန်တော်တို့ ဈာပနကော်မတီထံသို့ လာရောက်အပ်နှံကြဖို့ကိုလည်း ပန်ကြားပါတယ် . . "

ကားပေါ်မှ ထိုကျောင်းသားသည် စနစ်တကျရှိစွာဖြင့် သတိကို လက်မလွှတ်စေဘဲ ဦးဆောင်နေသည်ဟု ဝင်းကိုနိ ချီးကျူးမိသည်။ ကင်မရာထဲတွင် ပါသွားမည့် ကျောင်းသားများ၏ ဓါတ်ပုံသည် ၎င်းကျောင်းသားများကို ဘဝပျက်သည်ထိ ဖန်တီးနိုင်ကြောင်း ကားပေါ်မှထိုကျောင်းသား သတိရှိနေသည်ကို ဝင်းထိန် အသိမှတ်ပြုလိုက်သည်။ ရေကြည်အိုင် စစ်ကြောရေးစခန်း သို့ ဖိတ်ကြားခံရသော ကျောင်းသား၊ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့သည် လူမဆန်သော နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုတို့ကြောင့် ဘဝပျက်ကာ လူစဉ်မမီဖြစ်ခဲ့ကြ၊ အသက်ဆုံးရှုံးခဲ့ကြသည်ကို ကြားခဲ့ဖူးပေါင်းများလှပြီ။

သတင်းထောက်များက တစ်မျိုးကွန့်သည်။ ကင်မရာကိုအပ်ရန်အတွက် ဒေါ်ဂျစ်ကားဆီသို့ သွားသယောင်ပြုကာ ကျိုက္ကဆံကွင်း အရှေ့ဘက်ဂိတ်ဝမှ ထွက်ပြေးရန်ကြိုးစားတော့သည်။ သို့သော် ကျောင်းသားများလက်မှ မလွတ်ပါ။ သတင်းထောက်နှစ်ယောက်လုံးကို ဖမ်းမိခဲ့ကြသည်။ **ကြေးမုံတိုက်က သတင်းထောက်တွေ** ဟု ကျောင်းသားထဲမှ အော်ဟစ်ပြောလိုက်သံကို ကြားလိုက်ရသည်။ ယင်းသတင်းထောက်များကို ကျောင်းသားထုနားအထိ ဖမ်းခေါ်လာပြီး အများရှေ့တွင် ကင်မရာထဲမှဖလင်ကို ဆွဲထုတ်ကာ လက်ဖြင့် မြှောက်ပြလိုက်ပြီးမှ လွှင့်ပစ်လိုက် ကြသည်။ ကင်မရာများကို မြေပေါ်တွင်ပေါက်ခွဲလိုက်ကြသည်။ ကျောင်းသားများဆီမှ ဩဘာပေးလက်ခုပ်သံများ ထွက်လာသည်။

သတင်းထောက်တွေကို ဘာမှမလုပ်ပါ၊ ပြန်လွှတ်ပေးလိုက်ကြသည်။

ကျောင်းသားထုအတွင်း မငြိမ်မသက်မှုများဖြစ်လာကြပြီ။ ဦးသန့်အား တက္ကသိုလ်ဝင်းထဲသို့ စတင် သယ်ဆောင်ပေးရန် တောင်းဆိုမှုများဟစ်ကြွေးလာခဲ့ကြသည်။ ဒေါ့ဂျစ်ကားနားဆီသို့ ဦးခန့်ရောက်လာခဲ့သည်။ ကားဘေးနားက ကျောင်းသားများ၏ ဖေးမကူညီမှုဖြင့် ကားဘောနပ်စက်ဖုံးပေါ်သို့ ဦးခန့်ရောက်သွားခဲ့သည်။ ဦးခန့်က ကျောင်းသားများအား ဦးသန့်ရုပ်ကလာပကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ကြံတောသုသာန်သို့ပင် ပို့ဆောင်ပေးကြပါရန် မေတ္တာရပ်ခံစကားဆိုခဲ့သည်။ ကျောင်းသားထုကလက်မခံတော့။ ကျောင်းသားထု၏ဟစ်ကြွေးသံက ဦးသန့်အား တက္ကသိုလ် ဝင်းသို့ချက်ခြင်း သယ်ယူပေးရေးပင်ဖြစ်တော့သည်။ ဦးခန့်လည်း ကားဘောနပ်စက်ဖုံးပေါ်မှ ဆင်းခဲ့ရတော့သည်။

ဒေါ့ဂျစ်ကားသည် ရပ်ထားသည့်နေရာမှ ရုပ်ပနမဏ္ဍပ်ဆီသို့ မောင်းလာသည်။ ကားဘောနပ်စက်ဖုံးပေါ်တွင် ကျောင်းသားနှစ်ယောက်နှင့် သံဃာတော်တစ်ပါးရပ်လျက် လိုက်ပါလာသည်။ ကားက မဏ္ဍပ်ဘေးတွင် ဝင်ရပ်လိုက်သည်။

“ကျောင်းသူကျောင်းသား အပေါင်းတို့ခင်ဗျား . . . ငြိမ်းချမ်းရေးဗိသုကာကြီးဦးသန့်ရဲ့ ရုပ်ကလပ်ကို ကျွန်တော်တို့ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်ပေးကြပါရန် ပန်ကြားအပ်ပါတယ် . . .”

တက်ကြွနေသော ကျောင်းသူကျောင်းသားများ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ရုပ်ကလပ် ပတ်လည်သုံးဘက်တွင် ကာရံထားသော သံပန်းဝင်းထရံတို့အနက် အရှေ့ဘက်သံပန်းဝင်းထရံတွင် မှီ၍ထောင်ထားသော ကျောင်းသားများ၏ လွမ်းသူ့ပန်းခွေများရှိသည်။ ရှေ့တန်းတွင်ရပ်နေသော ကျောင်းသားများက ၎င်းပန်းခွေများကို မယူလိုက်ပြီး နောက်သို့ လက်ဆင့်ကမ်းလိုက်ကြသည်။ နောက်မှာရပ်နေသော ကျောင်းသားများက ပန်းခွေတစ်ခုစီကို ကျောင်းသားနှစ်ယောက်စီဖြင့် ဘေးသို့သယ်သွားပြီး ပန်းခွေများကိုထောင်၍ ကိုင်ထားကာ မတ်တတ်ရပ်နေလိုက်ကြသည်။ သံပန်းဝင်းထရံပေါ်တွင် မည်သည့်ပန်းခွေမှ မရှိတော့။ နောက်မှရပ်နေသော ကျောင်းသူကျောင်းသားများက ရှေ့သို့ညာသံ

ပေး၍ ပြေးတက်လာပြီး သံပန်းဝင်းထရံကြီးကို အားပါးတရ တစ်ပြိုင်နက် ဆောင့်ကန်လိုက်ကြသည်။ ဝင်းထိန်လည်း အလွတ်မပေးပါ။ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲလိုက်သည်။ သံပန်းဝင်းထရံကို ဗိုလ်နေဝင်း၏ မျက်ခွက်ကြီးဟု စိတ်တွင်မှတ်ထားလိုက်ပြီး ခြေထောက်ဖြင့် အားရပါးရ ကောင်းချီးပေးလိုက်သည်။ သံပန်းဝင်းထရံကြီး နောက်သို့ယိုင်သွားကာ ညွတ်ကွေးလဲကျသွားတော့သည်။ ဤနည်းဖြင့်သုံးဘက်သုံးတန်လုံးက သံပန်းဝင်းထရံများကို လှဲပစ်ခဲ့ကြသည်။ မြေပြင်ပေါ်တွင် ပြားပြားဝပ်သွားသော သံပန်းဝင်းထရံပေါ်မှ ဖြတ်ပြီး ဦးသန့် ရုပ်ကလပ်ဆီသို့ အပြေးနှင့်ရောက်သွားကြသည်။ ခေါင်းတလားပေါ်တွင် တင် ထားသောလွမ်းသူ့ပန်းခွေများနှင့် ဦးသန့်ဓါတ်ပုံကို ဒေါ့ဂျစ်ကားပေါ်သို့ ပြောင်းရွှေ့ တင်ပေးလိုက်ကြသည်။ ဒေါ့ဂျစ်ကားကလည်း အလိုက်သင့် နောက်လှည့်ပေးပြီးသား ဖြစ်နေသည်။ ယခင်က ရေထည့်ထားသော ဒန်အိုးကြီးလည်းမရှိတော့။ ငှက်ပျောခိုင်တွေလည်း မရှိတော့။ ကျောင်းသားများက တညီတညာတည်း ခေါင်းတလားကြီးကိုမယူကာ ကုလသမဂ္ဂအလံကြီးနှင့်တကွ ဒေါ့ဂျစ်ကားပေါ်သို့ တင်ပေးလိုက်ကြသည်။ ကျန်နေသေးသော ပန်းခွေများကို ရုပ်ကလပ်ပေါ်တွင် လွှမ်းမိုးပေးလိုက်ကြသည်။ ဒေါ့ဂျစ်ကားနှင့်မဆန့်သော ပန်းခွေများကို အသင့်ရောက်လာသော အီဆူးဇူး (၅)တန်ကားကြီးပေါ်သို့ တင်ပေးလိုက်ကြသည်။ ကျောင်းသားအချို့နှင့် သံဃာတော်အချို့လည်း ကားကြီးပေါ်သို့ တွယ်ဖက်တက်လိုက်ကြသည်။

ဦးသန့်ရုပ်ကလပ်ပါသော ဒေါ့ဂျစ်ကားသည် ခွပ်ဒေါင်းအလံ တလူလူလွှင့်ပြီး ရှေ့ဆုံးက စထွက်သည်။ နောက်က အီဆူးဇူးကားကြီးလိုက်သည်။ ကျောင်းသားထုနှင့် လူထုပရိသတ်ကြီးလည်း ကြုံရာလူဖြင့် လေးယောက်ဘစ်တွဲဖွဲ့ကာ တန်းစီ၍လမ်းလျှောက်လိုက်ကြသည်။

ကျောင်းသား၊ သံဃာ၊ ပြည်သူလူထု ညီညွတ်မှုဖြင့် မြန်မာနိုင်ငံ့သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပါပြီ။

× × ×

(၅)

ကျိုက္ကဆံကွင်းမှ နေ့လည် (၁)နာရီခန့်တွင် စထွက်ခဲ့ကြသည်။ သတင်းစာထဲတွင်ပါလာခဲ့သော အစီအစဉ်အတိုင်း မဟုတ်တော့။ စထွက်ကတည်းက ဆရာစံလမ်းအတိုင်း ချီတက်ခဲ့ကြသည်။ ဝင်းထိန် ဒေးကြူကို ရှာကြည့်သည်၊ မတွေ့ပါ။ ခင်စန်းနွဲ့ကိုရှာကြည့်သည်၊ မတွေ့ပါ။ စထွက်ခါစက လေးယောက်တစ်တွဲဖြစ်သော်လည်း မည်သူ့ အကြံပေး၍ စီစဉ်လိုက်သည် မသိ၊ ကျောင်းသူ နှင့် လူထုပရိသတ်ကို အတွင်းတွင် လေးယောက်တစ်တွဲဖြင့် တန်းစီလိုက်ပါစေပြီး ကျောင်းသား များက ဘေးမှလက်ချင်းချိတ်ကာ ဝန်းရံ၍ ဘေးတိုက်လမ်းလျှောက်လိုက်ပါစေခဲ့သည်။ လူနေရပ်ကွက်တွေထဲက ဖြတ်သွားရမည်ဖြစ်သဖြင့် အပြင်လူတွေမဝင်စေရန် လုပ်ရသည်ဟု ဝင်းထိန် နားလည်လိုက်သည်။ မဆလပါတီ၏ သူလျှိုဒလန်များဝင်ရောက်ကာ ကမောက်ကမတွေ လုပ်ပြီး ပွဲဖျက်မည်စိုး၍ ဖြစ်သည်။ ဝင်းထိန်လည်း ကဏန်းကောင်တွေလို ဘေးတိုက်လမ်းလျှောက်ရသော အဖွဲ့ထဲသို့ ဝင်သွားလိုက်သည်။ ပါလာသော လက်ဆွဲအိတ်ကို လက်သျှိုသွင်းလိုက်ပြီး ပုခုံးဖြင့်လွယ်ထားလိုက်သည်။ ဘေးတစ်ဖက်တစ်ချက်က ကြုံရာလူကို လက်ဆန့်တန်းပေးလိုက်သည်။ မိမိနှင့်လက်တွဲဖော်များသည် အသက်အရွယ်နှင့် ပုံစံကိုထောက်ချင့်ပြီး ကျောင်းသားတွေဘဲဟု မှတ်ယူလိုက်သည်။

နှိုးဆော်ချက် နောက်တစ်ခုထပ်ရောက်လာပြန်သည်။ အသံချဲ့စက်မှ မဟုတ် တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆင့်ကမ်း၍ နှိုးဆော်လိုက်ခြင်းဖြစ်သည်။ ကျောင်းသား ကျောင်းသူများ မိမိမျက်နှာကို လက်ကိုင်ပဝါ သို့မဟုတ် တစ်ခုခုဖြင့် ဖုံးအုပ်ထားကြပါ၊ စည်းထားကြပါဟူ၍ဖြစ်သည်။ မှန်ပါသည်၊ အကုသိုလ်ကောင်များ ခိုးကြောင် ခိုးဝှက်ယူလာသော ကင်မရာအသေးလေးများနှင့် တွေ့လိုက်ပါက ဒုက္ခလှလှ တွေ့ကြရမည်မလွဲပါ။ ဝင်းထိန်ထံတွင် လက်ကိုင်ပဝါ၊ ချွေးသုတ်ပဝါ ဘာမှမပါလာခဲ့ပါ။ ကိုင်လေ့ကိုင်ထလည်းမရှိပါ။ အကြံတစ်ခု ရလိုက်သည်။ တွဲလက်များကို ဖြုတ်လိုက်သည်။ ဘေးတိုက်လမ်းလျှောက်သည်ကိုတော့ မဖျက်ဘဲ လျှောက်မြဲလျှောက်သည်။ ချိုင်းအောက်

က လက်ဆွဲအိတ်ကိုဖွင့်လိုက်သည်။ ဝတ်ထားသော ရှပ်အင်္ကျီချွတ်လိုက်ပြီး လက်ဆွဲအိတ်ထဲ လုံးထွေးထည့်လိုက်သည်။ ထို့နောက်အောက်ခံဝတ်ထားသော ချိုင်းပြတ်စွတ်ကျယ်အင်္ကျီကို ချွတ်ယူလိုက်သည်။ ယင်းစွပ်ကျယ်အင်္ကျီဖြင့် မျက်နှာကို မျက်လုံးနှစ်လုံးဖော်ပြီး ပတ်၍စည်းလိုက်သည်။ လက်ဆွဲအိတ်ထဲမှ ရှပ်အင်္ကျီကိုပြန်ထုတ်ပြီး ဝတ်လိုက်သည်။ ဝင်းထိန်မျက်နှာ လုံလုံခြုံခြုံဖြစ်သွားပြီ။ မည်သည့်ကင်မရာကိုမှ ကြောက်ရန်မလိုတော့၊ ကျောင်းသားကျောင်းသူတွေမှာလည်း မျက်နှာတွင် ပုဝါကိုယ်စီလေးတွေနှင့်။

ဒေါ့ဂျ်ကားသည် ရှေ့ဆုံးမှဖြည်းဖြည်းနှင့် မှန်မှန်ချီတက်နေသည်။ လမ်းတစ်လျှောက်တွင် ဒေါ့ဂျ်ကားပေါ်မှ ကျောင်းသားက အသံချဲ့စက်မှတစ်ဆင့် ရပ်ကွက်နေ ပြည်သူအပေါင်းတို့အား ကျောင်းသားများ အစီအစဉ်ဖြင့် ဦးသန့် ရုပ်ကလပ်ကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းသို့ ယူဆောင်လာပြီဖြစ်ကြောင်း၊ ကြံ့တောသုသာန်တွင် သင်္ဂြိုဟ်မည့်အစီအစဉ်ကို ဖျက်လိုက်ပြီ ဖြစ်ကြောင်း၊ ဦးသန့်နှင့် ထိုက်တန်သောနေရာတွင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း၊ သတင်း စကား ပါး၍လာသည်။ ရပ်ကွက်နေပြည်သူတို့က အံ့သြမှုဖြင့်ကြိုဆိုကြသည်။ အားပါးတရ လက်ခုပ်သြဘာပေးပြီး ထောက်ခံကြသည်။ အိမ်ရှိလူကုန် ထွက်လာကြသည်။ အိမ်ရှေ့တွင် ကုလားထိုင်၊ ခွေးခြေခုံပုလေးများခင်းပြီး သောက်ရေအိုးများတင်ထားကာ ဈာပနပို့ဆောင်လာသူ ပရိသတ်ကြီးအား ရေချမ်းကမ်းပေးကြသည်။ ကျောင်းသားတို့၏ ရဲရဲတောက်လုပ်ရပ်ကို အပြုံးပန်းတွေတစ်ဝေဝေဖြင့် ထောက်ခံလျက်ရှိကြသည်။ ကျောင်းသားများကလည်း ပင်ပန်းရမှန်းမသိ ရွှင်လန်းတက်ကြွနေသည်။ ဝွတ္တလစ်ဈေးကိုဖြတ်တော့ သောက်ရေသာမက ဖျော်ရည်နှင့် မုန့်ပဲသရေစာတို့ပါ ကမ်းပေးကြသည်။ ဈေးသူဈေးသားတို့၏ မျက်နှာတွင် ကျောင်းသားများအား ချီးကျူးခြင်း၊ ကျေနပ်အားရခြင်းတို့ကို တွေ့နေကြရသည်။

ဟာမစ်တစ်မီးပွိုင့်အရောက်တွင် ညာဘက်သို့ချိုးလိုက်သည်။ ကမ္ဘာအေး စေတီလမ်းမကြီးပေါ်သို့ ရောက်သွားသည်။ ဒေါ့ဂျ်ကားက ရှေ့ဆုံးမှ ဖြည်းဖြည်း မှန်မှန် ချီတက်နေဆဲဖြစ်သည်။ ချင်းချောင်းပဲလှော်ခေါ် ကမ္ဘာ့ဇ

နန်းတော်ရှေ့သို့ ရောက်လာကြသည်။ ဝင်းထိန်က ကမ္ဘောဇနန်းတော်အား ကျောပေးအနေအထားဖြင့် လမ်းလျှောက်နေရခြင်းဖြစ်သည်။

" ဓါတ်ပုံရိုက်တယ် . . . "

" ဓါတ်ပုံရိုက်တယ် . . . "

ဝင်းထိန်တို့အတန်းနှင့် မျက်နှာချင်းဆိုင် ဘေးတိုက်လျှောက်နေသော အတန်းက ဝင်းထိန်တို့အတန်းကို ကျော်ပြီးမြင်လိုက်ခြင်းဖြစ်သည်။ ဝင်းထိန်ဆတ်ခနဲ လက်တွဲဖြုတ်ပြီး နောက်သို့လှည့်ကြည့်လိုက်သည်။ ကမ္ဘောဇနန်းတော် အဝင်ဝ ဝင်းခြံတံခါးကြီး၏ ဘယ်ဘက်အုတ်တိုင်ကြီးနောက်ကျောတွင် လူရိပ်တွေ့လိုက်ရသည်။ ဝင်းထိန်တို့ အတန်းထဲမှ ကျောင်းသားသုံးယောက် လမ်းမကြီးကိုဖြတ်ပြီး အုတ်တိုင်ကြီးဆီသို့ အပြေးသွားကြသည်။ အုတ်တိုင်ကြီးနောက်ကျောကလူက လှစ်ခနဲ နန်းတော်ဝင်းထဲသို့ ဝင်ပြေးသွားသည်။ ကျောင်းသားများက နန်းတော်ဝင်းထဲအထိ လိုက်မည်ပြုနေသည်။ ဝင်းထိန်က စိုးရိမ်စိတ်ဖြင့် လှမ်းတားလိုက်သည်။

" ခြံထဲမဝင်နဲ့၊ ခြံထဲမဝင်နဲ့ "

ခြံထဲတွင်နောက်ထပ် အကုသိုလ်ကောင်တွေ ရှိနေနိုင်သည်။ ခြံထဲဝင်သွားသော ကျောင်းသားများကို ဖမ်းလားဆီးလားလုပ်မှာနှင့် အခန့်မသင့်လျှင် ဓါတ်ပုံအရိုက်ခံလိုက်ရမှာ စိုးသောကြောင့်ဖြစ်သည်။ ဦးသန့်ရုပ်ကလပ်တက္ကသိုလ်ဝင်းထဲသို့မရောက်မီ လမ်းခုလတ်တွင် အဟန့်အတား၊ အနှောင့်အယှက်၊ အဖျက်အဆီး တစ်စုံတစ်ရာ ဖြစ်လာမှာစိုး၍ဖြစ်သည်။ ပြေးလိုက်သွားသော ကျောင်းသားများအတန်းထဲသို့ ပြန်ဝင်လာကြသည်။

ရှေ့ဆုံးမှ ချီတက်နေသော ဒေါ့ဂျစ်ကားသည် ဘယ်သို့ချိုးကာ တက္ကသိုလ်ရိပ်သာလမ်းထဲသို့ ဝင်သွားသည်။ ဈာပနပို့ဆောင်သူ ကျောင်းသား၊ သံဃာ၊ ပြည်သူတို့ကတော့ တက်ကြွရွှင်လန်းစွာချီတက်နေဆဲ။

" ဓါတ်ပုံရိုက်တယ် . . . "

" လက်ဖက်ရည်ဆိုင်ထဲကရိုက်တယ် "

သည်တစ်ကြိမ်မြင်လိုက်သည်က ဝင်းထိန်တို့ အတန်းဘက်မှဖြစ်သည်။

မျက်နှာချင်းဆိုင်က ဘေးတိုက်လျှောက်နေသောအတန်းကိုကျော်ပြီးမြင်လိုက်ရခြင်းဖြစ်သည်။ ကမ္ဘာအေးစေတီဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းဆုံ လမ်းညာဘက်တွင် ယာယီဆောက်ထားသော လမ်းဘေးလက်ဖက်ရည်ဆိုင်ထဲ နံပြားဖိုနံဘေးမှ ရိုက်ခြင်းဖြစ်သည်။ ကျောင်းသားသုံးလေးယောက် ဆိုင်ထဲသို့ အပြေးဝင်သွားကြသည်။ နံပြားဖိုနံဘေးမှ လူရိပ်က လှစ်ခနဲနေအောင်ထွက်ပြေးသည်။ ကျောင်းသားတို့လည်း အသားကုန်လိုက်ကြသည်။ သို့သော်မမှီလိုက်ပါ။ ဓါတ်ပုံသမားလွတ်သွားသည်။ အကုသိုလ် အလုပ်ကိုကောင်းစွာ လေ့ကျင့်ထားပုံရသည်။ ကျောင်းသားများ ဆိုင်ထဲသို့ ပြန်ဝင်လာပြီး မကျေမနပ်ဖြင့် ကြိမ်းမောင်းကာ ကုလားထိုင်များကို ဆွဲမလိုက်ကြသည်။ ဆိုင်ကိုတစ်ခုခုလုပ်မည့်ပုံပေါက်နေကြသည်။ ဆိုင်ရှင်ထံမှ

"မလုပ်ကြပါနဲ့ဗျာ . . . မလုပ်ကြပါနဲ့ . . . ကျွန်တော်နဲ့ဘာမှမဆိုင်ပါဘူး သူတို့ဘာသာသူတို့ ကျွန်တော့်ဆိုင်ထဲ ဝင်လာကြတာပါ . . . "

ဆိုင်ရှင်က လက်နှစ်ဖက်ကို ခပ်ကွေးကွေးမြှောက်ထားပြီး ခေါင်းတယမ်းယမ်း၊ လက်တခါခါဖြင့် ကျောင်းသားများကို တောင်းပန်နေသည်။ ဆိုင်ရှင်က ချိုင်းပြတ်စွပ်ကျယ်၊ လုံချည်နွမ်းနွမ်းနှင့် သက်ကြီးပိုင်းထဲမှ ဖြစ်သည်။ ကာကာ တစ်ယောက်ဖြစ်သော်လည်း စကားမဝဲလှပါ။ ခေါင်းဆောင်ပိုင်းထဲကဟု ထင်ရသော ကျောင်းသားနှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာကြသည်။ ဆိုင်ထဲမှ ကျောင်းသားများကို တားမြစ်စကားဆိုပြီး ခေါ်ထုတ်သွားကြသည်။

ဝင်းထိန်တို့ တက္ကသိုလ်ရိပ်သာလမ်းထဲသို့ ဝင်လာကြပြီဖြစ်သည်။ ဝင်းထိန် နောက်ကြောင်းပြန်လှည့်ကြည့်လိုက်တော့ ဈာပနပို့ဆောင်သူ ပရိသတ်ကြီးမှာ ကမ္ဘာအေးစေတီလမ်းတလျှောက် မျက်စိတစ်ဆုံး ရှိနေသည်။ မကြာမီမှာပင် ဝင်းထိန်တို့ ဟိုက်ဇွမ် ဟိုတယ်ရှေ့ကို ရောက်လာသည်။ ဟိုက်ဇွမ်ဟိုတယ်က တက္ကသိုလ် ရိပ်သာလမ်း၏ဘယ်ဘက်၊ ခြံနှင့်ဝင်းနှင့် သစ်ရိပ်ဝါးရိပ် ကောင်းကောင်းနှင့်ဖြစ်သည်။ တစ်ထပ်အဆောက်အဦးကလေးဖြစ်သည်။

" ဓါတ်ပုံရိုက်တယ် . . . ခြံထဲကရိုက်တယ် . . . ဟိုက်ဇွမ်ထဲကရိုက်

တယ် . . . ”

ဝင်းထိန် နောက်လှည့်၍ ဟိုက်ဇွမ်ဘက်သို့ ကြည့်လိုက်သည်၊ သဲသဲကွဲကွဲ မမြင်ရပါ။ ဟိုတယ်ခြံစည်းရိုးပုဏ္ဏရိက်ပင်ကြားထဲမှာ လူရိပ်တွေ့လိုက်ရပြီး လှစ်ခနဲအထဲကိုပြေးဝင်သွားသည်။ ကျောင်းသားနှစ်ယောက် ဟိုတယ်ခြံဝင်းထဲ ပြေးဝင်သွားကြသည်။ ဝင်းထိန်လည်းနောက်က ပြေးလိုက်သွားသည်။ ခြံထဲ မဝင်ဘဲခြံဝမှာဘဲ ရပ်နေလိုက်သည်။ နောက်ထပ်ကျောင်းသားနှစ်ယောက် သုံးယောက်ထပ်ရောက်လာပြီး ဝင်းထိန်နားမှာ ရပ်နေကြသည်။ ဟိုတယ်ထဲမှ လူတစ်ယောက်သုတ်သုတ်နှင့် ထွက်လာသည်။ ရှပ်အင်္ကျီလက်တို အဝါနုရောင်၊ လုံချည်အပြာရောင်နှင့် ဖြစ်သည်။ လုံချည်ကို ဗိုက်ပေါ်စည်းပြီး ဝတ်ထားသည်။ လူလတ်ပိုင်းထဲမှ ဗိုက်ပူပူနှင့် ထောင်ကဲ တစ်ယောက်ဖြစ်သည်။

“ကျွန်တော်တို့ဆီက မဟုတ်ဘူးဗျာ၊ ဟိုတယ်ထဲဝင်လာပြီး ခေါင်မိုးပေါ်တက်သွားကြတာ ”

ဗိုက်ပူပူ ထောင်ကဲပြောလိုက်တော့မှ ဝင်းထိန်တို့ ဟိုတယ်ခေါင်မိုးကို မော့ကြည့်မိသည်။ ဟိုတယ်ခေါင်မိုး ခေါင်အုပ်တန်းအပေါ်တွင် မျက်နှာနှစ်ခုကို တွေ့လိုက်ရသည်။ ကျောင်းသားများ မော့ကြည့်သည်ကို တွေ့လိုက်သဖြင့် မျက်နှာနှစ်ခုလုံး ရုတ်တရက်ငုံ့ဝင်သွားသည်။ ခေါင်မိုးနောက်ကျောမှ ဆင်းသွားကြပြီထင်သည်။

ထိုအခိုက် ဟိုတယ်ထဲသို့ ပထမပြေးဝင်သွားသော ကျောင်းသားနှစ်ယောက်ပြန်ထွက်လာသည်။ တစ်ယောက်က ကင်မရာတစ်လုံးကို ကိုင်ပြီး မြှောက်ပြလာသည်။ ဟိုတယ်ဆင်ဝင်မှ ထွက်လာပြီး တမာပင်ရှေ့တွင် ခဏရပ်၍ ကင်မရာထဲမှ ဖလင်ကိုထုတ်ယူလိုက်ကာ ခြံဝမှဝင်းထိန်တို့ဘက်ဆီသို့ မြှောက်ပြလိုက်သည်။ ပြီးတော့ ဖလင်ကို စံပယ်ပင်တန်းဘက်ဆီသို့ လွှတ်ပစ်လိုက်သည်။ ထို့နောက် ကင်မရာကို ပေါက်ခွဲလိုက်သည်။ ကျောင်းသားခေါင်းဆောင်ဟု ထင်ရသူနှစ်ဦးက ယင်းကျောင်းသားများကို လာရောက်ခေါ်ငင်သွားကြသည်။

ဝင်းထိန် နီးစပ်ရာ အတန်းထဲသို့ဝင်ပြီး ဆက်လျှောက်သည်။ ဘောတိုက်လျှောက်နေရင်းပင် ‘ဟိုက်ဇွမ်ဖြစ်စဉ်’ ကို သုံးသပ်နေမိသည်။ ဟိုတယ်ခြံစည်းရိုး

ကြားမှ ဓါတ်ပုံရိုက်သူသည် ဟိုတယ်မိသားစုထဲမှဖြစ်မည်။ ဝါသနာအရရိုက်ခြင်းဖြစ်မည်။ ဤသို့ ကြံုတောင့်ကြံုခဲ ပွဲကြီးတစ်ပွဲ မိမိဟိုတယ်ရှေ့ ရောက်လာသည်ကို လက်လွှတ်မခံဘဲ အမိအရမှတ်တမ်းတင်လို၍ ရိုက်ခြင်းဖြစ်မည်။ ပေါ်ပေါ်တင်တင်မရိုက်ရဲ၍ ပုဏ္ဏရိုက်ပင်ကြားမှ တိတ်တခိုးရိုက်လိုက်ပုံရသည်။ အခုတော့ ကင်မရာတစ်လုံးနှင့် ဖလင်တစ်လိပ် ဆုံးလိုက်ရပြီ။ ခေါင်မိုးပေါ်က ကောင်တွေက ဟိုတယ်ကမဟုတ်ပါ။ **တာဝန်အရ** ဆိုပြီး ဟိုတယ်ထဲဝင်လာသော အကုသိုလ်ကောင်တွေပဲဖြစ်မည်။ မည်သူ့ပုံ ပါသွားလေပြီမသိ။ သို့သော် စိုးရိမ်စရာမရှိ၊ ကျောင်းသားကျောင်းသူတွေမှာတော့ မျက်နှာဖုံးကိုယ်စီနှင့်။

တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ခရီးဆက်နေသည်။ လမ်း၏ဘယ်ဘက်တွင် ဂျပန်သံရုံးလား၊ ဝန်ထမ်းနေအိမ်လားတော့မသိ၊ ဂျပန်တစ်ယောက် ထွက်လာပြီး ဈာပနလိုက်ပို့နေကြသော ကျောင်းသားများကို ခါးကိုင်း၍ ဦးညွှတ်အလေးပြုလိုက်သည်။ ခပ်သွက်သွက် ကျောင်းသားများကလည်း ဂျပန်ကိုပြန်၍ အလေးပြုလိုက်ကြသည်။နောက်တစ်ခြံရောက်တော့ ကုလားဆင်လိုရုပ်မျိုးနှင့် လူတစ်ဦးကမိမိခြံဝင်းထဲမှ ကျောင်းသားများဘက်သို့ ဦးညွှတ်အလေးပြုနေသည်ကိုတွေ့ရသည်။ သူ့အနားမှာ မူလတန်းအရွယ်ကလေးနှစ်ယောက် ရပ်နေကြသည်။

" အာရပ် သံရုံးကကွ " ဝင်းထိန် ဘေးနားရှိ ကျောင်းသားတစ်ယောက်၏ ပြောသံကိုကြားလိုက်ရသည်။ တဖြည်းဖြည်းနှင့် အဓိပတိလမ်းထိပ်နှင့် နီးလာပြီဖြစ်သည်။ လမ်းညာဘက် ကုလသမဂ္ဂ ကိုယ်စားလှယ်ရုံးရှေ့ အရောက်တွင် ၎င်းရုံးထဲမှ ဝန်ထမ်းတစ်ဦးက တိုင်ထိပ်အထိလွှင့်ထူထားသော သူတို့ရုံး၏ ကမ္ဘာ့ကုလသမဂ္ဂအလံအား တိုင်တစ်ဝက်သို့ လျှော့ချနေသည်။ ၎င်း ဝန်ထမ်း၏ နောက်တွင် ဝန်ထမ်းတစ်စုရပ်နေကြပြီး ဦးသန့်ရုပ်ကလပ်အား ဦးညွှတ်အလေးပြုနေကြသည်။ မြန်မာ့ဦးသန့်ဆိုသည်မှာ ကမ္ဘာက လေးစားရသောပုဂ္ဂိုလ်ဖြစ်သည်ဆိုသည်ကို သက်သေထူနေကြခြင်းဖြစ်သည်။

ဤသို့နှင့်ပင် ရန်ကုန်တက္ကသိုလ်ကြီး၏ မိန်းဂိတ်ဝ၊ အဓိပတိလမ်းမကြီး၏ထိပ်သို့ ရောက်ခဲ့ကြသည်။ အချိန်က မွန်းလွဲ (၃)နာရီခန့်ရှိနေပြီ။ ရှေ့ဆုံးမှ ဒေါ့ဂျစ်ကားလည်းရပ်နေပြီ။ နောက်မှ အီဆူးဇူးကားကြီးလည်း ရပ်နေပြီ။ ကား

ပေါ်မှ သံဃာတော်များနှင့် ကျောင်းသားများလည်း ဆင်းနေကြပြီ။

ဝင်းထိန် ပါးစပ်ဟသွားသည်အထိ တအံ့တသြဖြစ်သွားရသော မြင်ကွင်းကိုတွေ့လိုက်ရသည်။ ကျောင်းသားလေးတွေ. . . ကျောင်းသူလေးတွေ. . . ဟိုက်စကူးက ကျောင်းသား၊ ကျောင်းသူလေးတွေ . . . ဦးသန့်ရုပ်ကလပ်က တက္ကသိုလ်အဝင်ဝ မိန်းဂိတ်သို့အရောက် ကမာရွတ်တစ်ပိုက်က ကျောင်းတွေက ကျောင်းအဆင်း၊ မတော်တဆဘဲ တိုက်ဆိုင်သွားသည်လား၊ ဦးသန့်ရုပ်ကလပ်ကို ရန်ကုန်တက္ကသိုလ်ဆီသို့ သယ်ဆောင်လာပြီဟူသော သတင်းစကားကြောင့် ကျောင်းအသီးသီးက ထွက်လာကြပြီး မိန်းဂိတ်က ကြိုတင်စောင့်ဆိုင်းနေကြသည်လား၊ လုံချည်စိမ်းနှင့် အင်္ကျီဖြူလေးတွေ၊ သူတို့တစ်တွေ အိမ်သို့ပြန်မရောက်သေးကြောင်းကိုတော့ ဘေးတွင်လွယ်ထားသော ကျောင်းလွယ်အိတ်များက သက်သေပြနေကြသည်။

ကမာရွတ်မှ စောင့်ဆိုင်းနေသော လူထုပရိသတ်အင်အားက ကြီးမားလှသည်။ ရုံးအိတ်ကိုယ်စီ ဆွဲကိုင်လျက်၊ ဖိုင်တွဲကိုယ်စီပွေ့ပိုက်လျက် ဝန်ထမ်းများကလည်း တစ်တပ်တစ်အားပါလာကြသည်။ " ငါတို့ရုံးလည်း ဆင်းလာလောက်ပြီ " ဟု ဝင်းထိန် တွေးလိုက်ပြီး မြသောင်းကို တွေ့လိုတွေ့ငြားရှာကြည့်မိသည်။

" ရဲဘော်တို့. . . ကျောင်းသူကျောင်းသားအပေါင်းတို့. . . ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်ရဲ့ ရုပ်ကလပ်ကို . . . ကျိုက္ကဆံကွင်းထဲကနေပြီး တက္ကသိုလ်နယ်မြေအထိရောက်အောင်. . . ငါတို့သယ်ယူနိုင်ခဲ့ကြပြီ. . . အခု. . . ဒီနေရာကစပြီး. . . ဘွဲ့နှင်းသဘင်ခန်းမရောက်အောင် သံဃာတော်များက ဦးဆောင်ပြီး ပို့ဆောင်ကြပါမယ် . . ."

"သံဃာတော်များက. . . ဦးဆောင်ပြီး ပို့ဆောင်ပေးပါရန်. . . လျှောက်ထားပန်ကြားအပ်ပါတယ် ဘုရား. . ."

ဒေါ့ဂျစ်ကားပေါ်မှ ကျောင်းသားခေါင်းဆောင်၏ သံဃာတော်များထံ လျှောက်ထားပန်ကြားချက် ဖြစ်သည်။

" အခုအချိန်ကစပြီး ကျွန်တော်တို့ ကျောင်းသားများ ဖွဲ့စည်းထားခဲ့တဲ့

ချောပနကော်မတီကို ဖျက်သိမ်းကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား . . . "

ကျောင်းသားထံမှ လက်ခုပ်သံဖြောက်တီးဖြောက်တောက်ကို ကြားလိုက်ရသည်။ အသိအမှတ်ပြုပါသည်ဆိုသည့် သဘောပေဘဲလား။

ကျောင်းသားထု၊ သံဃာထု၊ လူထုပရိသတ်ကြီးက ကြက်ပျံမကျစည်းကားနေသည်။ ဆောင်းလေအေးအကူအပံ့ကြောင့် ပရိသတ်ကြီးမှာ ပင်ပန်းနွမ်းနယ်မှုမှ သက်သာနေသည်။ တစ်ဦးနှင့်တစ်ဦး ခေါ်သံ၊ အော်သံ၊ ထူးသံ၊ မြူးသံတို့က တက္ကသိုလ်နယ်မြေကို ရိုက်ခတ်ဖုံးလွှမ်းနေသည်။ ဝင်းထိန်က မျက်နှာတွင် စည်းထားသော စွပ်ကျယ်အကျႌကိုဖြုတ်ပြီး လက်ဆွဲအိတ်ထဲသို့ ထည့်လိုက်သည်။

ဒေါ့ဂျစ်ကားက အဓိပတိလမ်းမကြီးအတိုင်း ဖြည်းဖြည်းမောင်းဝင်သွားသည်။ သံဃာတော်များက ကား၏ တစ်ဖက်တစ်ချက်မှ ခြံရံ၍လမ်းလျှောက်ကြွချီပြီး ပို့ဆောင်ပေးနေကြသည်။ ဝင်းထိန် ဘေးပတ်ဝန်းကျင်ကို စူးစမ်းလိုက်သည်။ အေးကြူကိုလည်းမတွေ့၊ ခင်စန်းနွဲ့ကိုလည်းမတွေ့ရတော့။ ထို့ကြောင့် တက္ကသိုလ်ဝင်းထဲသို့ တစ်ကိုယ်တော်ပဲ ဝင်လိုက်သည်။

× × ×

(၆)

ဘွဲ့နှင်းသဘင်ခန်းမကြီး၏ ရှေ့မြက်ခင်းပြင်ပေါ်တွင် သစ်သားစားပွဲခုံနှစ်ခုံကိုဆက်ပြီး ဦးသန့်ရုပ်ကလပ်အား မိုးပြာရောင်ကမ္ဘာ့ကုလသမဂ္ဂအလံလွှမ်းခြုံ၍တင်ထားသည်။ ရုပ်ကလပ် ပတ်ပတ်လည်တွင် ကားများပေါ်တင်ယူလာသော လွမ်းသူ့ပန်းခွေများအား အစီအရီထောင်လျက် ထားရှိပေးထားသည်။ ခန်းမကြီး၏ တံခါးမကြီးကတော့ ပိတ်လျက်သားရှိနေသည်။

ဆရာသိန်းဖေမြင့်၏ **သပိတ်မှောက်ကျောင်းသား** ဝတ္ထုထဲတွင် ဤဘွဲ့နှင်းသဘင်ခန်းမကြီးအား **ဇာတ်သေတ္တာကြီး မှောက်ထားသည်နှင့်တူသည်** ဟု တင်စားရေးဖွဲ့ထားသည်ကို ဝင်းထိန် မှတ်မိနေသည်။

ယခုလည်း တချိန်တခါက မိမိရင်ငွေ့ခိုလှုံပြီး ဥပစာအထက်တန်းအောင်

သည်အထိ ပညာရင်နို့သောက်စို့သွားသူ **ကျောင်းသားကိုသန်း** သည် ဘဝ ဇာတ်ခုံအဖုံဖုံတွင် ပါဝင်ကပြခဲ့ပြီး **ကမ္ဘာ့ငြိမ်းချမ်းရေး** ကို ရယူပေးနိုင်သည့် အဆင့်သို့ရောက်ပြီးကာမှ မလွန်ဆန်နိုင်သော သင်္ခါရတရားနှင့်အတူ မိမိ ရှေ့မှောက်သို့ ပြန်လည်ရောက်ရှိခဲ့ရပြီဟု ဂုဏ်ယူခြင်း၊ ကရုဏာသက်ခြင်းတို့ဖြင့် ရင့်ကျက်တည်ငြိမ်စွာ ကြည့်နေသည်ဟု ဝင်းထိန် ထင်မှတ်နေမိသည်။

ခန်းမကြီး အဝင်လှေကားထစ်များပေါ်တွင် ကျောင်းသားများ တစ်ဦး နှင့်တစ်ဦး အချီအချပြောလိုက်၊ အော်ခေါ်လိုက်၊ မိုက်ခွက်အသံစမ်းလိုက် လုပ် နေကြသည်။ ထိပ်ဆုံးလှေကားထစ်ပေါ်တွင် သံဃာတော်နှစ်ပါး ကုလားထိုင် ကိုယ်စီဖြင့်သီတင်းသုံးနေကြသည်။ ခဏအကြာတွင် အသံချဲ့စက်မှ သံဃာတော် တစ်ပါး မိန့်သံကို ကြားလိုက်ရသည်။

" ကျိုက္ကဆံကွင်းမှ သယ်ဆောင်လာသော ဦးသန့်ရုပ်ကလပ်အား တက္ကသိုလ်နယ်မြေအရောက်တွင် ကျောင်းသားများ၏ လွှဲအပ်မှုကြောင့် အမိပတိ လမ်းတစ်လျှောက် မိမိတို့ သံဃာတော်များက သယ်ဆောင်ပေးခဲ့ပြီဖြစ်ကြောင်း၊ ယခု ဦးသန့်ရုပ်ကလပ်အား ကျောင်းသားများလက်သို့ ပြန်လည် လွှဲအပ် ပါကြောင်း "

"ဦးသန့်အား ကြံတောသုသာန်တွင် သဂြိုဟ်မည်ဆိုသည်ကို သံဃာ ထုက လုံးဝလက်မခံပါကြောင်း၊ ဦးသန့် ဂုဏ်ဒြပ်နှင့်ညီသော ဂူဗိမာန်တစ်ခုဖြင့် ရန်ကုန်မြို့တွင်းတစ်နေရာရာတွင် သဂြိုဟ်ရမည်ဖြစ်ကြောင်း၊ ဦးသန့်နှင့် ထိုက် တန်သောနေရာကို မဆလအစိုးရထံမှ တောင်းယူမည်ဖြစ်ကြောင်း" ဆက်ပြီး မိန့်ကြားခဲ့သည်။

အသံချဲ့စက်မှ စကားသံ ခေတ္တပြတ်သွားသည်။ စကားသံ ပြန်ထွက်လာ တော့ ကျောင်းသားများဘက်မှ အသံဖြစ်နေသည်။ အသံချဲ့စက်အသံက ကြည် ကြည်လင်လင်မရှိလှချေ။ စက်၏အားနည်းချက်ဘဲဖြစ်မည်။ 'ဈာပနကော်မတီ အသစ်' ဖွဲ့စည်းကြောင်း ကြေညာချက်ဖြစ်သည်။ ဝင်းထိန် မနည်းအာရုံစိုက်ပြီး နားထောင်ရသည်။ လူပုဂ္ဂိုလ်အမည်၊ သံဃာတော်ဘွဲ့အမည်တို့ ပါလာသည်။ ကျောင်းသား၊ လူထု၊ သံဃာတော်တို့ ပူးပေါင်းလိုက်သော ဈာပနကော်မတီဟု ဝင်းထိန် သဘောပေါက်လိုက်သည်။

"ဈာပနကော်မတီထဲမှာလည်း ပမညတတွေ ပါနေပါလားဟ"

ဝင်းထိန်၏ရှေ့ မလှမ်းမကမ်းတွင် ရပ်နေပြီး ခန်းမကြီးဘက်သို့ စိတ်ဝင်တစားကြည့်ရှု နားထောင်နေသူတစ်ဦးက သူ့ဘေးနားက အဖော်အား ပြောလိုက်သော ဝေဖန်ရေးစကားဖြစ်သည်။ သူ့ဘေးနားကအဖော်က ပြန်ပြောသည့် စကားကို ဝင်းထိန်သဲသဲကွဲကွဲ မကြားရ။ ၎င်းဝေဖန်သူမှာ အသားညိုညို၊ အရပ်ရှည်ရှည်နှင့် အသက်လေးဆယ်ခန့်ရှိဦးမည်။ တက်ထရွန်အဖြူ ရှပ်အင်္ကျီလက်ရှည်၊ လုံချည်အညိုကွက်ကိုဝတ်ထားပြီး ရုံးဝန်ထမ်းတစ်ယောက်ဖြစ်ပုံရသည်။ ကြေညာချက်ထဲပါလာသော **ဈာပနကော်မတီအသစ်** ထဲမှ မည်သူ့ကို ရည်ညွှန်းပြီး **ပမညတ** ဟု ပြောလိုက်လေသည်မသိ။ ဝင်းထိန်ထိုမျှလောက် ဉာဏ်မမီ။ အသံချဲ့စက်က ဝါးသွား၍ နားကြားလွဲပြီး ပြောလိုက်လေရော့သလား။ နာမည်တူမို့ လူချင်းလွဲပြီးပြောလိုက်လေရော့သလား။ ဝင်းထိန်သိထားသည်က **ပညမတ** ဆိုသည်မှာ မြန်မာပြည်လွတ်လပ်ရေးရပြီး ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများရှိစဉ်က ရွေးကောက်ပွဲ ဝင်ခဲ့ဖူးသော ပါတီတစ်ရပ်ဖြစ်သည် ဆိုတာလောက်ပဲဖြစ်သည်။ သံယာနှင့် ကျောင်းသားတစ်လှည့်စီ ဟောပြောနေကြသည်။ တစ်ဦးလျှင် (၁၀)မိနစ်၊ (၁၅)မိနစ်ခန့် ခွင့်ပြုထားပုံရသည်။

ဝင်းထိန်တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ရင်း လူထုပရိသတ်ကို စူးစမ်းခဲ့သည်။ တက္ကသိုလ်စာကြည့်တိုက်အနီးတွင် စာကြည့်တိုက်အသစ်တလုံး ဆောက်လက်စကိုတွေ့ခဲ့ရသည်။ ဝင်းထိန် ရန်ကုန်တက္ကသိုလ်နှင့် အကျွမ်းတဝင် မရှိလှပါ။ အင်းယားကန်သာ၊ ကံ့ကော်မြိုင်တန်း၊ သစ်ပုတ်ပင်၊ စိန်ပန်းပင်၊ အာစီ၊ ဂျပ်ဆင်ကောလိပ် စသည်တို့နှင့် အနေစိမ်းခဲ့သည်။ အင်းစိန်ဂျီတီအိုင်မှာ ကျောင်းတက်နေစဉ်က ရန်ကုန်တက္ကသိုလ်တွင် ဘူမိဗေဒအဓိကဖြင့် ကျောင်းတက်နေသူ တစ်မြို့တည်းသား **စိုးတင့်** ၏ ဖိတ်ခေါ်မှုကြောင့် ဤတက္ကသိုလ်ဝင်း ထဲတွင် တစ်နေ့တာနေခဲ့ဖူးသည်။ ထိုစဉ်က ဘူမိဗေဒတွင် အင်္ဂလိပ်စာပြနေသော **ဆရာနေအုပ်စိန်ပေါလ်** ၏ အတန်းများသို့ တက်ရောက်ခဲ့ဖူးသည်။ စိုးတင့် ကျေးဇူးပြုသဖြင့် စာကြည့်တိုက်၊ အာစီ၊ ဂျပ်ဆပ်ဟော၊ ကွန်ဗို၊ အင်းယား ကန်ပေါင်ပေါ်မှ ဘူးသီးကြော်ဆိုင်၊ ဦးချစ်လက်ဖက်ရည်ဆိုင်တို့ကို ရောက်ခဲ့

ဖူးသည်။ ၁၉၇၀ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ပွဲတော်ကျင်းပစဉ်က ဂီတဳအိုင်က သူငယ်ချင်းတွေစုပြီး ညဘက်လာရောက်ဖူးသည်။ ပျော်ပွဲရွှင်ပွဲများ၊ ဘာသာရပ်အလိုက်ပြခန်းများကို လေ့လာခွင့်ရဖူးသည်။ တက္ကသိုလ်အငြိမ့်စင်နံဘေးတွင်သူငယ်ချင်းတစ်စု မိုးတိုးမတ်တတ်ရပ်ရင်း ဟာဒယနှလုံးရွှင်ပြုံးခဲ့ရဖူးသည်။ ဝင်းထိန်နှင့် ရန်ကုန်တက္ကသိုလ်သည် ဤမျှလောက်သာ ရေစက်ရှိခဲ့သည်။

အသံချဲ့စက်ဆီမှ ဗျာပနကော်မတီ၏ **တောင်းဆိုချက်** တစ်ရပ်ထုတ်ပြန်မည်ဖြစ်ကြောင်း ကြေညာသံကို ကြားလိုက်ရသည်။ စာကြည့်တိုက်ဘက်သို့ရောက်နေသော ဝင်းထိန်က ဘွဲ့နှင်းသဘင်ခန်းမကြီးဘက်သို့ ပြန်လျှောက်လာခဲ့သည်။ **တောင်းဆိုချက်** ဖတ်ကြားသံ ထွက်လာသည်။

"သို့ . . ."

"ဥက္ကဋ္ဌ . ."

"နိုင်ငံတော်ကောင်စီ ."

"ပြည်ထောင်စု. . . ဆိုရှယ်လစ်. . . သမ္မတ. . . မြန်မာနိုင်ငံ"

"ရန်ကုန်မြို့. . .'

ဝင်းထိန်ပါးစပ်မှ 'ဟာ' ဟု ထွက်သွားသည်။ " ဗိုလ်နေဝင်းဆီ လိပ်မူပြီး ရေးထားတာပါလား၊ ကျောင်းသားတွေတော့ ရာဇဝတ်အိုး တုတ်နဲ့ထိုးတော့မယ်နဲ့တူတယ် " ဝင်းထိန်စိတ်ထဲမှ မှတ်ချက်ချလိုက်သည်။

" ကျောင်းသားထု၊ သံဃာထု၊ ပြည်သူလူထုကိုယ်စား ဗျာပနကော်မတီမှ တောင်းဆိုခြင်းဖြစ်ကြောင်း၊ ဦးသန့်ဗျာပနအား နိုင်ငံတော်ဗျာပနအဖြစ် သတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ ဦးသန့်ရုပ်ကလပ်အား မြှုပ်နှံရန်အတွက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ရှိရာ ကန်တော်မင်ပန်းခြံကို ရွေးချယ်ထားကြောင်း၊ ကြံ့တောသုသာန်ကို လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ ကန်တော်မင်နေရာကို အစိုးရက ခွင့်ပြုချက်ပေးရမည်ဖြစ်ကြောင်း၊ (၂၄)နာရီအတွင်း အကြောင်းပြန်ရမည်ဖြစ်ပြီး (၂၄)နာရီအတွင်း အကြောင်းတစ်စုံတစ်ရာ မပြန်ကြားပါက ဦးသန့် ရုပ်ကလပ်ကို ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဟောင်းတွင် ဂူသွင်းနှံ၍ သဂြိုဟ်မည်ဖြစ်ကြောင်း၊" တောင်းဆိုချက်တွင် ဆိုထား

သည်။ ဤ **တောင်းဆိုချက်** ကို ကမာရွတ်မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌမှတဆင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌထံသို့ ပေးပို့ပေးပါရန်ကိုလည်း ပန်ကြားချက်ပါ တစ်ပါတည်း ထည့်သွင်းထားသေးသည်။

ပရိသတ်ကြီးထံမှ ဩဘာသံများနှင့်အတူ ဝေဖန်သံများပါ ထွက်လာသည်။ ကျောင်းသားများက **တောင်းဆိုချက်**ဟုဆိုသော်လည်း စင်စစ် ဤစာမှာ **တောင်းဆိုချက် မဟုတ်ပါ။ ရာဇသံ** သာဖြစ်ပါသည်။ (၂၄)နာရီအတွင်း အကြောင်းပြန်ရမည်၊ မပြန်ပါက ကိုယ့်သဘောနှင့်ကိုယ် လုပ်မည်ဆိုသည်မှာ **တောင်းဆိုချက်** မဟုတ်ပါ 'ရာဇသံ' သာဖြစ်ပါသည်။

တစ်တိုင်းပြည်လုံးအား 'မျက်မွှေးထော်၊ မော်၍ပင်မကြည့်ရဲအောင်' ရက်စက်စွာ ဖိနှိပ်ချုပ်ချယ်နေသော ဗိုလ်နေဝင်းအတွက်တော့ ဤ 'ရာဇသံ' သည် အရှိုက်ကိုလက်သီးပြင်းပြင်းနှင့် အထိုးခံလိုက်ရသကဲ့သို့ ရှိချေတော့မည်။ တိုင်းပြည်အား 'ဥပဒေကဲ့သို့ချက်ခြင်း အာဏာတည်ရမည်' ဟူသည့် အမိန့်အမျိုးမျိုးဖြင့် ထင်တိုင်းကြဲနေသူ ဗိုလ်နေဝင်းအတွက်တော့ ခါးသီးနာကျင်စရာ ဖြစ်ချေတော့မည်။

ညနေ (၅)နာရီခန့်ရှိနေပြီ။ ဝင်းထိန် လူထုပရိသတ်ကို တိုးဝှေ့ကာ စီးပွားရေးတက္ကသိုလ်ဘက်သို့ လျှောက်လာခဲ့သည်။ လမ်းတစ်လျှောက်တွင် ပရိသတ်တို့၏ စကားသံကိုလည်း နားစိုက်ခဲ့သည်။ ပွင့်ကောင်း မိသားစုမှ ကျောင်းသားကျောင်းသူအားလုံး၏ ညနေစာကို တာဝန်ယူသွားကြောင်း ကြားသိခဲ့ရသည်။

စီးပွားရေးတက္ကသိုလ်ဂိတ်ဝမှ ထွက်လာခဲ့ပြီး ကမာရွတ်ရဲစခန်းဘက်သို့ လျှောက်လာခဲ့သည်။ ကမာရွတ်မြို့နယ်ကောင်စီရုံးတွင် အလုပ်လုပ်နေသော သူငယ်ချင်းဖြစ်သူ 'ရွှေလှ' ထံသို့ သွားမည်ဟု စိတ်ကူးလိုက်သေးသည်။ 'ဒီကောင်လဲ ဒီထဲရောက်နေမှာဘဲ' ဟု ပြန်တွေးလိုက်ပြီး မူလစိတ်ကူးကိုဖျက်လိုက်သည်။ ရွှေလှက ဝင်းထိန်နှင့် တစ်မြို့တည်းသား၊ တစ်ကျောင်းတည်းထွက်တွေဖြစ်သည်။ (၁၀)တန်းကို ဝင်းထိန်ထက် နောက်ကျမှ အောင်သည်။ (၁၀)တန်းအောင်ပြီး ရန်ကုန်သို့ရောက်လာကာ အဆက်အသွယ်ကောင်း၍၊ 'ဆိုရှယ်လစ်အသိ' ရှိ၍ ကမာရွတ်မြို့နယ်ကောင်စီရုံးတွင် အောက်တန်းစာရေး

ရာထူးရပြီး လုပ်သားများ ကောလိပ်သို့ တက်နေသူဖြစ်သည်။ ကြည့်မြင်တိုင်က အဒေါ် တစ်ယောက်အိမ်တွင် နေသူဖြစ်သည်။

ဂျီတီအိုင် အောင်ပြီး အလုပ်ထဲသို့ ရောက်၍ (၂) နှစ်လောက်ရှိတော့မှ စိတ်ကူးပေါက်ကာ လုပ်သားများကောလိပ်သို့တက်လာသူ ဝင်းထိန်နှင့် မြန်မာစာ ပထမနှစ်တွင် ပြန်ဆုံမိကြပြီး နှစ်ယောက်သားတစ်ပူးတွဲတွဲ ဖြစ်ခဲ့ကြသည်။

ဝင်းထိန် သုဝဏ္ဏသို့ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ကမာရွတ်မှ နံပါတ်(၈) ကားဖြင့် မြေနီကုန်းသို့တစ်ထောက်၊ မြေနီကုန်းမှ (၁၆)ကားဖြင့် ပုသိမ်ညွန့် သို့တစ်ကြောင်း၊ ပုသိမ်ညွန့်(၆)လမ်းဘေးက မွန်ထမင်းဆိုင်တွင် ညစာကိစ္စ ဖြေရှင်းပြီးမှ (၁၁)ကားဖြင့် သုဝဏ္ဏသို့ ပြန်ခဲ့သည်။

ဝင်းထိန်က 'သည်ကနေ့ တစ်ခုခုဖြစ်လိမ့်မည်' ဟု ယခင်ရက်တွေ ကတည်းက တွက်ထားခဲ့ပြီးသားဖြစ်သည်။ ယခု ဖြစ်မည့်ဖြစ်လာတော့လည်း 'အကြီးကြီး' ပင် ဖြစ်လာခဲ့သည်။ ရှေ့လျှောက်မည်သို့များ စခန်းသွားကြလိမ့် မည်မသိ။

×××

## (၇)

ဝင်းထိန် သုဝဏ္ဏ တိုက်ခန်းပြန်ရောက်တော့ ည(၇)နာရီ ကျော်နေပြီ။ အအေးဓာတ်က သိသိသာသာ အစွမ်းပြလျက်ရှိနေပြီ။

ဝင်းထိန်တို့ တိုက်ခန်းက (၆)ခန်းတွဲ တိုက်တန်းဖြစ်သည်။ တစ်နည်း အားဖြင့် ဝန်ထမ်းမိသားစု (၆)စု နေထိုင်သော တိုက်တန်းဖြစ်သည်။ တစ်ခန်းနှင့် တစ်ခန်း ရင်းရင်းနှီးနှီးမရှိကြ၊ တာဝန်ထမ်းဆောင်ရာ ဌာနချင်းမတူကြသည်မို့ တစ်ခန်းနှင့်တစ်ခန်း ဘာသိဘာသာဘဲ နေလိုက်ကြသည်။

ဝင်းထိန်က ရှုံးလက်ဆွဲအိတ်ကို လှေကားရင်းတိုင်က သံငုတ်တွင်ချိတ် လိုက်ပြီး အဝတ်အစားလဲလိုက်သည်။ ဦးမျိုးဝင်း လက်ဖက်ရည်ဆိုင်သို့ ပြန် ထွက်မည်ဟု စိတ်ကူးရလိုက်သဖြင့် ဂျာကင်အကျီအပါးကို ထပ်ဝတ်လိုက်သည်။ ဦးမျိုးဝင်းထံမှ ငှားဖတ်နေသော 'နတ်နွယ်' ၏ 'မြန်မာပြည်မြောက်ပိုင်း' စာအုပ်

ကို ပြန်ပေးရင်း သည်ကနေ့ အတွေ့အကြုံများကို ဖေါက်သည်ချကာ ဝေဖန်ရေး နှင့် လေကန်ရေးများ လုပ်ရဦးမည်။

ဦးမျိုးဝင်းက သမဝါယမဝန်ကြီးဌာန ရုံးချုပ်မှ ဌာနခွဲစာရေးကြီးဖြစ်သည်။ အသက်(၄၀)ကျော်ကျော်၊ လုပ်သားများကောလိပ်မှ ဒသနိကအဓိကဖြင့် ဘွဲ့ရပြီး သူဖြစ်သည်။ စာအလွန်ဖတ်သည်။ အပေါင်းအသင်း ဆန့်သည်။ ခေတ်ကို မျက်ခြည်မပြတ်သူလည်းဖြစ်သည်။ မနက်ဆိုလျှင် လှိုင်းတိုရေဒီယိုလေး တစ်လုံး ဖြင့် အလုပ်ရှုပ်နေတတ်သူဖြစ်သည်။ ဝင်းထိန်အတွက်တော့ စာပေဟောင်းလေး အိုးကြီးဖြစ်သည်။ သူ့ကလေး (၂)ယောက်က ကျောင်းတက်နေတုန်းဖြစ်သည်။ အကြီးကောင်က (၈)တန်း၊ အငယ်မက (၆)တန်း၊ ကျောင်းကဝေးဝေးလံလံ မဟုတ်။ သူ့တိုက်ခန်းနှင့် မျက်နှာချင်းဆိုင် အထက်တန်းကျောင်းမှာဘဲ ဖြစ်၍ တော်သေးသည်။ ဇနီးဖြစ်သူနှင့် အိမ်မှာလာနေသူ တူတစ်ယောက်ကို တိုက်ခန်း ရှေ့မှာ လက်ဖက်ရည်ဆိုင်ကလေးဖွင့်ပေးလိုက်ပြီး တစ်ဖက်တစ်လမ်းမှ အိမ် စရိတ်၊ ကျောင်းစရိတ်တို့ကို ရှာခိုင်းထားနေရသည်။

" လာ-မောင်ဝင်းထိန်၊ ဒီကနေ့ ကျောင်းသားတွေတော်တော် လုပ်လိုက် ကြပါလားကွပေ၊ သတင်းကြားတာနဲ့ ကျိုက္ကဆံကွင်းထဲ သွားချင်လိုက်တာကွာ၊ ဖင်တကြွကြွဘဲ၊ ဦးသန့်ကိစ္စ မင်းလဲကြားမိမှာပေါ့ " ဆိုင်ထဲဝင်လာသူ ဝင်းထိန် အား တိုက်ခန်းအပေါက်ဝရပ်နေသူ ဦးမျိုးဝင်းက ဖိတ်မန္တကပြုလိုက်သည်။

ဦးမျိုးဝင်းကို ငှားထားသောစာအုပ်ကိုပြန်ပေးလိုက်ရင်း ဝင်းထိန် စားပွဲတစ်လုံးမှာ ဝင်ထိုက်ကာ ဦးမျိုးဝင်း တူကို လက်ဖက်ရည်တစ်ခွက်မှာ လိုက်ပြီး-

" ကြားရုံတင်ဘယ်ကပ့ါမလဲဗျာ၊ ကျွန်တော်ရုံးကလစ်ပြီး နေ့လည် ကတည်းက ကျိုက္ကဆံကွင်းထဲ ရောက်ခဲ့တာ၊ ကျောင်းသားတွေ ဦးသန့်ကို လု သွားတော့ ကျွန်တော် ကွန်ဗို့အထိ လိုက်သွားတာ၊ ကွန်ဗို့ထဲက ညနေ(၅)နာရီ ထိုးပြီးမှ ပြန်လာခဲ့တာ၊ ဦးသန့်ကို လိုက်ပို့ခဲ့တာ အစအဆုံးပဲဆိုပါတော့" ဟု ဝင်းထိန်က ဂုဏ်ယူသည့်လေသံဖြင့် အစပျိုးလိုက်သည်။

ဝင်းထိန်က ကျိုက္ကဆံကွင်း အတွေ့အကြုံများကို တက္ကသိုလ်ကျောင်း

သား၊ ကျောင်းသူများ လွှမ်းသူ့ပန်းခွေ ချသည်ကအစ၊ လမ်းတစ်လျှောက် ချီတက်ကြရင်း ဓါတ်ပုံအရိုက်ခံရသည်က အလယ်၊ ကွန်ဗိုဲ့ရှေ့မှာ ကျောင်းသား တွေက ဗိုလ်နေဝင်းဆီသို့ 'ရာဇသံ' ပို့လိုက်သည်က အဆုံး၊ ပြည့်ပြည့်စုံစုံပင် ဇာတ်ကြောင်း ပြန်လိုက်သည်။

" အလဲ့. . . မင်းက တယ်ဟုတ်လိုက်ပါလား၊ မင်းတို့ရုံးက အပြင်ထွက် လို့ရလို့ တော်သေးတာပေါ့ကွာ၊ ငါတို့ရုံးကတော့ ရှေ့ကတံခါးမကြီးကို တစ်ခါ တည်းဆွဲပိတ်ထားလိုက်ပြီး ရုံးအဝင်အထွက်ကို လက်ထောက်ညွှန်မှူးကိုယ်တိုင် ကြီးကြပ်တော့တာဘဲဟေ့ "

"ကဲ. . . မောင်ဝင်းထိန် အိမ်ထဲ ဝင်ထိုင်ကွာ၊ စကားအေးအေးဆေးဆေး ပြောကြတာပေါ့၊ မင်းမှာ တစ်ခြား အလုပ်မရှိတော့ဘူးမဟုတ်လား "

" ဘာအလုပ်မှ မရှိတော့ပါဘူးဗျာ " ဝင်းထိန်က ပြောရင်း တိုက်ခန်း အောက်ထပ်ဧည့်ခန်းရှိ ဆက်တီ ကုလားထိုင်များဆီသို့ ပြောင်းထိုင်လိုက်သည်။ ဦးမျိုးဝင်းက ဝင်းထိန်လက်ဖက်ရည်ခွက်ကို မယူလာကာ ဆက်တီ စားပွဲပေါ်သို့ တင်ပေးလိုက်ပြီး ဝင်းထိန်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

" အေးဗျာ အစိုးရက ဦးသန့်ရုပ်အလောင်းကို မစည်ကားရအောင် ဝန်ထမ်းတွေကို ဘယ်လိုဘဲတင်းကြပ် တင်းကြပ်၊ ကွင်းထဲမှာတော့ ပရိသတ်က သိန်းနဲ့ချီရှိခဲ့တာ ဘဲဗျ၊ ဦးမျိုးရ " ဝင်းထိန်က ခဏဖြတ်လိုက်ပြီးမှ ဆက်သည်။

" ကွင်းထဲမှာ ဦးသန့်ညီ ဆရာကြီး ဦးခန့်က ဦးသန့် အတ္ထုပ္ပတ္တိအကျဉ်း ကို ပြောသွားသေးတယ် " ဦးမျိုးဝင်းထံမှ မိမိသိလိုသည်များ ထွက်လာနိုင်ရန် အတွက် စကားလမ်းကြောင်းတစ်ခုကို ဝင်းထိန်က ဦးတည်လိုက်သည်။

" မင်း ဦးသန့်အကြောင်း ပြည့်ပြည့်စုံစုံသိချင်ရင်တော့ အမေရိကန် စာရေးဆရာမ တစ်ယောက်ရေးထားတဲ့ စာအုပ်ကို 'အထောက်တော်လှအောင်' က 'ဗမာ့ဦးသန့်' ဆိုပြီးပြန်ထားတာရှိတယ်၊ ငါဖတ်ဖူးတယ်၊ အခုတောင် ပြန်ထွက် နေပြီကြားတယ်၊ မင်းရှာပြီး ဖတ်ကြည့်ပါလား " ဦးမျိုးဝင်းက လမ်းညွှန်မှု ပေး လိုက်သည်။

" ဒီလိုဗျ ၊ ဦးမျိုး ရ ၊ ကျွန်တော်သိချင်တာက ဦးသန့်အကြောင်း

ဆိုတာထက် ဗိုလ်ချုပ်နေဝင်းက ဦးသန့်ကို ဘာကြောင့် မုန်းတီးနေရတာလဲ ဆိုတာပါဘဲဗျာ " ဝင်းထိန်က ခဏရပ်ပြီးမှ

"ကျွန်တော် သိသလောက်တော့ ဦးသန့်ဟာ ဦးနုလူဖြစ်နေလို့ဆိုတာရယ်၊ ကုလသမဂ္ဂမှာ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်နေတာတောင် မြန်မာပြည် နဲ့ပတ်သက်လာရင် ထိထိရောက်ရောက် အကူအညီမပေးခဲ့ဘူး ဆိုပြီး အညှိုးအတေးတွေ ထားခဲ့တယ်ဆိုတာပါပဲဗျာ" ဟု ပြောပြီးသောက်လက်စ လက်ဖက်ရည် ကို ဆက်မော့လိုက်သည်။ ဦးမျိုးဝင်းက မျက်မှောင်တစ်ချက် ကုတ်ပြီးမှ

" အဲဒါတွေက ဒီကလူတွေစိတ်ကူးနဲ့ မှန်းပြောနေကြတာပါကွာ၊ အမိကအကြောင်းမဟုတ်ဘူး၊ ဦးသန့်အပေါ်ထားတဲ့ ဗိုလ်ချုပ်နေဝင်းရဲ့ အာဃာတ တရားနဲ့ အမုန်းတရားက တော်တော်ကြောက်စရာကောင်းတယ်၊ ရှည်ရှည်ဝေးဝေး ပြောပြမှလည်း မင်းလိပ်ပတ်လည်လိမ့်မယ် " နံရံပေါ်က တိုင်ကပ်နာရီကို မော ကြည့်ပြီးမှ ဦးမျိုးဝင်းက ဆက်သည်။

" (၆၂) မှာ ဦးနုဆီက ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းလိုက်တော့၊ ကုလသမဂ္ဂကို မြန်မာပြည်ရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ်နဲ့သွားနေတဲ့ ဦးသန့်က အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို ကြားဖြတ်အရွေးခံလိုက်ရတာ (၅)လ နီးလောက် ရှိသွားပြီ၊ မင်းလဲသိမှာပါ၊ လေယာဉ်ပျက်ကျပြီးဆုံးသွားတဲ့ 'ဒက်-ဟမ်းမားရှိုး ' ရဲ့ နေရာမှာ အစားထိုး အရွေးခံလိုက်ရတာလေ " ဝင်းထိန် က ခေါင်းတစ်ချက်ညိတ်ပြလိုက်၍ ဦးမျိုးဝင်းကဆက်သည်။

" အဲဒီတုန်းက ဗိုလ်ချုပ်နေဝင်းက ဦးနုကော၊ ဦးနုလူတွေကော၊ သိမ်းကျုံးပြီး ထောင်ထဲဆွဲထည့်ထားလိုက်တယ်၊ ဦးနုရဲ့ လက်ရင်းလူ အကျဆုံး ဦးသန့်ကတော့ လွတ်သွားတာပေါ့ " ဦးမျိုးဝင်းက ရေနွေးကြမ်း တစ်ခွက်ငှဲ့လိုက်ပြီးမှ

" (၆၆) ကျတော့ ဦးနုကို လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွှတ်လိုက်တယ်။ (၆၈)ကျတော့ ဦးနုရယ်၊ ပါလီမန်ခေတ်တုန်းက နိုင်ငံရေးသမားဟောင်းကြီး တွေရယ်၊ အစဉ်အလာရှိခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရယ်ကို ဗိုလ်ချုပ်

နေဝင်းက ခေါ်ပြီး "ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ " ဆိုပြီး ဖွဲ့လိုက်တယ်၊ အားလုံးပေါင်း (၃၃)ယောက် ရှိတယ်၊ ဗမာပြည်ရဲ့ အနာဂါတ် နိုင်ငံရေးအတွက် သူ့ကိုအကြံပေးကြပေါ့ကွာ၊ ချုပ်ပြီးပြောရရင်တော့ အကြံပေးစာကို ဦးနုက သူတစ်ယောက်ထဲ (၁)စောင် သပ်သပ်တင်ကယ်၊ ဦးကျော်ငြိမ်းတို့၊ ဦးဗဆွေတို့က (၁)စောင်တင်တယ်၊ ဝိဓူရသခင်ချစ်မောင်တို့က (၁)စောင်တင်တယ်၊ ဒါပေမယ့် ဗိုလ်ချုပ်နေဝင်းက ဝေ့လည်ချောင်ပတ်လုပ်ပြီး (၄)စောင်လုံး ပယ်ချလိုက်တာ ဘဲကွာ " ဦးမျိုးဝင်းစကားခဏဖြတ်ပြီး ရေနွေးကြမ်းမော့လိုက်သည်၊ ဝင်းထိန်က လက်ကျန် လက်ဖက်ရည်ကိုရှင်းရင်း ဆက်ပြီးနားစွင့်နေသည်။

" ဦးနုက တစ်မျိုးစဉ်းစားလိုက်ပုံရတယ်၊ သူပေးလိုက်တဲ့အကြံက ဗိုလ်ချုပ်နေဝင်း သူ့ဆီကသိမ်းထားတဲ့ နိုင်ငံတော်အာဏာကို သူ့ဆီပြန်အပ်ပါ။ သူ ပါလီမန်ပြန်ခေါ်ပေးမယ်။ အဲဒီပါလီမန်က ဗိုလ်ချုပ်နေဝင်းကို သမ္မတ တင်မြှောက်မယ်။ အဲဒီတော့မှ ဗိုလ်ချုပ်နေဝင်းက ပါလီမန်ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ကိုခရီးဆက်ပေ့ါ။ အဲဒီလို တိုင်းပြည်ကို ပါလီမန်ဒီမိုကရေစီစနစ်ဆီကို အနုနည်းနဲ့ ပြောင်းဖို့ပေးတဲ့အကြံကို ဗိုလ်ချုပ်နေဝင်းက လက်မခံဘူးဆိုတော့ အကြမ်းနည်းနဲ့ပြောင်းမယ်လို့ စိတ်ကူးရသွားပုံပေါ်တယ်။ ဦးနုက နိုင်ငံခြားမှာ ဆေးကုခံဖို့သွားခွင့်တောင်းတော့ ဗိုလ်ချုပ်နေဝင်းက ခွင့်ပြုလိုက်တယ်။ အဲဒီမှာတင် ဦးနုက ပထမဆုံး အင်္ဂလန်ကိုပြေးပြီးတော့ ဗိုလ်ချုပ်နေဝင်းကို ဖြုတ်ချဖို့ လက်နက်ကိုင်လှုပ်ရှားမှုအစီအစဉ်ကို ကမ္ဘာကို ကြေညာချက်ထုတ်တယ်။ အင်္ဂလန်နဲ့ အနောက်အုပ်စုဆီက အကူအညီလိုတယ်ပေါ့လေ။ နောက်ပြီး ထိုင်းကိုသွားပြီး လူအင်အားစုတယ်။ သူဝန်ကြီးချုပ်ဘဝတုန်းက မိတ်ဟောင်းဆွေဟောင်း နိုင်ငံရေးအစဉ်အလာရှိခဲ့တဲ့ သူတွေနဲ့ပေ့ါ။ နောက်ပြီး အမေရိကားကို သွားပြီး အကူအညီတောင်းပြန်တယ်။ အဲဒီတုန်းက အမေရိကန်သမ္မတက ဂျွန်ဆင် ပေါ့။ ဦးသန့်က အာဖရိကကို ခရီးထွက်နေလို့ အမေရိကားမှာမရှိဘူး။ ဦးနုက ကုလသမဂ္ဂ အဆောက်အဦးကြီးထဲမှာရှိတဲ့ သတင်းထောက်တွေရဲ့ အသင်းတိုက် ရုံးခန်းမှာ သတင်းစာရှင်းလင်းပွဲလုပ်တယ်တဲ့။ ဦးသန့် သူ့ရုံးမှာ မရှိတုန်း လုပ်လိုက်တာဖြစ်တော့ ဦးသန့်က ဘာမှမသိလိုက်ပေမယ့် ဗိုလ်ချုပ်နေဝင်း

က ဦးသန့်အပေါ် တစ်ဖက်သတ်အထင်လွဲသွားတယ်။ ဦးသန့်နဲ့ ဦးနု ပူးပေါင်းပြီး သူ့ကို ကြံစည်ကြပြီပေါ့။ နောက်နှစ်မှာ ဦးသန့် မြန်မာပြည်ကို အလည်လာတုန်း ဗိုလ်ချုပ်နေဝင်းနဲ့ တွေ့ခွင့်တောင်းတာ ဗိုလ်ချုပ်နေဝင်းက တွေ့ခွင့်မပေးလိုက်ဘူး"။

ဦးမျိုးဝင်းက ပင့်သက်အသာချရင်း ရေနွေးကြမ်းတစ်ခွက် ထပ်ငှဲ့လိုက်သည်။ ဝင်းထိန်က စိတ်မသက်မသာဖြင့်

"အဲဒါ ဆိုးတာပေါ့ဗျာ၊ နှစ်ယောက်သားမျက်နှာချင်းဆိုင်ပြီး ဆုံရှင်းလိုက်ရင်ပြီးတဲ့ ကိစ္စဟာကို "

" ဒါပေါ့ကွာ၊ ဗိုလ်ချုပ်နေဝင်းရဲ့ အတ္တပေါ့၊ လူတကာကို သူနဲ့နှိုင်းပြီး စိတ်ရိုင်းတွေဝင်နေတော့ ခက်ကုန်ကြပြီပေါ့"

" ကဲ- ကျေးဇူးပါဘဲ ဦးမျိုးရာ၊ အခုမှဘဲ လိပ်ပတ်လည်တော့တာပါဘဲ၊ တော်တော်လေးလည်း အေးလာပါပြီ ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး "

ဝင်းထိန်က ပြောပြောဆိုဆိုဖြင့် ကုလားထိုင်မှထပြီး ရေနွေးကြမ်းသောက်နေသော ဦးမျိုးဝင်းကို နှုတ်ဆက်လိုက်သည်။ တိုက်ခန်းအပြင်ရောက်သည်နှင့် ဦးမျိုးဝင်းတူအား လက်ဖက်ရည်ဖိုးရှင်းကာ သူ့တိုက်ခန်းသို့ ပြန်လာခဲ့တော့သည်။

× × ×

## (၈)

၁၉၇၄ ခု၊ ဒီဇင်ဘာလ (၆)ရက်။

ဝင်းထိန် မနက်ရုံးရောက်တော့ (၉)နာရီကျော်ကျော်ရှိနေပြီ။ မနေ့က အဖြစ်အပျက် အတွေ့အကြုံများကို ရုံးထဲတွင်လုံးဝမပြော၊ ရေငုံနှုတ်ပိတ်လုပ်ထားသည်။ ဝင်းထိန်တွင်စိတ်ကူးတစ်မျိုးရှိနေသည်။ ဤ **အရေးအခင်းကြီး'** အားပြီးဆုံးသွားသည်အထိ ဆက်လက်လှုပ်ရှားသွားမည်။ မိမိတတ်နိုင်သည့်ဘက်က ပါဝင်ပေးသွားမည်။ ဤသို့ လှုပ်ရှားနေသည်ကို ရုံးကအဟန့်အတား မလုပ်စေရန် ရုံးကို အသိမခံတော့ဟုဆုံးဖြတ်ထားသည်။

တာမွေဗိုလ်ချိုင်းရေအိုးစင်မှရုံးတက်ရသော မပြုံးကြည်က ကြည်ကြည်စန်း၊

နယ်လီဝင်း၊ မယဉ်လှ၊ ကြည်မင်းတို့ကိုအားပါးတရ ဖေါက်သည်ချနေသည်။

" အဲဒီ သတင်းထောက်-ကြေးမုံကသတင်းထောက်တဲ့ ကျောင်းသားတွေက ကင်မရာ လုယူပြီးပေါက်ခွဲပစ်တာတဲ့ - ကျောင်းသားတွေ နားရင်းပိုင်းအုပ်လို့ တော်တော်နာသွားတယ်တဲ့"

ပုဇွန်တောင်မှ ရုံးတက်ရသော ကြည်မင်းကလည်း အားကျမခံ

" ဘုန်းကြီးတွေက သယ်န်းကို အလံထူပြီး ချီတက်လာတာတဲ့ဗျ" ဟု ဝင်ပြီးဖြည့်စွက်လိုက်သည်။ အချဲ့အကားတွေပါလာသည်။ ဝင်းထိန်က မျက်မြင်ကိုယ်တွေ့ဖြစ်သော်လည်း ဘာမှဝင်မပြောတော့။ မနေ့က ရုံးဆင်းချိန်အထိ ဝင်းထိန် ပြန်မရောက်သည်ကို သဘောပေါက်သော မြသောင်းက တစ်ခုခုမေးချင်ပြောချင်နေပုံရသည်။ မြသောင်း စားပွဲချင်းကူးလာကာ ဝင်းထိန်ဘေးမှ ကုလားထိုင်အလွတ်တစ်လုံး ဆွဲယူပြီးထိုင်လိုက်သည်။ ပြီးတော့ စကားကို အဆက်အစပ်မရှိဆိုလိုက်သည်။

"ဝင်းထိန် မင်းသဘောပေါက်လား" နဖူးပေါ်သို့ ဝဲကျလာသော ဆံပင်ကို ဆတ်ခနဲခါပြီးပင့်တင်လိုက်ရင်း မေးလိုက်သည်။

" ငါက ဘာကို သဘောပေါက်ရမှာတုံး " ဝင်းထိန်က ပြန်၍ အငေါ်တူးလိုက်သည်။ မြသောင်း ဘိုသီဘတ်သီဖြစ်နေသော ဆံပင်ကို လက်ဖြင့်သပ်ရင်း-

" မင်းကလဲ ဒီကိစ္စက ပေါ်တင်ကြီးလေကွာ အလံပြောင်းလို့ အလောင်းပြန်တာကွ" ဝင်းထိန် တွန့်ခနဲဖြစ်သွားသည်။

" ဘာက ဘယ်လို " ဝင်းထိန်အမေးကို မထီတရီမျက်နှာထားဖြင့် မျက်နှာကြက်ကို မော့ကြည့်ပြီးမှ မြသောင်းက ဆက်သည်။

" အလံပြောင်းလို့ အလောင်းပြန်တာကွ၊ တော်ကြာဗြောင်းဆန်သွားလိမ့်မယ်၊ အဲဒါမင်းမြဲမြဲမှတ်ထား"

မြသောင်းသည် သိပ္ပံပညာကို အခြေခံအဆင့်အထိ ကောင်းစွာ သင်ခဲ့ဖူးသူ ဖြစ်သော်လည်း ထိုလိုင်းဘက်ကို အားသန်နေသူဖြစ်သည်။ တစ်ခါက ရုံးသို့ ဘယာကြော် များဝယ်လာပြီး အပေါင်းအသင်းများကို ကျွေးသည်။ ဘေးဘယာ များကို ကျော်လွှား နိုင်အောင်ဟုလည်းဆိုသည်။

ဒါမျိုးကိုတော့ ဝင်းထိန်က လက်ခံသည်။ ကြိုဆိုသည်။ ကိုယ်က စားရသည်ကိုး။

မြသောင်းကိုးကွယ်နေသော ဘိုးတော်တစ်ပါးရှိသည်။ သန်လျင်ဘက်တွင် နေပြီးသာသနာပြုနေသည်ဟု မြသောင်းပြောဖူးသည်။ တစ်ခါက ဓါတ်ပုံတစ်ပုံယူလာသည်။ ဓါတ်ပုံထဲတွင် ဘိုးတော်က ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး ဘီအက်စ်အေ မော်တော်ဆိုင်ကယ်ကြီးကို ကားယားခွ၍ ထိုင်နေသည်။ လက်ကြားထဲတွင်လည်း မီးညှိထားသော စီးကရက်တစ်လိပ်ကို ညှပ်ထားသည်။

"ဘာတွေလဲဟ၊ မင်းဘိုးတော် ဆိုင်ကယ်စီးပြီး ဘာလုပ်နေတာလဲ"

"ငါတို့ဘိုးတော်က ပုဂ္ဂိုလ်ထူးကွ၊ ခုနစ်ရက်သားသမီးတွေထဲက ဆိုင်တဲ့သူကိုကယ်ဖို့ ဆိုင်ကယ်စီးနေတာ၊ ထူးခြား အောင်လို့ ဒူးယား လဲသောက်တယ်"

ဝင်းထိန်နားမလည်သော အတိတ်သဘော၊ နိမိတ်သဘော၊ ဓါတ်သဘောများကို မြသောင်းက ဆက်ရှင်းပြနေသည်။ ဝင်းထိန်ကတော့ အတွေးအခေါ် ချွတ်ခြုံကျနေမှုတစ်ရပ်ဟုပဲမြင်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ရယူပေးခဲ့သော အလံသည် အနီရောင်အောက်ခံဖြစ်ပြီး လက်ဝဲဘက်အပေါ်ထောင့်တွင် အပြာရင့်ရောင် အခန်းတစ်ခန်းပါရှိသည်။ ယင်းအပြာရင့်ရောင်အခန်း၏ အလယ်တွင် ကြယ်ဖြူ ကြီးတစ်ပွင့်ပါရှိပြီး ၎င်းကြယ်ဖြူကြီးကို ကြယ်ဖြူငယ်ငါးလုံးက ထောင့်ငါးထောင့်မှ ဝန်းရံထားသည်။ အလယ်ကောင် ကြယ်ဖြူကြီးက တော်လှန်ရေးကို ကိုယ်စားပြုပြီး၊ ကြယ်ဖြူငယ်ငါးလုံးက ပြည်နယ်များကို ကိုယ်စားပြုသည်ဟုဆိုသည်။ ယင်းအလံကို လွတ်လပ်ရေးမရမီက ရေးဆွဲခဲ့သည့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေက အတည်ပြုပြဋ္ဌာန်းပေးခဲ့သောအလံဖြစ်သည်။ ပါတီစုံဒီမိုကရေစီခေတ်တစ်လျှောက်လုံးသာမက ဗိုလ်နေဝင်း အာဏာသိမ်းပြီး တစ်ပါတီအာဏာရှင်စံနစ် ကျင့်သုံးသည့်ခေတ်တွင်လည်း ယင်းအလံကို ဆက်လက်သုံးစွဲနေခဲ့သေးသည်။

ဗိုလ်နေဝင်း အသစ်ပြန်ရေးဆွဲခဲ့သော ၁၉၇၄ခု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်အလံကို ပြန်ပြောင်းခဲ့သည်။ အနီရောင်အောက်ခံနှင့် လက်ဝဲ

ထောင့်က အပြာရင့်ရောင်အခန်းကိုမူ မပြောင်းခဲ့သော်လည်း ကြယ်ဖြူကြီးနှင့် ကြယ်ဖြူငယ်ငါးလုံးနေရာတွင် ခွေးသွားစိတ် (၁၄)ခုပါသော ပင်နယံအဖြူနှင့် ဂုဏ်းအလယ်တွင် စပါးနှံတစ်စည်း ပါလာသည်။ ပင်နယံ၏အပြင်ဘက်တွင် ကြယ်ဖြူငယ် (၁၄)လုံးကဝန်းရံထားသည်။

မြသောင်းပြောသည့်အတိုင်းဆိုလျှင် အလံပြောင်းပြီး (၁၁)လအကြာတွင် ဦးသန့်အလောင်း ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။

အလံ အကြောင်းစဉ်းစားမိနေရာမှ **ထွန်းကြည်** ပြောခဲ့သည်များကို သတိရလိုက်သည်။ ထွန်းကြည်သည် ဝင်းထိန်နှင့် တစ်နှစ်တည်းကျောင်းဆင်းဘက် ဖြစ်သည်။ အင်းစိန် ဂျီတီအိုင်မှ **စက်မှု (ပုံစံပြု)** ဘာသာရပ်ဖြင့် ဆင်းခဲ့သူဖြစ်သည်။ အင်းစိန်ရွာမ ယန္တရား (ပင်မ) အလုပ်ရုံတွင် အလုပ်ရနေပြီဖြစ်သည်။ ရုံးပိတ်ရက်တစ်ရက်တွင် ရန်ကုန်မြို့ထဲ လည်ပတ်နေခိုက် **ရွှေတိုသားထွန်းကြည်**နှင့် ပန်းဆိုးတန်းတွင်ပြန်ဆုံမိကြသည်။ **လျှောင်စိန်** လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်ပြီး နှစ်ယောက်သားစကားလက်ဆုံကျခဲ့ကြသည်။ထွေရာလေးပါးပြောဆိုရင်းက အသစ် ပြောင်းလိုက်သော အလံအကြောင်းကို ရောက်သွားသည်။

"အခုပြောင်းလိုက်တဲ့ နိုင်ငံတော်အလံက ပင်နယံမှာခွေးသွားစိတ် (၁၄)ခုပါတယ်။ ခွေးသွားစိတ် (၁၄)ခုပါတဲ့ ပင်နယံဆိုတာ ဘယ်လိုမှ ချောချောမွေ့မွေ့အလုပ်မလုပ်ဘူး၊ သူ့ကိုမရရအောင်လည်ပတ်ခိုင်းမယ်ဆိုရင် အဲဒီ ခွေးသွားစိတ်တွေ တစ်စ, တစ်စ နဲ့ ပဲ့, ပဲ့ လိုက်လာပြီး ပင်နယံတစ်ခုလုံး ပျက်သွားမှာဘဲ၊ ငါတော့ (၁၄)သွားပါတဲ့ ပင်နယံကို ငါတို့နိုင်ငံအလံမှာ သုံးတာ မကြိုက်ဘူး" ထွန်းကြည်က သူ၏ ကျွမ်းကျင်မှုဆိုင်ရာ ဘာသာရပ်အမြင်မှ ပြောသွားခြင်းဖြစ်သည်။

ဝင်းထိန် အတွေးများကို ဖြတ်လိုက်သည်။ ဆရာဦးသန်းထွန်း ခိုင်းထားသော **တံခါးပြတင်းအသေးစိတ်ဖြတ်ပိုင်း** ပုံစံများကို ရေးဆွဲပေးရဦးမည်။ လွှတ်တော်အဆောက်အဦးတွင် တပ်ဆင်ပေးရမည့် ပထမတန်းစားကျွန်းတံခါးနှင့် ကျွန်းပြတင်းတို့၏ ကျည်းခွေ၊ အရွက်၊ ကြက်ရင်တန်းတို့၏ ဖြတ်ပိုင်းပုံစံများကို စကေး ကြီးကြီးဖြင့် အသေးစိတ်ရေးဆွဲပေးနေရခြင်းဖြစ်သည်။ ပုံကြမ်းကို ဆရာ

ဦးသန်းထွန်းက ခဲဖြင့်ရေးခြစ်ပြီး ချပေး ထားပြီးဖြစ်သည်။ ဆရာဦးသန်းထွန်းသည် မြန်မာပြည်မှပိသုကာဘွဲ့ရပြီး အလုပ်ထဲရောက်မှ အနောက်ဂျာမနီတွင် လုပ်ငန်း အတွေ့အကြုံ (၂)နှစ်သွားယူလာခဲ့သူဖြစ်သည်။ အသေးစိတ်ပုံစံများအပေါ် တွင် အလွန်စိတ်ရှည်သူဖြစ်သည်။ သည်မနက်တော့ တတ်နိုင်သမျှ ပြီးအောင်ဆွဲပေး သွားမည်ဟု စိတ်ကူးထားသည်။

လူက ပုံဆွဲစားပွဲခုံတွင် ရှိနေသော်လည်း စိတ်က ဘွဲ့နှင်းသဘင်ခန်းမ ကြီးရှေ့ဆီကိုဘဲ ရောက်နေသည်။ သည်ကနေ့ **ရုံးပြင်ထွက်ခြင်းမှတ်တမ်း** စာအုပ်တွင် လက်မှတ်ရေးထိုးပြီး အပြင်သို့ထွက်၍ မကောင်းတော့။ ဝန်ထမ်းများ ရုံးပြင်သို့ မထွက်ကြရန် အထူးတလည် လုပ်ဆောင်နေခြင်းတို့လည်း မရှိတော့။ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီဖြစ်သည်။

သို့နှင့်ပင် နေ့လည်စာစားချိန်သို့ ရောက်ခဲ့သည်။ ရန်ကုန်သို့ တစ်ကြိမ် မျှ မရောက်ဘူးသောနယ်က **တောသားဦးလေး** တစ်ယောက်ကို ရန်ကုန်ဘူတာ ကြီးတွင် သွားရောက်ကြိုရမည်ဟူသော အကြောင်းပြချက်ဖြင့် ရှောင်တခင်ခွင့် နေ့တစ်ပိုင်းယူလိုက်သည်။ ခွင့်စာအား ပုံဆွဲအုပ်ကြီးစားပွဲပေါ် သို့ တင်လိုက်ပြီး သူ့အမေးကို မစောင့်တော့ဘဲ တစ်ခါတည်းထွက်လာခဲ့တော့သည်။

× × ×

# (၉)

(၈) ကားပေါ် မှ ဆင်းလာခဲ့ပြီး၊ တက္ကသိုလ်ဝင်းထဲသို့မဝင်ဘဲ ကမာရွတ် မြို့နယ်ပြည်သူ့ကောင်စီရုံးသို့ ခြေဦးလှည့်လိုက်သည်။ မြို့နယ်ပြည်သူ့ကောင်စီ ရုံးဆိုတော့ သတင်းစုံမည်။ သတင်းထူးမည်။ အတွင်းရေးသတင်းများကိုလည်း ကြားနိုင်သည်။

ရွှေလှတို့ရုံးထဲဝင်လိုက်တော့ ခါတိုင်းထက်လူဝင်လူထွက်များနေသည် ကို တွေ့ရသည်။ ဝင်းထိန် လူရိပ်ပြလိုက်သည်။ လက်ဟန်ဖြင့် အပြင်ခုံတန်းကပဲ စောင့်နေမည်ဟု ပြလိုက်သည်။ ရွှေလှထွက်လာပြီးနှစ်ယောက်သား အပြင် ခုံတန်းတွင် ထိုင်လိုက်ကြသည်။ ဝင်းထိန်က လူရိပ်လူကဲကြည့်ကာ ယမန်နေ့က

အတွေ့အကြုံများကို အေးကြူနှင့် တွေ့ခဲ့ရသည်မှစ၍ ဖေါက်သည်ချတော့သည်။

"အေး. . . ငါတော့ထင်လိုက်သား၊ မင်းကတော့ ဒီအတိုင်းနေမယ့် အကောင်တော့မဟုတ်ဘူး၊ တစ်ခုခုတော့လုပ်မှာဘဲလို့ထင်လိုက်သား၊ မနေ့က ငါတို့ အပြင်ကို လုံးဝမထွက်ရဘူး၊ အခုတော့ငါတို့ရုံးက တအားအလုပ်ရှုပ်နေပြီ။ ဝန်ထမ်းယောကျ်ားလေးတွေ အပြင်ထွက်ခွင့်မပေးတော့ဘူး၊ ခွင့်တွေလဲ ပိတ်ထားတယ်၊ ညဂျူတီပါ ဆင်းရမယ်ဆိုပြီး ဂျူတီလစ်စ်တွေထုတ်နေတယ်။ ငါတော့ ညတိုင်းဂျူတီဆင်းရတော့မယ်နဲ့တူတယ်"

"ငါအခု ကွန်ဗိုဲ့ထဲသွားမလို့ မင်းလိုက်မလား"

"ဘယ်လိုက်နိုင်ပါ့မလဲ သူငယ်ချင်းရာ၊ အခု ငါတို့ဥက္ကဋ္ဌ အခန်းထဲမှာ အမ်အိုင်က တပ်ဆွယ်မှူးက အရပ်ဝတ်နဲ့ထိုင်နေတာ၊ ငါ့ကို ဥက္ကဋ္ဌက တစ်ခုပြီး တစ်ခု ခေါ်ခိုင်းနေတာ၊ တကယ်လို့ သူတို့ခေါ်လို့မှ မရှိဘူးဆိုရင် ပြဿနာ တက်သွားမှာပေါ့ကွာ၊ အခုလဲ ရုံးကို ဝင်လိုက်ထွက်လိုက်လုပ်နေတာ သူတို့ လူချည်းဘဲ" ရွှေလှက စကားပြောလျှင် ခပ်ချွဲချွဲပြောတတ်သည်။

ရွှေလှပြောသည့်အတိုင်းဆိုလျှင် ရွှေလှတို့ မြို့နယ်ပြည်သူ့ကောင်စီရုံးကို ထောက်လှမ်းရေးက တွဲဖက်ရုံးဖွင့်ထားပြီဖြစ်သည်။

"ဒါဆို ငါပဲသွားလိုက်မယ်၊ အကြောင်းထူးရင် အပြန်ဝင်လာမယ်" ဝင်းထိန်က ပြောပြောဆိုဆိုနှင့်ရွှေလှ ပုခုံးကို ပုတ်ပြီးထွက်လာခဲ့တော့သည်။

× × ×

## (၁၀)

စီးပွားရေးတက္ကသိုလ်ဝင်ပေါက်မှပဲ ဝင်ခဲ့သည်။ ယင်း ဝင်ပေါက်နှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးကြားထဲတွင် ဥဒဟိုသွားလာနေကြသော ပရိသတ်တို့ဖြင့်စည်ကားနေသည်။ ခန်းမကြီးရှေ့တွင် ဦးသန့်ရုပ်ကလပ်မရှိတော့။ ညက ကျောင်းသားများ အစီအစဉ်ဖြင့် ခန်းမကြီးအတွင်းသို့ ထည့်သွင်းထားလိုက်ပြီဟု သိရသည်။ ဘွဲ့ပေးရာ စင်မြင့်ထက်တွင်တင်ထားပြီး အများပြည်သူ ဂါရဝပြုနိုင်ရန် နှစ်ယောက်တစ်တွဲ တန်းစီဝင်ခွင့် ပြုထားကြောင်း သိခဲ့ရသည်။

ခန်းမကြီး၏ အပြင်ဘက်လှေကားထိပ်များ၏ ဘယ်ဘက်ထိပ်တွင် စကားပြောစင်မြင့်တစ်ခု ချထားသည်။ စင်မြင့်တွင် အသံချဲ့စက် တပ်ဆင်ပေးထားသည်။ စင်မြင့်ပတ်လည်ကို ပန်းအိုးငယ်ကလေးများ ဝန်းရံပေးထားပြီး အလှဆင်ထားသည်။ ဈာပနကော်မတီ၏ ပြန်ကြားရေးစင်မြင့်ဖြစ်သည်။ ပြန်ကြားရေးကိစ္စများသာမက ကျောင်းသားနှင့်လူထုပရိသတ်ကိုပါ အလှည့်ကျ တရားဟောခွင့်ပေးထားခဲ့သည်။ ပထမတွင် ဦးသန့်၏ဂုဏ်ပုဒ်နှင့် ကျေးဇူးတရားတို့ကို ထုတ်ဖော် ဟောကြားခဲ့သော်လည်း နောက်ပိုင်းတွင် ရဟန်းရှင်လူပြည်သူအပေါင်း တို့၏ ၁၂ နှစ်ကြာ အောင့်အည်းမြိုသိပ်ခဲ့ရသည့် ဝေဒနာအစုစုတို့အတွက် ထွက်ပေါက်ရှာ ဟစ်ကြွေးရာအရပ်ဖြစ်လာခဲ့သည်။ နိုင်ထက်စီးနင်း အလုပ်ခံခဲ့ရသည်များကို ရင်ဖွင့်ရာအရပ် ဖြစ်လာခဲ့သည်။

အဓိပတိလမ်းမကြီး၏ တစ်ဖက်တစ်ချက်တွင်လည်း တရားပွဲလေးများနေရာအနှံ့အပြားဖြစ်နေကြသည်။ အုတ်ခုံမြင့်မြင့်ကလေးတစ်ခုလောက်ရှိနေ၍ဖြစ်စေ၊ ကုလားထိုင်တစ်လုံးလောက်ယူလာ၍ဖြစ်စေ တရားဟောစင်မြင့်အဖြစ်နှင့် တစ်ယောက်ပြီးတစ်ယောက်၊ တစ်ပွဲပြီးတစ်ပွဲ ဟောနေပြောနေကြတော့သည်။ တရားနာပရိသတ် (၁၀)ယောက် (၁၅)ယောက်နှင့် တရားပွဲတစ်ပွဲဖြစ်နေသည်။ အသံချဲ့စက်မပါ၊ ကိုယ်ဘာသာကိုယ် အသံကုန်ဟစ်ပြီး ပြောနေဟောနေကြရသည်။

ကျောင်းသားအရွယ် လူငယ်တစ်ဦးက ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့ **ရန်ကုန်တက္ကသိုလ် ကျောင်းသားအရေးအခင်း** ကို နောက်ကြောင်းပြန်ပြောကြားနေသည်။ နောင်တော့ နောင်တော်ကျောင်းသားကြီးများထံမှ တစ်ဆင့် လက်ဆင့်ကမ်းသိခဲ့ရသည်ကို မျိုးဆက်တူ ညီရင်းအစ်ကို၊ မောင်ရင်းနှမ ကျောင်းသူကျောင်းသားအပေါင်းတို့ သိရှိနိုင်ရန်နှင့် သတိရှိနိုင်ရန် ပြောဟောနေခြင်းဖြစ်သည်။

ဗိုလ်နေဝင်း တိုင်းပြည်အာဏာသိမ်းယူပြီး (၃)လအကြာ ရန်ကုန်တက္ကသိုလ်တွင် **ဇူလိုင် (၇)ရက် အရေးအခင်း** ဖြစ်တော့ ဝင်းထိန် ကညွတ်ကွင်းမှာ (၆)တန်းသို့ စတက်ချိန်ဖြစ်သည်။

အဖေနှင့်အဖေ့မိတ်ဆွေတို့ ဝေဖန်ပြောဆိုနေကြရာမှ သိရှိခဲ့ခြင်းဖြစ်သည်။ မကြာခင် ရန်ကုန်တက္ကသိုလ် မှာ တက်နေကြသော ကျောင်းသားကြီးများပြန်ရောက်လာကြသည်။ ယင်းကျောင်းသားကြီးထဲမှ ဥပစာအထက်တန်းတွင် တက်နေသော **ကိုကျော်ကြီး** က အိမ်နီးချင်း (၉)တန်း (၁၀)တန်း ကျောင်းသားများအား **ဆဲဗင်းဂျူလိုင်** အရေးအခင်းကို ပြောပြခဲ့သည်။ ကိုကျော်ကြီးသည် ကာယဗလလိုက်စားသူဖြစ်သဖြင့် ခန္ဓာကိုယ် အလွန်တောင့်တင်းသူလည်း ဖြစ်သည်။ (၉)တန်း (၁၀)တန်းကျောင်းသားတွေနှင့် ရောနှောလိုက်ပါသွားသဖြင့် ဝင်းထိန်လည်း ကိုကျော်ကြီးထံမှ **ဆဲဗင်းဂျူလိုင်အရေးအခင်း မှတ်တမ်းဓါတ်ပုံ** စာအုပ်ကိုကြည့်ခွင့်ရခဲ့သည်။

ကျောင်းဆောင်စည်းကမ်းများအား မတရားတင်းကြပ်လိုက်သော ဗိုလ်နေဝင်း၏ အမိန့်ကို ကျောင်းသားများ ဆန့်ကျင်အော်ဟစ် ဆန္ဒပြနေကြပုံ၊ သေနတ်ဖြင့်ပစ်ခတ်နှိမ်နင်းသဖြင့် ကျောင်းသားများ အတုံးအရုံးလဲကျသေဆုံးနေပုံတို့ကိုတွေ့လိုက်ရသည်။ ဗိုလ်နေဝင်းက သူ့စစ်တပ်ကို မကြာမီကမှ အသစ်တပ်ဆင်လိုက်သော ဂျာမနီလုပ် **ဂျီသရီး** မောင်းပြန်သေနတ်၏စွမ်းပကားကိုသိလိုသောကြောင့် ကျောင်းသားများနှင့် စမ်းသပ်ကြည့်လိုက်တာဟု ရင်နင့်စွာ သိရှိခဲ့ရသည်။ ထိုမျှမက ကျောင်းသားများ တညီတညွတ်စုဝေးရာဖြစ်သော၊ ကျောင်းသားများက **ယူနီယံ** ဟု အမြတ်တနိုးခေါ်ခဲ့သော ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကိုနောက်နေ့ အရုဏ်တက်ချိန်တွင် **ဒိုင်းနမိုက်** မိုင်းများကပ်ပြီး ဖေါက်ခွဲလိုက်သဖြင့် အထဲမှ ကျောင်းသားများ ရာနှင့်ချီ၍သေဆုံးခဲ့သည်ဟု သိခဲ့ရသည်။ မိုင်းဒဏ်ကြောင့် မြေတွင် ပြားပြားဝပ်ဖြစ်သွားရသော ကျောင်းသားသမဂ္ဂအဆောက်အဦကြီး၏ ဓါတ်ပုံကို တုန်လှုပ်စွာတွေ့လိုက်ရသည်။ ဂျီသရီး မောင်းပြန်သေနတ်များနှင့် ပစ်ခတ်စဉ်က ကံကြီးလွန်း၍ လူကို မမှန်ဘဲ သူ၏ လုံချည်ခါးပုံစကိုသာ မှန်ခဲ့ကြောင်း၊ ဖွာလန်ကျဲစုတ်ပြတ်နေသော သူ၏ လုံချည်အဟောင်းတစ်ထည်ကို ပြ၍ **ကိုကျော်ကြီး** က သက်သေထူခဲ့သေးသည်။

မလှမ်းမကမ်းက နောက်ထပ်တရားပွဲတစ်ပွဲကို ဝင်းထိန် ရောက်သွား

ပြန်သည်။ ပရိသတ်(၂၀)ခန့်ကို ဒေါနှင့်မောနှင့် ဟောပြောနေသည့် အသက် (၅၀)ခန့် လူကြီးတစ်ယောက်၏ တရားပွဲဖြစ်သည်။ အသားဖြူဖြူ ရုပ်သန့်သန့်နှင့်ဖြစ်သည်။ ဗိုလ်နေဝင်းက ကျပ်(၅၀)တန်နှင့် ကျပ် (၁၀၀)တန်များကို တရားမဝင်ငွေစက္ကူအဖြစ် ကြေညာလိုက်၍ သူ့မိသားစုဘဝပျက်ခဲ့ရပုံကို စီကာပတ်ကုံး ပြောပြနေသည်။

ဗိုလ်နေဝင်းက ၁၉၆၄ တွင် ကျပ် (၅၀)တန်နှင့် ကျပ် (၁၀၀)တန်များကို တရားမဝင် ငွေစက္ကူအဖြစ် ကြေညာပြီး အားလုံးကို ပြန်သိမ်းယူလိုက်ချိန်တွင် ဝင်းထိန်က (၇)တန်းဖြေထားပြီး (၈)တန်းသို့တက်တော့မည့်အချိန်ဖြစ်သည်။ အိမ်ဘေးမှ **မြရတနာ ဆေးလိပ်ခုံပိုင်ရှင်** ဒေါ်မြတင်၏ ရင်ပတ်စည်တီး အော်ဟစ်ငိုယိုခဲ့သည်ကို မြင်ယောင်မိနေသည်။ ဒေါ်မြတင် ငိုမည်ဆိုပါက ငိုလောက်သည်။ ပြီးခဲ့သည့်တစ်လခန့်က ကညွတ်ကွင်းဈေးထဲတွင် သူ၏ခင်ပွန်း ဦးသာခင် ဦးစီးဖွင့်ထားသည့် ကုန်မျိုးစုံဆိုင်ကို ပြည်သူပိုင် အသိမ်းခံထားရ၍ ဖြစ်သည်။ လင်းယော်ခင် သို့ ထွက်ရာလမ်း မြို့ရှေ့ ဘုန်းတော်ကြီးကျောင်းအနီး နတ်စင်ရှေ့တွင် ကျပ် (၁၀၀)တန် ငွေစက္ကူ အထုပ်ကြီးတစ်ထုပ် စွန့်ပစ်ထားခဲ့ကြောင်း သတင်းများကြားခဲ့ရသည်။ ဝင်းထိန်သွားမကြည့်ခဲ့ရပါ။ ယင်းငွေစက္ကူထုပ်ထဲတွင် ဗိုလ်နေဝင်းအား **ကျိန်စာ** တိုက်ထားသော စာတစ်စောင်ပါသည်ဟုလည်းဆိုခဲ့ရသည်။

ဥာဏ်ကြွယ်သူများက ဟာသထုတ်ကာ ပုံပြင်လုပ်၍ ပြောကြ၊ ဟောကြ တာတွေလည်းရှိသည်။ မြန်မာပြည်ကြီးဆင်းရဲတွင်းမှထွက်ပြီး ကြွယ်ဝလာစေရန် ဗိုလ်နေဝင်း၊ ဗိုလ်စန်းယု၊ မျက်မှန်ဗိုလ်တင်ဦးတို့အား ရဟတ်ယာဉ်ပေါ်မှ ခုန်ဆင်းကြရန် အကြံပေးခဲ့သော လေယာဉ်မှူးပုံပြင်မှာ လူကြိုက်များလှသည်။

ကျောင်းသားတစ်ယောက်က သောလုံးထုတ်သွားသည်။ ဗမာပြည်အား နာမည်ပြောင်းတော့မည်ဖြစ်ကြောင်း **အင်ဒိုနီးရှား**၊ **မလေးရှား** တို့ကဲ့သို့ **ဘာမေးရှား** ဟု ပြောင်းတော့မည်ဖြစ်ကြောင်း၊ ပြောင်းရသည့် အကြောင်းမှာ **ဘာမေးမေး ဝယ်လို့မရအောင်ရှား** သောကြောင့်ဟုဆိုသည်။ ပရိသတ်အကြိုက်တွေ့သွားသည်။

ပရိသတ်ထဲမှ တစ်ဦးက ကျေးလက်မှလာသောပုံပြင်တစ်ပုဒ်ကို ပြောသွားသည်။ အညာက ကျေးရွာတစ်ရွာကို ဗိုလ်နေဝင်း၏ မဆလပါတီ ကေဒါတစ်ဦးက စည်းရုံးရေးဆင်းခဲ့သည်ဟု ဆိုသည်။ ယင်းကေဒါ၏ လက်ထဲတွင် **အညမညသဘောတရား** စာအုပ်ကိုကိုင်ပြီး တောင်သူဦးကြီးတွေကို စာတစ်ပိုဒ်ဖတ်ပြလိုက်၊ ရှင်းပြလိုက် လုပ်နေသည်ဟု ဆိုသည်။ ပါတီကေဒါက ဖတ်ပြလိုက်၊ ရှင်းပြလိုက်လုပ်တိုင်း၊ နားထောင်နေသော တောင်သူဦးကြီးထဲမှ အသက်ကြီးကြီး တောင်သူဦးကြီးတစ်ယောက်က "ငါ့တူ-မင်းဟာက အကောင်း မကုန်ပါလားကွာ" ဟု ချီးကျူးထောပနာပြုသည်ဟုဆိုသည်။ ယင်းသို့ "မင်းဟာက အကောင်း မကုန်ပါလား" ဟု တောင်သူဦးကြီး၏ ထပ်တလဲလဲ ချီးကျူးသံကြောင့် ပီတိဖြစ်နေသော ပါတီကေဒါက နောက်ဆုံးစာပိုဒ် ဖတ်ပြပြီးချိန်မှာတော့ "ငါ့တူ တကယ်ဘဲ မင်းဟာက အကောင်းမကုန်ပါဘူးကွာ၊ အကောင်း မကုန်ဘူးဆိုတာ အကုန် မကောင်းဘူးလို့ပြောတာဟေ့" လို့ တောင်သူဦးကြီး က ဘွင်းဘွင်းပဲ ပြောလိုက်သည်ဟုဆိုသည်။ ပရိသတ်တဝါးဝါးဖြင့် ပွဲကျသွားကြသည်။

ဝင်းထိန် အမိပတိလမ်းမကြီးကို ဖြတ်၍ စာကြည့်တိုက်ဘက် ကူးခဲ့သည်။ အုတ်ခုံငယ်တစ်ခုပေါ်တွင် ဝင်းထိန်နှင့် အသက်မတိမ်းမယိမ်း လူငယ်တစ်ဦး ဟောပြောနေသည်။ ဗိုလ်နေဝင်းအစိုးရ စီမံခန့်ခွဲမှုညံ့ဖျင်းလွန်း၍ ၁၉၆၉ခု ကျွန်းဆွယ်အားကစားပွဲတော်ကြီးတွင် အရေးအခင်းဖြစ်ခဲ့ရပြီး တစ်ပြည်လုံးရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ခဲ့ရသည်ကို ဇာတ်စုံခင်းပြနေသည်။ ဟောနေသူ၏ အသက်အရွယ်ကိုထောက်ပြီး **သူ့ကိုယ်တွေ့** ဟု ဝင်းထိန်က ကောက်ချက်ချလိုက်သည်။

၁၉၆၉ ဒီဇင်ဘာ ကျွန်းဆွယ်အားကစားပွဲတော် အရေးအခင်းဖြစ်တော့ ဝင်းထိန် ဂျီတီအိုင် နောက်ဆုံးနှစ်သို့ ရောက်နေပြီ။ ယင်းအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကြည့်ချင်လွန်း၍ အင်းစိန်ဘူတာရုံ နောက်ကျောတွင် ဖွင့်ထားသော လက်မှတ်ရုံတွင် ညလုံးပေါက်တန်းစီပြီးဝယ်ခဲ့ရသည်။ ဖွင့်ပွဲ အခမ်းအနားကျင်းပမည့်ရက်တွင် အောင်ဆန်းကွင်းကိုရောက်တော့ ပရိသတ် အဆမတန်များပြားနေသည်ကိုတွေ့လိုက်ရသည်။ ကွင်းထဲတွင် လူမဆန့်တော့

ဘူးဟု ပြောသံကိုလည်းကြားလိုက်သည်။ အပြင်တွင်လည်း ကွင်းထဲဝင်ခွင့်မရသေးသည့် ပရိသတ်ကကြပ်ခဲနေသည်။ ဝင်းထိန်တို့ သူငယ်ချင်းသုံးယောက် လက်မှတ်ကိုယ်စီဖြင့် မရမက တိုးဝှေ့ပြီး ဝင်သွား၍ ကွင်းထဲ ရောက်သွားသော်လည်း ထိုင်စရာနေရာမရဖြစ်ခဲ့သည်။ အတူတူလာသော သူငယ်ချင်းသုံးယောက် တစ်ကွဲစီဖြစ် သွားကြသည်။ ဝင်းထိန်ကတော့ ဘူတာကြီးဘက် ပွဲကြည့်စင် ထိပ်ဆုံးကန်း၌ မတ်တတ်ရပ်စရာနေရာ တစ်နေရာရခဲ့သည်။ ကျန်နှစ်ယောက် ဘယ်ရောက်သွားသည်မသိ။ ဖွင့်ပွဲအခမ်းအနားကို **ဗိုလ်စန်းယု** က လာရောက်ဖွင့်ပေးသည်။ ဖွင့်ပွဲအခမ်းအနားက ကြီးကျယ်ခမ်းနားလှသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အိမ်ရှင်မြန်မာဘောလုံးအသင်းနှင့် **ထိုင်းဘောလုံးအသင်း**တို့ ကွင်းဖွင့်ပွဲကန်ကြသည်။ ကွင်းထဲမှပရိသတ်က ဘောလုံးပွဲကို အားပါးတရ အားပေးနေကြသလို ကွင်းထဲမဝင်ရသော ကွင်းပြင်ပရိသတ်ကလည်း ဒေါသတကြီးဖြင့် အောင်ဆန်းကွင်းကြီးကို ခဲနှင့်ပစ်ပေါက်ပြီး ဆဲဆို၍ အားပေးနေကြသည်။ ပြဿနာကစပြီ။

ပြဿနာ၏ဇာစ်မြစ်မှာ ဤသို့ဖြစ်သည်။

အစိုးရ ရောင်းလိုက်သော ဖွင့်ပွဲလက်မှတ်ဝယ်၍ မရသူများက အပြင်က မှောင်ခိုလက်မှတ်ကို အဆမတန်ဈေးကြီးပေးပြီး ဝယ်ခဲ့ကြရသည်။ ဤတွင် ဖွင့်ပွဲဝင်ခွင့်လက်မှတ် အတုများပေါ်လာသည်။ လက်မှတ်အတုများကလည်း လက်မှတ်အစစ်နှင့်ခွဲမရအောင် တူသည်ဟုဆိုသည်။ အဆမတန်ဈေးကြီးပေးဝယ်ထားပြီးကာမှ လူမဆန့်၍ ကွင်းထဲသို့ ဝင်ခွင့်မရသောအခါ အပြင်ကပရိသတ်က ဆူတော့သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ တစ်ဂိုးစီဖြင့် သရေကျသွားသည်။ ဘောလုံးပွဲပြီး၍ ထွက်လာသောပရိသတ်နှင့် အပြင်ပရိသတ်တို့ ပူးပေါင်းမိသွားကြသည်။ ဝင်းထိန်က ဒေါသူပုန်ထနေသော လူငယ်အုပ်စုတစ်စုနှင့် ပေါင်းမိသွားသည်။ သမ္မတရုပ်ရှင်ရုံကိုဖြတ်၍ ဆူးလေခုံးကျော်တံတားကိုကျော်ကာ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဒေါင့်ရှိ **ပြည်သူ့မုန့်တိုက်**သို့သွားဝိုင်းကြသည်။ တကယ်တော့ ၎င်း **ပြည်သူ့မုန့်တိုက်** သည် ကုန်သွယ်ရေး

ဝန်ကြီးဌာနမှ နာမည်ခံကာ ဖွင့်ပေးထားခြင်းဖြစ်သည်။ ဗိုလ်နေဝင်း၏ မိန်းမ **ဒေါ်ခင်မေသန်း** ပိုင်သော မုန့်တိုက်ဖြစ်မှန်း ရန်ကုန်လူထုကသိသည်။ ယင်း မုန့်တိုက်ကိုပိုင်း၍ ခဲဖြင့် တစ်လုံးနှစ်လုံး ပေါက်ရုံရှိသေးသည် ဘယ်အချိန်က ရောက်နေမှန်းမသိရသောစစ်တပ်က မုန့်တိုက်ထဲမှထွက်လာပြီး သေနတ်ကို မိုးပေါ်ထောင်ဖေါက်လိုက်၍ ဝင်းထိန်တို့ ဆူးလေဘုရားလမ်းကို ဖြတ်၍ ပန်းဆိုးတန်းအထိ ပြေးခဲ့ရသည်ကို မှတ်မိနေသည်။

ကျွန်းဆွယ်အရေးအခင်းက ဤမျှနှင့်ရပ်မသွားခဲ့ပါ။ ကျွန်းဆွယ်လက်ဝှေ့ ပြိုင်ပွဲများကို သမိုင်းကောလိပ်ဝင်းအတွင်း ကျောင်းသားဘော်ဒါဆောင်များ အလယ်တွင်ရှိ လက်ဝှေ့အားကစားရုံတွင် ကျင်းပခဲ့သည်။ လက်ဝှေ့ပြိုင်ပွဲတွင် လည်းအလားတူပြဿနာပေါ်ခဲ့သည်။ လုံခြုံရေးရဲနှင့် ကျောင်းသားတို့ ထိပ်တိုက် တိုးပြီး ရုန်းရင်းဆန်ခတ်မှုများဖြစ်ခဲ့သည်။ ရဲက ကျောင်းသားများကို အဆောင်ပေါ် ထိတက်ပြီး ဖမ်းခဲ့သည်။ မဆိုင်သူများပါ, ပါသွားကြသည်။

နောက်ဖြစ်သည့်ပြဿနာတစ်ခုမှာ ဤဘွဲ့နှင်းသဘင်ခန်းမကြီးတွင် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးအား ကျွန်းဆွယ်အားကစား ပြိုင်ပွဲ၏ ဂျူဒိုပြိုင်ပွဲ ကျင်းပရာအားကစားရုံကြီးအဖြစ် ပြောင်းလဲသတ်မှတ် လိုက်သည်။ ကျောင်းသားများက တက္ကသိုလ်တစ်ခု၏ အထွတ်အမြတ်ထားရာ ဘွဲ့နှင်းသဘင်ခန်းမကြီးကို အားကစားရုံအဖြစ်မပြုလုပ်ရန် ကန့်ကွက်တောင်းဆို ခဲ့သော်လည်း ဗိုလ်နေဝင်းက လက်မခံပယ်ချခဲ့သည်။ ထို့ပြင် ဂျူဒိုအားကစားရုံ အဖြစ်ပြောင်းလဲစဉ်က ခန်းမကြီး၏ အပြင်မျက်နှာစာအားလုံးကို ဆေးအဖြူဖြင့် သုတ်ခဲ့ကြသည်။ တက္ကသိုလ်တစ်ခု၏ ဘွဲ့နှင်းသဘင်ခန်းမဆိုသည်မှာ ဆေးအသစ် ဖြင့်မွမ်းမံချယ်သရိုးထုံးစံ မရှိပေ။ ဘွဲ့နှင်းသဘင်ခန်းမတစ်ခု၏ ဟောင်းနွမ်း နေမှုသည် ၎င်း၏ ဂုဏ်ကျက်သရေပင်ဖြစ်သည်။ ၎င်းတက္ကသိုလ်၏ သက်တမ်းကြာ ညောင်းနေမှုကို ပြသခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဘွဲ့ရပညာတတ်များကို မည်မျှ ကြာမြင့်သည့်အချိန်ကတည်းက မွေးထုတ်ပေးခဲ့သည်ကို ပြသရာရောက် သည်။ ဘွဲ့နှင်းသဘင်ခန်းမကို ဆေးအသစ်သုတ်လိုက်ခြင်းသည် ယင်းတက္ကသိုလ် ၏သမိုင်းကြောင်းကို ဖျက်လိုက်ခြင်းမည်၏။ ကျောင်းသားများ ကန့်ကွက်ခဲ့

သော်လည်း ဗိုလ်နေဝင်း လက်မခံခဲ့ပါ။ ထို့ပြင် ခန်းမကြီး၏ ပတ်လည်တွင် ပြိုင်ပွဲဝင် မြန်မာ၊ လာအို၊ မလေးရှား၊ စင်္ကာပူ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံများ၏ နိုင်ငံအလံများကို လွှင့်ထူထားလိုက်သေးသည်။ အမြင်မတော် ဆင်တော်နှင့် ခလောက်ဖြစ်ခဲ့သည်။

ဤသို့ဖြင့် ရင်ထဲတွင် အကြိတ်အခဲဖြစ်နေသော ကျောင်းသားများနှင့် ပြိုင်ပွဲအတွက် လုံခြုံရေးယူရသောရဲတို့ ထိပ်တိုက်တွေ့ကြသည်။ ကျောင်းသားများ အရိုက်အနှက်ခံခဲ့ရသည်။ အဖမ်းအဆီးခံခဲ့ရသည်။ ဗိုလ်နေဝင်း က တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့အား ရက်အကန့်အသတ်မရှိ ပိတ်လိုက်သည့်နည်းဖြင့် ဖြေရှင်းလိုက်သည်။

တက္ကသိုလ်စာကြည့်တိုက်ဝန်းကျင်တွင် ခါတော်မီ ဖွင့်လာကြသော မုန့်ဟင်းခါးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်တို့ဖြင့် စည်းကားနေပေပြီ။ ဝင်းထိန် နေ့လည်စာကို ထမင်းသုတ်တစ်ပွဲဖြင့် ပြီးစီးခဲ့သည်။ ကျောင်းဝင်းအတွင်းရှိ အထောင်အသောင်းသော ကျောင်းသားထုကြီး၏ စားရေးသောက်ရေးကို မည်သို့ဖြေရှင်းနေကြသည်မသိ။ ဝင်းထိန် စူးစမ်းမိသည်။

"ပူမနေနဲ့ ငါ့တူရဲ့ မြို့ထဲက ပို့တဲ့ ထမင်းထုပ်တွေဆိုရင် စားလို့တောင် မကုန်ဘူး၊ မြောက်ဥက္ကလာကဆိုရင် ဒေါ့ဂျစ်ကားနဲ့ အစီးလိုက်ပို့တာ" ဟု ဆိုင်ရှင်အဒေါ်ကြီးက ဝင်းထိန်၏စူးစမ်းမှုကို သူသိထားသလို ရှင်းပြသည်။ ပြည်သူလူထုက ကျောင်းသားများအပေါ် ထားရှိသောစေတနာကို ဝင်းထိန် သဘောပေါက်ပြီးသားဖြစ်သည်။

အဓိပတိလမ်းမကြီးအတိုင်း လျှောက်ခဲ့ရင်း ပရိသတ်အတွင်း ဝင်ရောက်၍ စနည်းနာခဲ့သည်။ ကျောင်းသားများအတွင်းတွင် အယူအဆကွဲပြားနေသူများရှိနေသည်ကြားသိခဲ့ရသည်။ ကျောင်းသားအချို့က သမဂ္ဂနေရာဟောင်းမှာပဲ ဂူသွင်းမည်။ တစက်မျှအလျှော့မပေးနိုင်ဟု တင်းခံနေကြသည်ဟုဆိုသည်။ အချို့က ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်အနီးတွင် ပို့၍သင့်တော်သည်ဟုဆိုသည်။ ကျောင်းသားတို့အတွင်း ကွဲအက်သံကိုကြားလိုက်ရ၍ ဝင်းထိန် လန့်ဖျတ်သွားသည်။

မန္တလေးဆောင်ဘက်ရောက်လာသည်။ အဆောင်ထဲတွင် ကျောင်းသားများ လှုပ်လှုပ်ရှားရှားရှိနေသည်ကို တွေ့ရသည်။ အဆောင်ရှေ့လမ်းမကြီးဘေးတွင် ထမင်းစားစားပွဲခင်းကြီးတစ်ခုဖြန့်ခင်းပြီး ရုပ်ပွင့်ငွေအတွက် အလှူခံနေသည်။ အလှူခံစားပွဲခင်းထဲတွင် ငွေစက္ကူများ ဖွေးဖွေးလှုပ်နေသည်။ ဝင်းထိန် မိန်းဂိတ်ကြီးမှ ထွက်လာတော့ ညနေ (၃)နာရီခန့် ရှိနေပြီ၊ အကြောင်းထွေထွေထူးထူး မရှိသဖြင့် ရွှေလှဆီ မဝင်တော့၊ ဘတ်စ်ကား (၃)ဆင့် ပြောင်းစီးပြီး သုဝဏ္ဏသို့ ပြန်ခဲ့သည်။

× × ×

(၁၁)

၁၉၇၄ခု၊ ဒီဇင်ဘာလ (၇)ရက်။

ညို့ညို့မှိုင်းမှိုင်းနှင့် အုံ့အုံ့ဆိုင်းဆိုင်းရှိလှသော ကုက္ကိုပင်အိုကြီးများ၏ အရိပ်အာဝါသအောက်တွင် ဝင်းထိန်တို့ရုံးမှာ အေးချမ်းငြိမ်သက်စွာရှိနေသည်။ မြောက်မှလာသော ဆောင်းလေအေးများက အပူဓါတ်ကို ခေါင်းမထောင်အောင် ချိုးနှိမ်ထားခဲ့သည်။

ဦးသန့် ရုပ်ကလပ် ရန်ကုန်တက္ကသိုလ်ဝင်းထဲသို့ ရောက်ရှိနေသည့် (၃)ရက်မြောက်နေ့ဖြစ်သည်။

မနက်ရုံးရောက်ကတည်းက ဝင်းထိန် ပုံဆွဲစားပွဲမှ မထတမ်းလုံးပမ်းနေသည်။ ယခုရက်ပိုင်း ရုံးပြင်ထွက်ချိန်များနေသဖြင့် တင်နေသော အလုပ်ကြွေးကို ရတတ်သမျှ အချိန်နှင့် ပေးဆပ်နေရသည်။ ဆရာဦးသန်းထွန်း ခိုင်းထားသော တံခါးပြတင်းဖြတ်ပိုင်း ပုံစံများကို လက်စသတ်နိုင်အောင် ကြိုးစားနေရသည်။ သမိုင်းဘက်မှ ရုံးတက်လာသော မယဉ်လှက ဦးဆောင်ပြီး ကြည်ကြည်စန်း၊ မပြုံးကြည်၊ နယ်လီဝင်းတို့ကို ကြားခဲ့ရသမျှ သတင်းစကားတွေနှင့် ဖေါက်သည်ချနေသည်။ မိမိတို့ ဝန်ကြီးဌာနမှ ဆောက်လုပ်ပေးနေသော တက္ကသိုလ်စာကြည့်တိုက်အဆောက်အဦး လုပ်ငန်းခွင်မှ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ တို့ကို ကျောင်းသားတို့က ယူငင်သွားပြီး ဦးသန့် အတွက် အုတ်ဂူ ဆောက်ပေးနေကြောင်း

ကို နှစ်ထောင်းအားရစွာပြောနေသည်။

တယ်လီဖုန်းက အသံမြည်လာသည်။ ဝင်းထိန် ပုံဆွဲစားပွဲရှေ့တွင် စားပွဲငယ်လေးတစ်လုံး ရှိသည်။ ထိုစားပွဲငယ်ပေါ်တင် တစ်ရုံးလုံးသုံးရန် တယ်လီဖုန်းတစ်လုံးပေးထားသည်။ ဝင်းထိန်ထပြီး တယ်လီဖုန်းကိုင်လိုက်သည်။ တိုက်ဆိုင်စွာပင် တယ်လီဖုန်းက ဝင်းထိန်အတွက် ဖြစ်နေသည်။ ရွှေလှထံမှ ဖြစ်သည်။

" ဝင်းထိန်- မင်းနေ့လည်ရုံးဆင်းရင် ငါ့ဆီလာခဲ့အုံး၊ ပြောစရာတွေရှိတယ်" ရွှေလှက အသံခပ်အုပ်အုပ်ဖြင့် ပြောသွားသည်။ သည်ကနေ့ စနေနေ့မို့ နေ့တစ်ပိုင်းပဲရုံးတက်ရမည်။ နေ့လည်ရုံးဆင်းချိန်တွင် ဆွဲလက်စပုံအား လိပ်သိမ်းပြီး တစ်ခါတည်းရုံးဆင်းခဲ့တော့သည်။

ရွှေလှကို သူတို့ရုံးဝမှာဘဲ အဆင်သင့်တွေ့သည်။ ဝင်းထိန်ပခုံးကို ဖက်ရင်းလေသံဖြင့် ပြောလိုက်သည်။

" လက်ဖက်ရည်ဆိုင်သွားမယ်ကွာ၊ ဟိုကျမှ ပြောကြရအောင်"

လှည်းတန်းဈေးထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့သည်။ ဆိုင်ထဲတွင် အခြားသူများစားပွဲနှင့် လှမ်းသောစားပွဲကို ရွေးပြီး ထိုင်လိုက်ကြသည်။ လက်ဖက်ရည် (၂)ခွက်မှာလိုက်သည်။

" မနေ့ညက ရုံးကို သိန်းမင်းရောက်လာတယ်၊ ဖစ်ဇစ် ဆက်ကင်ရီးယားက သိန်းမင်းလေ မင်းသိပါတယ်။"

" သိပါတယ်ကွာ၊ ဒါနဲ့ အဲဒီကောင်ကမင်းဆီကို ဘယ်လိုလုပ် ပေါက်ချလာတာလဲ "

" ညက (၉)နာရီ ထိုးခါနီးမှ ရောက်လာတာ၊ မင်းကိုငါ ပြောထားသားဘဲ၊ ငါတို့ နိုက်ဂျူတီဆင်းနေရတယ်ဆိုတာ "

" အေး ဟုတ်ပါပြီကွာ၊ ဘာကိစ္စနဲ့ လာတာတဲ့တုံး "

" ငါ့ကိုလာပြီး အသုံးချတာပေါ့ကွာ၊ ကျောင်းသားတွေထဲ ဝင်ပေးပေါ့၊ မုန့်ဖိုးရမယ်ပေါ့ "

ဝင်းထိန် အလွန်စိတ်ဝင်စားသွားသည်။ မှာထားသော လက်ဖက်ရည်

(၂)ခွက် စားပွဲထိုးလာချ၍ စကားဖြတ်ထားလိုက်ကြသည်။ ပြီးမှ စကားဆက်ကြသည်။

"ကျောင်းသားတွေက ထုနဲ့ထယ်နဲ့ ဖြစ်နေတယ်။ သူလုပ်ရမည့် အလုပ်တွေကလည်း သိပ်များနေတယ်။ သူ့အနေနဲ့ ထောင့်စေ့အောင် မလုပ်နိုင်ဘူးပေါ့ကွာ၊ အဲဒါနဲ့ သူ့ဆရာတွေကို တင်ပြပြီး နောက်ထပ်လူမွေးမယ်ပေါ့၊ ငါက ကျောင်းသားတွေထဲ ဝင်နိုင်တဲ့အရွယ်နဲ့ အနေအထားမှာရှိနေတယ်။ သူတို့နဲ့ ဆက်သွယ်ဖို့ဆိုတာလဲ ဘာမှ တကူးတကန့် လုပ်နေစရာမလိုတော့ဘူး၊ တစ်ရုံးထဲမှာ ဖြစ်နေကြပြီ။ အမြဲတမ်းထိတွေ့နေပြီးသားဖြစ်နေတယ်။ တကယ်လို့ ငါက လုပ်မယ်ဆိုရင်ဘာတွေလုပ်ရမယ်ဆိုတာ သူ့ဆရာတွေက ပြောမယ်ပေါ့"

"ဒီတော့ မင်းက ဘာပြန်ပြောလိုက်လဲ" ဝင်းထိန်က သိလိုဇောနဲ့ မေးလိုက်သည်ကို၊ ရွှေလှက လက်ဖက်ရည်ခွက်ကောက်မော့ပြီးခါမှ

"ငါကတော့ မယုတ်မလွန်ပေါ့ကွာ၊ အကြောင်းပြချက်မကောင်းဘဲ တစ်ခါတည်းငြင်းလိုက်ရင်တစ်မျိုးထင်သွားမယ်၊ နောက်ပြီး ငါတို့ဥက္ကဋ္ဌလဲ ရှိနေသေးတယ်မဟုတ်လား၊ နောက်ပြီး ငါက မင်းနဲ့လဲတိုင်ပင်ချင်သေးတယ်"

ရွှေလှ က ထုံးစံအတိုင်း ခပ်ချွဲချွဲ ပြောလိုက်သည်။ ဝင်းထိန် လက်ဖက်ရည်ကို တစ်ချက် မော့လိုက်ပြီး ခေါင်းထဲမှာအပြေးအလွှားတွက်ချက်နေသည်။ ခဏကြာမှ

"ကောင်းတယ်သူငယ်ချင်း၊ မင်းလုပ်မယ်ပြောလိုက်၊ မင်းက ကျောင်းသားတွေဆီကရတဲ့သတင်းဆိုရင် အတည့်အတိုင်းမပြောနဲ့၊ လက်တစ်လုံးခြားလွှဲပြီးပြောလိုက်၊ ကျောင်းသားတွေထိခိုက်သွားမယ်သတင်း၊ နစ်နာသွားမယ့်သတင်းဆိုရင် လုံးဝမပြောနဲ့၊ နောက်ပြီး သိန်းမင်းဆရာတွေဆီကရတဲ့သတင်းကို ငါ့ကိုပြောပေး၊ ငါကကျောင်းသားတွေဆီ မရောက်ရောက်အောင် ပို့ပေးမယ်"

နှစ်ယောက်စလုံး လက်ကျန်လက်ဖက်ရည်ကိုရှင်းလိုက်ရင်း

"အဲဒါတော့ ဟုတ်ပြီ၊ တို့နှစ်ယောက်လုံး အန္တရာယ်ကင်းအောင်တော့ သတိထားရလိမ့်မယ်၊ အခုလောလောဆယ် ငါသိထားတာတစ်ခုရှိတယ်၊ သိန်းမင်းဆီက သိလိုက်ရတာ၊ သိန်းမင်းတို့ကျောင်းထဲဝင်ရင် သူတို့ချင်း အချိတ်

အဆက်ရအောင်နဲ့ လူချင်းမမှားရအောင် ရှပ်အင်္ကျီအိတ်ကပ်အပေါ် ဘက် ဘယ်ဘက်ထောင့်မှာ ရုံးသုံးပင်အပ်တစ်ချောင်းကို ထောင်လိုက်စိုက်ပြီး ပင်အပ် ခေါင်းကို ဖော် ထားရမယ်တဲ့ကွ" ရွှေလှက ပါးစပ်ကလည်းပြော လက်ကလည်း သရုပ်ပြနေသည်။ ဝင်းထိန် သေသေချာချာကြည့်ပြီး ဂရုတစိုက်မှတ်ထားလိုက် သည်။

" ကဲလုပ်စရာရှိတာကို သိုသိုသိပ်သိပ်လုပ်ကြတာပေါ့ကွာ" ဟု ဝင်းထိန် က ပြောရင်း ကောင်တာမှာငွေသွားရှင်း၍ ဆိုင်ထဲမှ ထွက်လာကြသည်။ ရွှေလှ က တာဝန်ရှိနေသေး၍ ရုံးသို့ပြန်သွားသည်။ ဝင်းထိန်က တက္ကသိုလ်ဘက် လျှောက်လာခဲ့သည်။

သိန်းမင်း အကြောင်း တစ်စွန်းတစ်စကြားထား သိထားတာတွေရှိ သည်။ လူချင်းမတွေ့ကြရသည်မှာ နှစ်ကာလနှင့်ပင်ချီ၍ ကြာမြင့်ခဲ့ပြီ။ ကြားခဲ့ရ သည့် သတင်းတွေကလည်း ဝင်းထိန် ဘဝင်မတွေ့။ သိန်းမင်းနှင့် ရွှေလှတို့က (၁၀)တန်းကို အတူအောင်ခဲ့ကြသည်။ သိန်းမင်းက အသားဖြူဖြူ လူပုံချောချော၊ သပ်သပ်ယပ်ယပ် နေတတ်သည်။ အသုံးအစွဲစနစ်ကျသည်။ အပေါင်းအသင်း ရွေးချယ်ပေါင်းတတ်သည်။ ရန်ကုန်တက္ကသိုလ်သို့ ရောက်လာပြီး ရူပဗေဒ အဓိကဖြင့် ကျောင်းဆက်တက်သည်။ အဆောင်နေကျောင်းသားအဖြစ်နှင့် တော့ မဟုတ်၊ တာမွေ ဆွေမျိုးအိမ်မှတက်ခြင်းဖြစ်သည်။ ဤသို့ကျောင်းတက် နေရင်း ရန်ကုန်က မိန်းကလေးတစ်ဦးဖြင့် ငြိကြသည်ဟုဆိုသည်။ ထိုမိန်းကလေး ၏ ဖခင်က ထောက်လှမ်းရေးတွင် ဗိုလ်ကြီးအဆင့်ဟု ဆိုသည်။ ၎င်းမိန်းကလေး မှတဆင့် ဖခင်ဖြစ်သူနှင့် သိကျွမ်းခွင့်ရသွားသည်။ ဖခင်ဖြစ်သူ၏ခွင့်ပြုချက်ဖြင့် မိန်းကလေးက သိန်းမင်းကိုအိမ်သို့ အလည်ခေါ် သည်။ ဖခင်ဖြစ်သူ သိန်းမင်း၏ မိသားစုအခြေအနေနှင့် နောက်ကြောင်းရာဇဝင်ကို တီးခေါက်ကြည့်ပြီး ဟာဝန် တစ်ရပ် အပ်နှင်းလိုက်သည်။

" မင်းလဲ ချောင်ချောင်လည်လည် သုံးရတာပေါ့ကွာ၊ ငါ့အိမ်ကိုလည်း ဝင်ထွက်ပေါ့" နှစ်သိမ့်စကားဆိုကာ အိမ်ကိုလည်း လမ်းဖွင့်ပေးခဲ့သည်။

အိမ်ကြက်ချင်းတော့ အိုးမည်းသုတ်ပေးလိုက်ပြီ၊ ခွပ်ကြပေတော့။

ဤသို့ဖြင့် သိန်းမင်းတစ်ယောက် ရန်ကုန်တက္ကသိုလ်အတွင်း ထောက်လှမ်းရေးသတင်းပေး "အင်ဖော်မာ" တစ်ယောက်ဖြစ်ခဲ့ရသည်။ သိန်းမင်းက သူများကျောင်းထားမှ နေနိုင်မည့်သူမဟုတ်။ သူ့မိဘတွေက ဆိုင်နှင့်ကနားနှင့်၊ အိမ်ကြီးရခိုင်နှင့်၊ ကျွေးနိုင်မွေးနိုင်၊ စားနိုင်သောက်နိုင်၊ လှူနိုင်တန်းနိုင်ထဲက ဖြစ်သည်။

ဤအကြောင်းများကို ကာယကံရှင်သိန်းမင်းထံမှ သိခဲ့ရသည်မဟုတ်။ သိန်းမင်းနှင့် မတွေ့ရသည်မှာ ကြာလှပြီ။ ရန်ကုန်တွင်ရောက်နေကြသော သူငယ်ချင်းအသိုင်းအဝိုင်းမှ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိရခြင်းဖြစ်သည်။ မည်သည့်အတိုင်းအတာအထိ မှန်သည်ဆိုသည်ကို အပ်ချမတ်ချ ပြော၍မရချေ။ ပြော၍ရတာတစ်ခုရှိသည်။ "သိန်းမင်းတစ်ယောက် မဘက်လိုက်၍ မိုက်ဘက်ပါသွားပြီ " ဟု။

လူဆိုသည်မှာ ကိုယ့်သမိုင်းကိုယ် ရေးတာပဲဖြစ်သည်။

စီးပွားရေးတက္ကသိုလ်ဝင်ပေါက်မှဘဲဝင်သွားလိုက်သည်။ ဘွဲ့နှင်းသဘင်ခန်းမကြီးဘက်သို့ လျှောက်ခဲ့သည်။ သည်တစ်ခေါက် တက္ကသိုလ်ဝင်းထဲသို့ ဝင်လာရသည်မှာ ခြေလှမ်းပေါ့ပါးနေသည်။ ကျောင်းသားများ၏ အကျိုးကို ဆောင်ပေးနိုင်မည့် သတင်းစကားတစ်ပုဒ်ပါရှိခဲ့သည် မဟုတ်ပါလား။

ခန်းမကြီးရှေ့တွင် ဦးသန့်အား လာရောက် ဂါရဝပြုသူများနှင့် စည်ကားနေသည်။ ခန်းမကြီး၏ညာဘက် ဆင်ဝင်အောက်တွင် ကျောင်းသားအချို့ကို တွေ့ရသည်။ ဘေးဘက်တံခါးတွင်လည်း ဝင်လိုက်ထွက်လိုက်လုပ်နေ ကြသော ကျောင်းသားအချို့ရှိနေသည်။

ဝင်းထိန်ဆင်ဝင်အောက်ထဲ အထိဝင်သွားခဲ့သည်။ ဆင်ဝင်အောက်တွင် ရပ်နေသာ ကျောင်းသားနှစ်ယောက်က ဝင်းထိန်ကို အကဲခတ်နေသည်။ ယင်းကျောင်းသားနှစ်ယောက်နား ကပ်သွားပြီးခါမှ ဝင်းထိန် ဘယ်ကစပြောရမှန်းမသိ၍ မျက်နှာချိုသွေးပြီး ပြုံးပြလိုက်သည်။

"ငါ့ညီတို့၊ ငါ့ညီတို့က ဒီကျောင်းကဘဲလား" ဝင်းထိန်၏ နှုတ်ခွန်းဆက်စကားက သေသေသပ်သပ် မရှိ၊ မလှမပဖြစ်နေသည်။

" ဟုတ်တယ်၊ ခင်ဗျားက ဘာလုပ်မလို့တုံး " ကျောင်းသားနှစ်ယောက် အနက် အသက်ပုံကြီးပုံရသော ကျောင်းသားက တုံ့ပြန်လိုက်သည်။ တုံ့ပြန်ပုံ ကလည်းပြတ်သည်။

"ဒီလိုပါ . . . အစ်ကိုက မင်းတို့ဆီက **ကျောင်းသားကြီး** တွေဆီကို သတင်းတစ်ပုဒ်ပေးချင်လို့ပါ။ ဈာပနာကော်မတီက **ကျောင်းသားကြီး** တွေဆီ ဆိုပါတော့ကွာ၊ အဲဒီသတင်းကို မင်းတို့ဘဲယူသွားပေးပါ"

ဝင်းထိန်က **ကျောင်းသားခေါင်းဆောင်** ဟုမသုံး **ကျောင်းသားကြီး** ဟုပဲသုံးလိုက်သည်။ နှစ်ယောက်လုံးက ဝင်းထိန်ကို ခြေဆုံးခေါင်းဆုံးကြည့် သည်။ လက်ဆွဲအိတ်ကို စိတ်ဝင်တစားကြည့်ကြသည်။

"အစ်ကိုကဘယ်ကလဲ ဘာပြောချင်လို့လဲ" ငယ်သော ကျောင်းသားက မေးသည်။ ဝင်းထိန်က မြန်မြန်ပြောပြီး ကိစ္စဖြတ်လိုက်မှ ဖြစ်မည်ဟု ဆုံးဖြတ် လိုက်သည်။

"ဒီလိုပါ အစ်ကိုက [illegible]က်ရှိကျောင်းသားတော့မဟုတ်ဘူးပေါ့၊ ကျောင်းက ဆင်းပြီး အလုပ်ထဲရော[illegible]ပါပြီ၊ အစ်ကို သိထားတာလေးတစ်ခုရှိနေလို့ပါ၊ မင်းတို့အတွက် တကယ်အသုံးဝင်မှာပါ" ဝင်းထိန်က စကားကို ခဏဖြတ်ပြီးမှ ဆက်ပြောသည်။ နှစ်ယောက်စလုံး စိတ်ဝင်စားနေပုံရသည်။

" ဒီကျောင်းဝင်းထဲကို ထောက်လှမ်းရေးသတင်းပေး အင်ဖော်မာတွေ လွှတ်ထားတယ်၊ ကျောင်းသားပုံစံ ဖမ်းထားတယ်၊ အဲဒီ **အင်ဖော်မာ** တွေ သူတို့ချင်း အချိတ်အဆက်လုပ်လို့ရအောင်လို့ရယ် လူချင်းမမှားရအောင်လို့ရယ် သူတို့ ရှပ်အင်္ကျီအိတ်ကပ်အပေါ် ဘက်ဘယ်ဘက်မှာ ရုံးသုံးပင်အပ်တစ်ချောင်း ကို ထောင်လိုက်စိုက်ထားကြတယ်၊ ပင်အပ်ခေါင်းကိုဖော်ပြီးထားတယ်" ဝင်းထိန် က လက်ဖြင့်ပါ သရုပ်ပြလိုက်သည်။

"အဲဒီလို ကျောင်းသားပုံစံ ဖမ်းထားပြီး၊ အိတ်ကပ်မှာ ပင်အပ်ထိုးထား ရင်တော့ ထောက်လှမ်းရေးကလွှတ်ထားတဲ့ **အင်ဖော်မာ** တွေဘဲ၊ အဲဒါကို မင်းတို့ **ကျောင်းသားကြီး** တွေဆီ သွားပြောပေးပါကွာ၊ သူတို့ တကယ်အသုံးဝင် မှာပါ "

ကျောင်းသားနှစ်ယောက်လုံး စိတ်ဝင်တစား နားထောင်နေကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး

"မင်းကော၊ ငါကော၊ နှစ်ယောက်စလုံး အပေါ်တက်ပြီး ပြောလိုက်ကြရအောင်. . ." ငယ်သော ကျောင်းသားက အဖော်ညှိလိုက်သည်။

"ခင်ဗျားဥစ္စာ သေချာလို့လား၊ ခင်ဗျားကဘယ်ကမှန်းမသိ၊ ဘာမှန်းမသိဘဲနဲ့" ကြီးသောကျောင်းသားက သက်ဝမကင်းသည့်ပုံစံ လုပ်နေသည်။

"သေချာပါတယ်ကွာ. . . သေချာပါတယ်. . ." ဝင်းထိန်က ပြောပြောဆိုဆိုဖြင့် ခြေတစ်လှမ်းဆုတ်လိုက်သည်။ ကျောင်းသားနှစ်ယောက်ကို တစ်ချက်ပြုံးပြလိုက်ပြီး နောက်သို့ လှည့်ထွက်ခဲ့သည်။ ကျောင်းသားများ တကယ်သွားပြောမှာသေချာသည်ဟု တထစ်ချယုံလိုက်သည်။

ဘွဲ့နှင်းသဘင်ခန်းမကြီးရှေ့က တရားနာပရိသတ်ထဲ ဝင်ရောလိုက်သည်။ (၅)ရက်နေ့က ဈာပနကော်မတီက **နိုင်ငံတော်ကောင်စီ** ထံပေးပို့ထားသော **ရာဇသံ** သည် (၂၄)နာရီအတွင်းဟု သတ်မှတ်ထားသောကြောင့် မနေ့က (၆)ရက်နေ့ ညနေတည်းက အချိန်စေ့သွားပြီ။ အစိုးရဆီက မည်သို့ပြန်ကြားခဲ့သည်ဆိုသည်ကို သတင်းမရခဲ့ချေ။ သမဂ္ဂနေရာဟောင်းတွင် ဦးသန့်အတွက် အုတ်ဂူတည်ဆောက်နေသည်မှာ ပြီးစီးလုပြီဟုသာ သိခဲ့ရသည်။

ဝင်းထိန် မိန်းဂိတ်ကြီးဘက် လျှောက်ခဲ့သည်။ အဓိပတိလမ်းတစ်လျှောက်တွင်လည်း စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်တို့ဖြင့်စည်ကားလှသည်။ မန္တလေးဆောင်ရှေ့အရောက်တွင် သမဂ္ဂနေရာဟောင်း ကွက်လပ်ကြီးတွင် ကျောင်းသားများ ပျားပန်းခတ်မျှ အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရသည်။ တပျော်တပါးတက်တက်ကြွကြွနှင့် လုပ်နေကြသည်။ ဝင်းထိန် ကျောင်းသားတွေထဲ မဝင်တော့။ မိန်းဂိတ်ကြီးမှ (၈)ကားမှတ်တိုင်ဆီသို့ ဦးတည်လိုက်သည်။ သုဝဏ္ဏကိုပဲပြန်တော့မည်ဟုဆုံးဖြတ်လိုက်သည်။

×××

## (၁၂)

**၁၉၇၄ခု၊ ဒီဇင်ဘာလ (၈)ရက်။**

သည်ကနေ့ တနင်္ဂနွေနေ့ ဖြစ်သည်။

ဝင်းထိန် သုဝဏ္ဏမှထွက်လာတော့ နေ့လည် (၁၁)နာရီကျော်နေပြီ၊ နေရောင်ကြောင့် လောကဓါတ်တစ်ခုလုံး လင်းထိန်နေသော်လည်း ဆောင်းလေအေး၏ခုခံမှုကြောင့် အပူက ကြီးစိုးနိုင်စွမ်းမရှိချေ။

ခါတိုင်းကဲ့သို့ ပုသိမ်ညွှန့်တွင်ဆင်းပြီး ကားပြောင်းစီးမနေတော့ဘဲ (၁၁) ကားကို လင့်စဒေါင်းဂိတ်ဆုံး အထိစီးခဲ့သည်။ လင့်စဒေါင်းဂိတ်စမှ (၈) ကားကို ကမာရွတ်အထိ စီးခဲ့သည်။ ထိုင်ခုံနေရာရရန်အတွက်ကြောင့်လည်းကောင်း၊ ရုံးတက်ရန်မလို၍လည်းကောင်း ဤသို့စီးခဲ့ခြင်းဖြစ်သည်။ ရွှေလှတို့ ရုံးကပိတ်မည်မဟုတ်။ ဦးသန့် ရုပ်ကလပ်တက္ကသိုလ်ဝင်းထဲသို့ ရောက်သည်မှာ (၄)ရက်ရှိနေပြီ။ ထူးခြားမှုအခြေအနေကို သိချင်လှ၍ ရွှေလှဆီထွက်လာခဲ့ခြင်းဖြစ်သည်။

ရွှေလှတို့ ရုံးရော ာတော့ မွန်းလွဲ (၂)နာရီနီးပါးရှိနေပြီ။ သူ့စားပွဲမှာထိုင်နေသော ရွှေလှကို အဆင်သင့်တွေ့လိုက်သည်။ ရုံးခန်းထဲတွင် အမျိုးသမီးဝန်ထမ်းတစ်ယောက်မှ မတွေ့ရ။ သူတို့ကိုတော့ ရုံးပိတ်ပေးထားသည်ဟု ထင်သည်။ ဝင်းထိန်စားပွဲရှေ့ ကပ်ရပ်လိုက်မှ ရွှေလှက ခေါင်းမော့ကြည့်လိုက်သည်။ ဝင်းထိန်ကို တွေ့လိုက်သည်နှင့် -

"လာကွာ၊ ဟိုဘက်အခန်းသွားမယ်" ဟုဆိုလိုက်သည်။ မြို့နယ်ပြည်သူ့ကောင်စီရုံးနှင့်ကပ်လျက် အခန်းမှာ မြို့နယ်တရားသူကြီးအဖွဲ့၏ မြို့နယ်တရားရုံးဖြစ်သည်။ တရားစီရင်ရာ တရားခွင်လည်းဖြစ်သည်။ တနင်္ဂနွေနေ့မို့ ရုံးချိန်းမရှိသော်လည်း အခန်းကိုတော့ ဖွင့်ပေးထားသည်။ ခုံတန်းရှည်တစ်ခုတွင် ဝင်ထိုင်ကြရင်း

" ကွန်ဗို့ထဲမှာတော့ ဇာတ်ရှုပ်ကုန်ပြီကွ၊ နေ့လည်ကဘဲ ဦးသန့်အလောင်းပြန်လုခံလိုက်ရတယ်"

" ဟာ - ဘယ်လို - - " ဝင်းထိန် တအံ့တသြဖြင့် ဖြတ်ပြီးမေးလိုက်သည်။

" ဦးသန့်အလောင်းကို ကန်တော်မင်မှာချဖို့ တိုင်းကောင်စီနဲ့ သဘောတူထားပြီးပြီ၊ ကျောင်းသားတွေနဲ့ သဘောတူထားတာ"

"ဘယ်တုံးက သဘောတူလိုက်ကြတာလဲ၊ ငါလဲမကြားမိလိုက်ပါလား"

" ဒီလိုကွ၊ ဦးသန့်အလောင်းကို ကွန်ဗိုထဲမှာ ထားပြီးကတည်းက တိုင်းကောင်စီမှာ အစည်းအဝေး လုပ်တာ ၃-၄ခါ ရှိသွားပြီ၊ ဦးသန့် မိသားစုလည်း ပါတယ်၊ ကျောင်းသားကိုယ်စားလှယ်တွေလည်းပါတယ်၊ တိုင်းကောင်စီပြောတာက နိုင်ငံတော်ဈာပနာတော့မဟုတ်ဘူးပေါ့၊ ကျောင်းသားတွေဦးစီးတဲ့ဈာပနအနေနဲ့ပဲပေါ့. . . ကန်တော်မင်မှာ ချပေးဖို့ သဘောတူလိုက်ကြတာ၊ ဦးသန့် မိသားစုနဲ့ ကျောင်းသားတွေ၊ ဘုန်းကြီးတွေနဲ့ သီးခြားတိုင်ပင်ကြတုန်းလည်း ကန်တော်မင်မှာချဖို့ သဘောတူထားတာရှိတယ်တဲ့။ ဒီကနေ့ နေ့လည် ဦးသန့်ကို ကန်တော်မင်ကိုယူလာတော့မှ သဘောမတူတဲ့ ကျောင်းသားတွေက မန္တလေးဆောင်ရှေ့ကဖြတ်လုပြီး ဂူသွင်းလိုက်ကြပြီတဲ့. . ." ရွှေလှစကားကို ခဏဖြတ်လိုက်ပြီးမှ

" ငါလည်း ဒါတွေကို ဒီနေ့လည် ဦးသန့် အလုခံရပြီးတော့မှ ဥက္ကဋ္ဌ ပြောလို့သိရတာ၊ ငါတို့ဥက္ကဋ္ဌတော့ ပြာယာခတ်နေတာဘဲကွ၊ တယ်လီဖုန်းကလည်း လာလိုက်တာ တဂွမ်ဂွမ်နဲ့. . ."

မှောင်ရိပ်ထဲအသွား နောက်မှ လူချောင်းရိုက်သည်ကို ခံလိုက်ရသကဲ့သို့ ဝင်းထိန် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။

"ဒါဖြင့်. . . လတ်တလော အခြေအနေကော"

"ဦးသန့်ကိုတော့ ဂူသွင်းပြီးသွားပြီ၊ ဦးသန့်မိသားစုက ကျောင်းထဲက ပြန်သွားပြီ၊ ကျောင်းသားတွေကတော့ အောင်ပွဲခံနေကြလေရဲ့" ရွှေလှက စကားကိုလက်စသတ်လိုက်သည်။ ဝင်းထိန်က မတ်တတ်ထလိုက်ပြီး

" ငါတော့ တစ်ချက်လောက် အခြေအနေ သွားကြည့်လိုက်အုံးမယ်ကွာ"

" မင်း ကျောင်းဝင်းထဲသွားမလို့လား၊ ငါတော့မသွားစေချင်ဘူးကွာ၊ အထဲမှာက ဟိုဘက်က လွှတ်ထားတဲ့ကောင်တွေမနည်းတော့ဘူး၊ အဲဒီကောင်

တွေက တွေ့သမျှ မှတ်တမ်းတင်ထားပြီး နောက်မှ တစ်ယောက်ချင်း လိုက်ဆွဲမှာ၊ ကျောင်းသားတွေအချင်းချင်းလဲ မပြေမလည်ဖြစ်နေတယ်ကြားတယ်၊ မသွားတာဘဲကောင်းမယ်ထင်တယ်" ရွှေလှ၏ စေတနာပါသောစကားဖြစ်သည်။ လှည်းတန်းခုံးကျော်တံတားကို အရှိန်ယူ၍ တက်သွားသော ကုန်တင်ကား၏ ဟွန်းသံက ရုံးထဲသို့ဝင်လာသည်။

" ခဏတော့ ဝင်ကြည့်လိုက်ချင်သေးတယ်ကွာ၊ မျက်မြင်ကိုယ်တွေ့ဖြစ်သွားအောင်လို့ပါ"

" ဒါဖြင့် သတိဝီရိယလေးနဲ့သွား၊ အဲဒီမှာ အချိန်ဆွဲမနေနဲ့၊ တဖြည်းဖြည်းနဲ့ ပြဿနာတွေက ရှုပ်လာတော့မှာ " ရွှေလှ၏ စိုးရိမ်မကင်းသောစကားကို အသိအမှတ်ပြုရမည်။

ဝင်းထိန်ရုံးထဲက ထွက်လာသည်။ ကမာရွတ်ရဲစခန်းကို ကျော်ပြီးသောအခါ ဂျပ်ဆင်ကောလိပ်ဘက်ခြမ်း ပလက်ဖေါင်းဘက်သို့ကူးလိုက်သည်။ ပလက်ဖေါင်းအတိုင်းလျှောက်လာရင်း ဝင်းထိန်က ဖြစ်စဉ်တစ်ရပ်လုံးကို ပြန်လည်ခွဲခြမ်းစိတ်ဖြာနေမိသည်။

ကျောင်းသားတို့က ကျိုက္ကဆံကွင်းမှ ဦးသန့်ရုပ်ကလပ်ကို သယ်ဆောင်လာခဲ့သည့်မှစပြီး တက္ကသိုလ်ဝင်းအတွင်းသို့ ဝင်းထိန် နေ့တိုင်းရောက်သည်။ မနေ့က (၇)ရက်နေ့မှာပင်ရောက်ခဲ့သေးသည်။ သို့တိုင် ဦးသန့်အား (၈)ရက်နေ့ကန်တော်မင်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ကိုမသိရှိခဲ့ရ။ ကန်တော်မင်သို့ ပို့ဆောင်ရန်သဘောတူထားကြသောကျောင်းသားများက ကြေညာချက်မထုတ်ပြန်ဘဲနေမည်တော့မဟုတ်ချေ။ ဝင်းထိန် (၇)ရက်နေ့က တက္ကသိုလ်ဝင်းထဲ ရောက်ခဲ့သော်လည်း ဘာကြောင့် မသိခဲ့ရတာပါလိမ့်။

ဖြစ်နိုင်ဖွယ်ရာ အချက်ကို စဉ်းစားမိသည်မှာ ဝင်းထိန် (၇)ရက်နေ့ညနေခင်းမှာပြန်သွားခဲ့သည်ဖြစ်ရာ ညပိုင်းရောက်မှ ကျောင်းသားများက ကြေညာချက်ထုတ်လိုက်တာ ဖြစ်နိုင်လောက်သည်။ ဤသို့ဆိုလျှင် ကြားကဖြတ်ပြီး သမဂ္ဂနေရာဟောင်းတွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည့် ကျောင်းသားများလုပ်ရပ်ကို မည်သို့ သုံးသပ်မည်နည်း။ ဗိုလ်နေဝင်းအစိုးရအား အမြင့်ဆုံးသောစိန်ခေါ် မှုဖြင့်

ဆန့်ကျင်ဘက်ပြုလိုက်သည့် လုပ်ရပ်ဟု ဝင်းထိန် သုံးသပ်မိသည်။

မိန်းဂိတ်ဝတွင် ပရိသတ်များ လျှံထွက်နေသည်။ မိန်းဂိတ်ဝမှ တက္ကသိုလ်ရိပ်သာလမ်းကိုဖြတ်ပြီး စာတိုက်ဘက်သို့ ကူးချည်သန်းချည်လုပ်နေသော ပရိသတ်တို့ကြောင့် ကားငယ်လေးများက အရှိန်လျှော့ပြီးမောင်းပေးနေ ကြရသည်။ မိန်းဂိတ်ဝတွင် မတိုးသာမဆုတ်သာဖြစ်နေသော လူအုပ်ကြီးကို ရှောင်ရင်းတိမ်းရင်းအထဲသို့ဖြည်းဖြည်းချင်း ဝင်ခဲ့လိုက်သည်။ မန္တလေးဆောင်ရှေ့ အဓိပတိလမ်းမကြီးပေါ်တွင် လူထုပရိသတ်က အပြည့်ရှိနေသည်။ ဦးသန့် အုတ်ဂူကိုလည်း ကျောင်းသားတစ်ထပ်၊ သံဃာတစ်ထပ် ဝန်းရံထားသည်။ ဦးသန့်ဂူနား ချဉ်းကပ်ရန်မလွယ်ကူတော့။ လူတစ်ရပ်ခန့်ရှိ ဦးသန့်ပုံတူပန်းချီကား၊ ကုလသမဂ္ဂအလံပန်းချီကားတို့ကြောင့် ဦးသန့်အုတ်ဂူနေရာသို့ မှန်းဆနိုင်ခြင်းဖြစ်သည်။

ကျောင်းသူ၊ကျောင်းသားတို့၏ မျက်နှာတွင် စိုးရိမ်ပူပင်စိတ်ရှိသည်ကို မတွေ့ရ။ တက်ကြွရွှင်လန်းနေသည်ကိုသာတွေ့ရသည်။ ဦးသန့်အုတ်ဂူအားကမ္ဘာ့ကုလသမဂ္ဂအလံဖြင့် လွှမ်းခြုံပေးထားသည်ဟူ၍လည်းကောင်း၊ ယင်းအုတ်ဂူကိုအုပ်မိုး၍ လှပတင့်တယ်သော ဗိမာန်တစ်ဆောင်တည်ဆောက်ရန် လုံးပမ်းနေသည်ဟူ၍လည်းကောင်း၊ ပရိသတ်တို့ထံမှ ကြားသိခဲ့ရသည်။

ကျောင်းသားသမဂ္ဂအဆောက်အဦကြီးသည် အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက ဆောက်လုပ်ထားခဲ့သော အဆောက်အဦကြီးဖြစ်သည်။ ဗိုလ်နေဝင်းယုတ်မာစွာဖြင့် ဒိုင်းနမိုက် မိုင်းဖြင့်ကပ်ပြီး မခွဲခင်က ရိုက်ကူးထားခဲ့သော ဓါတ်ပုံကိုမြင်ဖူးသည်။ ရိုးရှင်းခန့်ညားသော နှစ်ထပ်အဆောက်အဦကြီးဖြစ်သည်။

*“အဆောက်အဦကြီး၏ မျက်နှာစာတွင် ခူးဆွတ်မည့်သူမရှိသော ပန်းများက ဝေဝေဆာဆာပွင့်နေသည်၊ ဂန္ဓမာ၊ ဇလပ်၊ ပုဏ္ဏရိတ်ပင်စသည့် ရောင်စုံပန်းတို့ဖြင့် တင့်တယ်နေသော ပန်းခြံနှင့်မြက်ခင်းပင်တို့ရှိသည်။ နောက်ဘက်တွင်လည်း စိမ်းလန်းစည်ကားသော မရန်းပင်တို့ဖြင့် အုံ့ဆိုင်းနေသည်”* ဟု ဆရာသိန်းဖေမြင့်၏ စာအုပ်ထဲတွင် ဖတ်ရှုခဲ့ရဖူးသည်။

စင်စစ် ကျောင်းသားသမဂ္ဂဆိုသည်မှာ နိုင်ငံရေးအဖွဲ့အစည်း မဟုတ်

ပါ။ ကျောင်းသားထုက ကျောင်းသားထဲမှ တက်ကြွနိုးကြားသောသူများကို နှစ်စဉ်ရွေးချယ်တင်မြှောက်ပြီး သမဂ္ဂအမှုဆောင်ဖွဲ့ကာ ကျောင်းသားများ၏ လိုလားချက်၊ နစ်နာချက်တို့ကို တောင်းဆိုဖြေရှင်းပေးသောအဖွဲ့အစည်းသာ ဖြစ်သည်။ ကျောင်းသူကျောင်းသားများအား ရွေးချယ်တင်မြှောက်တတ်သော အလေ့အကျင့်၊ စည်းရုံးလှုံ့ဆော်တတ်သော အလေ့အကျင့်၊ ဦးစီးဦးဆောင် လုပ်တတ်သောအလေ့အကျင့်၊ ပြောရဲဆိုရဲတောင်းဆိုရဲသော အလေ့အကျင့် စသည့် အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးရာဌာနကြီးဖြစ် ပါသည်။ ကိုလိုနီခေတ်က ဤဌာနကြီးမှ ပြုစုပျိုးထောင် လေ့ကျင့်ပေးလိုက်သော ကိုအောင်ဆန်း၊ ကိုနု၊ ကိုကျော်ငြိမ်း၊ ကိုဗဆွေ၊ ကိုသန်း၊ ကိုသိန်းဖေ တို့သည် သမဂ္ဂစင်မြင့်မှ တစ်ဆင့် တိုင်းပြည်၏ နိုင်ငံရေးစင်မြင့်သို့ တက်လှမ်းနိုင်ခဲ့ကြပြီး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့အတွက် ပြည်သူလူထုကို ကောင်းစွာစည်းရုံး နိုင်ခဲ့ကြသူများဖြစ်သည်ကို သမိုင်းတွင် သာဓကတို့ဖြင့် ထင်ထင်ရှားရှားပြခဲ့ပြီး ဖြစ်သည်။

ဗိုလ်နေဝင်း အကြောက်ဆုံးမှာလည်း ဤအချက်ဘဲဖြစ်သည်။ ကိုယ့် တိုင်းပြည်ကိုယ် မတရားသိမ်းပိုက်ထားသော ဗိုလ်နေဝင်းသည် တိုင်းပြည်၏ အဆီကိုစားပြီး အသားကိုဝါးမျိုနေခိုက် ကျောင်းသားသမဂ္ဂစင်မြင့်မှ တစ်ဆင့် တက်လှမ်းလာပြီး ပြည်သူလူထုကိုစည်းရုံးလာနိုင်မည့် **ပြည်သူ့ခေါင်းဆောင်** တို့၏ စွမ်းပကားဖြင့် တိုင်းပြည်ကို ပြန်လည်ရယူသွားမှာကို အကြောက်ဆုံး ဖြစ်သည်။

သို့နှင့် သမဂ္ဂဦးဆောင်မှုဖြင့် မိမိတို့၏ အခွင့်အရေးကို ငြိမ်းချမ်းစွာ တောင်းဆိုနေသောကျောင်းသားတို့အား **၆၂ ဇူလိုင်(၇)ရက်** နေ့တွင် ဂျိသရီး မောင်းပြန်သေနတ်စမ်းသပ်ပွဲကြီးဖြင့် ရက်စက်စွာ သတ်ဖြတ်ဖြိုခွင်းခဲ့သည်။ ထို့ပြင် ကျောင်းသားသမဂ္ဂအဆောက်အဦကြီး ကိုလည်း **သူပုန်တို့၏ဌာနချုပ်** ဟု ရှုံကြောင်ကြောင်စွပ်စွဲချက်ဖြင့် ဒိုင်းနမိုက်ဖြင့် ဖြိုခွဲခဲ့သည်။ လက်နက်နှင့် တူတာဆို၍ **သစ်သားပေတံ** ပင် ကိုင်မထားသော ကျောင်းသူကျောင်းသား တို့အား **ဓါးကိုဓါးချင်း၊ လှံကိုလှံချင်း** တုန့်ပြန်မည်ဟု ဗိုလ်နေဝင်းက ရေဒီယိုမှ

မရှက် မကြောက်ခြိမ်းခြောက်ခဲ့သေးသည်။ ယခုလည်း ဗိုလ်နေဝင်း အကြောက်ကြီးကြောက်ခဲ့သည့် **သမင္ဂနေရာဟောင်း** တွင် သူ့အမုန်းပွားနေသည့် ဦးသန့်၏ အုတ်ဂူဗိမာန်အား မည်သည့်နည်းနှင့်မျှ အေဒီလမ်းမှနေ၍အလှကြည့် နေမည် မဟုတ်ပါ။

ပို၍တက်ကြွသောကျောင်းသားများက ဦးစီးပြီး ဦးသန့်၏အုတ်ဂူအား သမင္ဂနေရာဟောင်းတွင် ရွေး ချယ်ခဲ့သည်မှာ မှန်က ်ပါ၏လော။ ကျောင်းသားကိုယ်စားလှယ်တချို့နှင့် ဦးသန့်မိသားစု အပါအဝင် သံဃာတော်တို့က လက်ခံသည်ဆိုသော ကန်တော်မင်ပန်းခြံအတွင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်အနီးနေရာဆိုသည်ကကော သင့်တော်ပါ၏လော။ ဝင်းထိန်က **သမင္ဂနေရာဟောင်း** နှင့် **ကန်တော်မင်** တို့ကို နှိုင်းယှဉ်၍ ချိန်စက်ကြည့်သည်။ ဝင်းထိန် နှစ်နေရာလုံးကို မကြိုက်ပါ။

အကြောင်းရှိပါသည်။ ကန်တော်မင်ပန်းခြံနေရာတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင် သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဘုရားလတ်၏ ဂူနန်းပြာသာဒ်လည်းရှိနေသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ကိုလိုနီနယ်ချဲ့စနစ်ကိုဆန့်ကျင်၍ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ကလောင်ဖြင့် ရှေ့တန်းမှ တပ်လှန့်နိုးဆော်ခဲ့သူဖြစ်သည်။လူငယ်များအား အမျိုးသားရေးစိတ်ဓါတ် မြင့်မားတိုးတက်စေပြီး မျိုးဆက်သစ် မျိုးချစ် နိုင်ငံရေးခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ခဲ့သူဖြစ်သည်။ ကိုလိုနီပညာရေးနှင့်ယှဉ်ပြိုင်၍ အမျိုးသားပညာသင်ကျောင်းများဖွင့်လှစ်ကာ သမိုင်းကို အမြင်ကျယ်စေခဲ့သူဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကြိုးပမ်းမှုများကိုပါ ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဆရာကြီး၏ ဂုဏ်ဒြပ်နှင့် ကျေးဇူးတို့သည် ကြီးမားလှသည်။ ထို့အတူ မိဖုရားခေါင်ကြီး စုဘုရားလတ်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ **အဂ္ဂမဟေသီ** ဘွဲ့အမည် အပ်နှင်းခံခဲ့ရသူဖြစ်သည်။

ဤကဲ့သို့ သီးခြားဂုဏ်ဒြပ်နှင့် သီးခြားသမိုင်းကြောင်းရှိသူများ၏ **ဂူဗိမာန်** နှင့် **ဂူနန်းပြာသာဒ်** တို့ အနီးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး၏

ဂူဗိမာန်ထားရှိမည်ဆိုပါက နောက်နောင်ကာလများတွင် ဦးသန့်အား လာရောက်ဂါရဝပြုသူများ၏ စိတ်အာရုံစူးစိုက်မှုကို ဝေဝါးထွေပြားသွားမည်ကို ဝင်းထိန်စိုးရိမ်နေမိသည်။

**သမဂ္ဂနေရာဟောင်း** သည် မြန်မာ့သမိုင်းတွင် ပထမဆုံးပေါ်ပေါက်ခဲ့သော **ကျောင်းသားများအဖွဲ့အစည်း** တည်ရှိခဲ့ရာ ဘူမိနက်သန် နေရာမှန်ဖြစ်သည်။ ယင်းသမဂ္ဂအဖွဲ့အစည်းကြီးကို ကျောင်းသားများ၏ဆန္ဒဖြင့် ဖျက်သိမ်းခဲ့သည်မဟုတ်ပါ။ ယင်းအဆောက်အဦကြီးကိုလည်း ကျောင်းသားများကဖြိုဖျက်ခဲ့သည်မဟုတ်ပါ။ စစ်အာဏာရှင်တို့၏ ယုတ်မာကောက်ကျစ်စွာဖြင့်ဖြိုခွင်းဖျက်ဆီးခဲ့ရခြင်းသာဖြစ်ပေသည်။ သမိုင်းကို အစဖျောက်လိုသူ စစ်အာဏာရှင်တို့၏လုပ်ရပ်သာဖြစ်ပေသည်။ ဤယုတ်မာကောက်ကျစ်မှုကို **ကျောင်းသားနှင့်ပြည်သူ တို့က ခါးသီးစွာဆန့်ကျင်ကြောင်း သမဂ္ဂအဆောက်အဦကြီး** အားမူလအတိုင်း တသွေမတိမ်း **ပုံစံတူ ပြန် ဆောက်ပေးပြီး ကျောင်းသားသမဂ္ဂများ** ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ပြသရမည်ဖြစ်သည်။ ယင်းအဆောက်အဦကြီးထဲတွင်ပြခန်းတစ်ခန်းဖွင့်လှ[illegible]ပြီး စစ်အာဏာရှင်တို့၏ ကျောင်းသားများအပေါ်ရက်စက်ယုတ်မှုများကို ဓါတ်ပုံမှတ်တမ်း၊ ပန်းချီမှတ်တမ်းတို့ဖြင့် မျိုးဆက်သစ်များကို သမိုင်းအမှန်၊ ဖြစ်ရပ်အမှန်တို့ သိရှိနိုင်ရန် ပြသထားပေးရမည်ဖြစ်သည်။ ဤနည်းသည်သာ **စစ်အာဏာရှင်၊ တစ်ပါတီအာဏာရှင်** တို့အား အကောင်းဆုံးနှင့် အမှန်ကန်ဆုံးသော **လက်စားချေ** မှုဟု ဝင်းထိန်ယုံကြသည်။

ဝင်းထိန် စိတ်ကူးယဉ်ထားတာတစ်ခုရှိသည်။ ၁၉၆၂ ဇူလိုင်လ (၇)ရက်၊ **ဆဲဗင်းဂျူလိုင်** အရေးအခင်းကြီးကို ကမ္ဘာတည်သရွေ့ မမေ့စိမ့်သောငှာ သမဂ္ဂအဆောက်အဦကြီး၏ ရှေ့မျက်နှာစာတွင်ဖြစ်စေ၊ တက္ကသိုလ်ဝင်းအတွင်းသင့်တော်သည့် တစ်နေရာရာတွင်ဖြစ်စေ (၇၊ ၇၊ ၆၂) နေ့အား ကိုယ်စားပြုသောအလျား (၇)ပေ၊ အနံ (၇)ပေ၊ အမြင့် (၆၂)ပေရှိ သံကူကွန်ကရစ် ကျောက်တိုင်ဖြူဖြူကြီးအား အခြားမည်သည့်အမွမ်းအမံအချယ်အသမှုမပါရှိစေဘဲ လေးထောင့်စပ်စပ်ကုဗတုံးကြီးအဖြစ် မားမားမတ်မတ်စိုက်ထူထားစေချင်သည်။

ဤသို့ဆိုလျှင် ဦးသန့်၏ ဂူဗိမာန်အား မည်သည့်နေရာတွင် တည်ထား

သင့်သည်ဆိုသည့် မေးခွန်းပေါ် ပေါက်လာတော့မည်။ ဝင်းထိန် အနေဖြင့် သင့်တော်သည်ဟု ယူဆထားသော နေရာတစ်နေရာရှိသည်။ ယခု စတင် ဆောက်လုပ်နေပြီဖြစ်သော၊ ဝင်းထိန်တို့ ပုံစံရေးဆွဲပေးနေရသည့် လွှတ်တော် အဆောက်အဦးရှေ့ ပြည်လမ်း ၏ တစ်ဘက်တွင် ဗိုလ်လောင်းရွေးချယ်ရေးအဖွဲ့ နှင့် စစ်သားစုဆောင်းရေးတပ်တို့တည်ရှိခဲ့ရာ နေရာသည် ယခုအခါ ကွက်လပ်ကြီး ဖြစ်နေပြီ၊ လွှတ်တော်အဆောက်အဦးပြီးပါက ၎င်းကွက်လပ်ကြီးတွင်ပြည်သူ့ တရားသူကြီးချုပ်ရုံး၊ ပြည်သူ့စာရင်းစစ်ချုပ်ရုံး၊ ပြည်သူ့ဥပဒေချုပ်ရုံးစသည်တို့ ဆောက်လုပ်ရန်အတွက် လျာထားသတ်မှတ်ပြီး စီမံကိန်းချထားသည်ဟု ရုံးပေါ်မှ ဆရာသမားတို့ပြောပြထား၍ ဝင်းထိန်သိရှိခဲ့ဖူးသည်။ ယင်းစီမံကိန်းကို မဖျက် ပဲ ဗိသုကာပညာရှင်တို့ လက်စွမ်းပြမှုဖြင့် ဦးသန့် ဂူဗိမာန်၊ ဦးသန့် ရုပ်တု၊ ဦးသန့် ပန်းခြံ၊ ဦးသန့် စာကြည့်တိုက်၊ ဦးသန့် ပြတိုက်တို့အား လှပတင့်တယ်စွာ ပုံစံထုတ်၍ တည်ဆောက်ထားပေးနိုင်သည်ဟု ဝင်းထိန်ယုံကြည်သည်။

ဦးသန့်အား ပြည်တွင်းပြည်ပမှ လာရောက်ဂါရဝပြုသူတို့၏ မျက်စိ ပသာဒတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နောက်ခံပန်းချီကားကြီးဖြင့် လှချင် တိုင်းလှနေပြီး၊ ကြက်သရေအပေါင်းနှင့် ပြည့်စုံနေမည်ဟု ဝင်းထိန် ဉာဏ်မီသ လောက်စဉ်းစားနေမိသည်။ ဤကိစ္စမျိုးက ဗိုလ်နေဝင်း လုပ်ပေးမှရမည့်ကိစ္စ ဖြစ်သည်။ ဦးသန့်အတွက်တော့ မသိ၊ သူ့အတွက်တော့ လွှတ်တော်အဆောက် အဦး နောက်ကျောဘက်တွင် **သမ္မတအိမ်တော်** တစ်လုံးကို တိုင်းပြည်၏ဘဏ္ဍာ ငွေများဖြင့် ဆောက်ပြီးနေပြီဖြစ်သည်။ ဆွစ်ဇာလန်မှာလည်း **အိမ်တော်** တစ်လုံး ဆောက်နေသည်ဟု ကြားနေရသည်။

ဝင်းထိန်လူထု ပရိသတ်ကြီးဆီမှ ခွာလာခဲ့ပြီး မိန်းဂိတ်မှ ထွက်ခဲ့သည်။ ခန်းမကြီးဘက်မသွားတော့။ ခန်းမကြီးတွင် မည်သည့်အစီအစဉ်မှ မရှိတော့ဟု ကြားခဲ့ရ၍ဖြစ်သည်။ သုဝဏ္ဏကိုပဲ ပြန်ခဲ့သည်။

× × ×

( ၁၃ )

၁၉၇၄ ခု ဒီဇင်ဘာလ (၉)ရက်။

တနင်္လာနေ့တွင် ရုံးပြန်တက်သည်။ ဘတ်စ်ကားဖြင့် လာရာလမ်းတစ်လျှောက်တွင်လည်း ထူးထူးခြားခြားမကြားခဲ့ရ။ ရုံးပေါ်တွင်လည်း ထူးမခြားနား။ ရွှေလှဆီက ဖုန်းလာလေမလားဟု မျှော်ခဲ့သော်လည်း မလာပါ။ ဆရာဦးသန်းထွန်း ချပေးထားသော တံခါးပြတင်းဖြတ်ပိုင်းပုံစံများကိုဘဲ အပြီးသတ်ရေးဆွဲပေးခဲ့သည်။ ညနေရုံးဆင်းခါနီးမှ ရေးဆွဲပြီးပုံစံကို သွားအပ်ချိန်တွင် ဆရာဦးသန်းထွန်းက စေ့စေ့စပ်စပ်စစ်ဆေးပြီး လက်ခံလိုက်သည်။

"နက်ဖြန်ကျရင် ဘင်ကွက်စ်ဟောလ်က ဒီတေးလ်တွေလာမယ်" ဟု ဝင်းထိန် ကို အလုပ်စရံရိုက်လိုက်သည်။ လွှတ်တော်အဆောက်အဦကြီး၏ အဆောင်ကြီးပေါင်း (၇)ဆောင် အနက်မှ တစ်ဆောင်ဖြစ်သော စားသောက်ဆောင်၏ အသေးစိတ်ပုံစံများဆွဲရမည်ဟုပြောလိုက်ခြင်းဖြစ်သည်။ ဝင်းထိန်ကလည်း "ဟုတ်ကဲ့၊ ဘော့စ်" ဟု လက်ခံလိုက်ပြီး ရုံးဆင်းခဲ့သည်။ တက္ကသိုလ်ဝင်းဘက်မသွားဖြစ်တော့။

၁၉၇၄ ခုဒီဇင်ဘာလ (၁၀) ရက်

အင်္ဂါနေ့တွင်လည်း ရုံးဆက်တက်ခဲ့သည်။ တက္ကသိုလ်ဘက်ဆီမှ မည်သည့်သတင်းထူးမျှမကြားရ။ ဦးသန့်အုတ်ဂူနေရာတွင် ဗိမာန်တစ်ဆောင်ဆောက်လုပ်နိုင်ရန် စိုင်းပြင်းနေကြသည်ဟုသာကြားခဲ့ရသည်။ ဆရာဦးသန်းထွန်းထံမှ ချပေးမည်ဆိုမည့် အလုပ်ကလည်းရောက်မလာ။ ဆရာ့လက်ထဲမှာ ပုံကြမ်းများ မပြည့်စုံနိုင်သေး၍ ဖြစ်မည်။ သို့သော် ဝင်းထိန် အလုပ်လက်မဲ့ ဖြစ်နေချိန်မှာ မကြာလိုက်ပါ။ ကိုဟန်ကြူဆွေရောက်လာပြီး လက်ထဲမှပုံကို ဖြန့်၍-

"ဝင်းထိန်- ဒါ သိရေတာဟောလ်ရဲ့ ခရော့ဆက်ရှင်ဘဲ၊ မင်းဝမ်းဖိုးနဲ့ လုပ်ကွာ၊ စီလင် ကိုတော့ ပလိန်းထားခဲ့၊ ငါစဉ်းစားနေသေးတယ်၊ အာထရာ မိုဒန်နိုက်စ် ဖြစ်အောင် စဉ်းစားနေသေးတယ်" ဟု အလုပ်အသစ်အပ်နှင်းခြင်း ခံလိုက်ရသည်။ လွှတ်တော် ဇာတ်သဘင်ဆောင်၏ ဖြတ်ပိုင်းပုံစံအား တစ်လ ကျော်မ

(၄)ပေစကေးဖြင့်ရေးဆွဲခိုင်းခြင်းဖြစ်သည်။ မျက်နှာကြက်ကို ချန်ခိုင်းထားခဲ့ပြီး ခေတ်လွန်ပုံစံဖြစ်အောင်စဉ်းစားနေသည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။ ကိုဟန်ကြူဆွေက သူ့အလုပ်နှင့်ပတ်သက်လာလျှင် ထယ်ထယ်ဝါဝါဖြစ်အောင် ပြောတတ်ဆိုတတ်သူ ဖြစ်သည်။

ဝင်းထိန် အလုပ်ကိုလက်ခံလိုက်ပြီး ခဲဖြင့် အဆင့်ဆင့်ပုံဖေါ်ပေးနေသည်။ သို့နှင့်နေ့လည် ထမင်းစားချိန် သို့ရောက်လာသည်။

"ဝင်းထိန်- ငါတို့ ခေါက်ဆွဲသုတ်ထားတယ်၊ လာပြီး အားပေးအုံး" ကြည်ကြည်စန်းလှမ်းခေါ်သဖြင့် ဆွဲလက်စပုံကိုရပ်ပြီး ထသွားလိုက်သည်။

"အမကြီး- ကျွန်တော်က ထမင်းလွတ်အုပ်မှာနော်" ဝင်းထိန်က ကပ်ပြီး ချူလိုက်သည်။ မပြုံးကြည်၏ မျက်စောင်းက ရောက်လာသည်။

"နင့်ဘာသာ ထမင်းလွတ်ပဲလွတ်လွတ်၊ ဟင်းပဲလွတ်လွတ်၊ ဒါအကုန်ပဲ၊ ငါတို့အားလုံးဝိုင်းစားရမှာ" ကြွေရည်သုတ်ဇလုံအကြီးစားကြီးဖြင့် အပြည့်အမောက်သုတ်ထားသော ခေါက်ဆွဲသုတ်ဇလုံကြီးကို ထိုးပြရင်း ဝင်းထိန်ကို ကုလားထိုင်တစ်လုံးရွှေ့ပေးလိုက်သည်။ ဝင်းထိန်ထက် ကြည်ကြည်စန်းက (၃) နှစ်ခန့်ကြီးသည်။ ကျောင်းဆင်းတာလည်းစောသည်။ အလုပ်ဝင်တာလည်းစောသည်။ မပြုံးကြည်၊ နယ်လီဝင်း၊ မယဉ်လှတို့က **အမကြီး** ဟုခေါ်ကြသဖြင့် ဝင်းထိန်ကလည်း ရောယောင်ပြီး **အမကြီး** လုပ်ထားခြင်းဖြစ်သည်။ မိန်းကလေးတစ်သိုက်ကို ကြည်ကြည်စန်း ဦးဆောင်ပြီး မကြာခဏ အစားအသောက်လုပ်စားကြသည်။ ခေါက်ဆွဲသုတ်၊ ကြာဇံသုတ်၊ မုန့်တီသုတ်တို့ လုပ်စားလေ့ရှိသည်။ လုပ်စားကြတိုင်း ဝင်းထိန်က မပျက်မကွက်အားပေးသည်။ မြသောင်းသူ့အိမ် ထမင်းစားပြန်နေ၍ သည်တစ်ပွဲလွတ်သွားသည်။ နယ်လီဝင်းက ပန်းကန်တစ်ချပ်ဖြင့် တစ်ယောက်စာသပ်သပ်ပြင်ပေးပြီး ဇွန်းပါတပ်ပေးလိုက်သည်။ ဝင်းထိန် (၂)ဇွန်း (၃)ဇွန်း ခပ်စားပြီးချိန်တွင်

"ထမင်းပါ ယူအုံးမလား၊ ချိုင့်ထဲမှာ ထမင်းတွေရှိတယ်" နယ်လီဝင်းက အိမ်မှ ထမင်းချိုင့်ဆွဲလာသူ ဖြစ်သည်။ ဝင်းထိန်၏ ကြုံရာစားဘဝကို သိထားသည်။

"အေး နည်းနည်းယူမယ်. . ." ဝတ်ကြီးကျနေသည့် ဝင်းထိန် ဆီသို့ မပြုံးကြည်၏ ဒုတိယမျက်စောင်းက ရောက်လာသည်။

" ဝင်းထိန် နင် ရာဖူးကိုသွားအုံးမှာမဟုတ်လား " မယဉ်လှကမေးသည်။ ဝင်းထိန် ရုံးမှလစ်ပြီး တက္ကသိုလ်ဝင်းထဲသို့ သွားနေသည်ကို မယဉ်လှသိနေသည်။

"ဘယ်ကိုလဲ၊ **ကမာရွတ်အစိုးရ** ဆီကိုပြောတာလား" ဝင်းထိန် ရွှတ်နောက်နောက်လုပ်ပစ်သည်။

"ဘာရယ်၊ ကမာရွတ်အစိုးရဟုတ်လား" မပြုံးကြည်က မျက်ခုံးပင့်ပြီး မေးလိုက်သည်။

"ဟုတ်တယ်လေ၊ ဗိုလ်နေဝင်းကို မကြောက်လို့၊ ကန့်လန့်တိုက်ပြီး ဦးသန့် ကို ကျောင်းထဲမှာ ဂူသွင်းပစ်တာ၊ ဗိုလ်နေဝင်းလဲ ဘာမှမတတ်နိုင်လို့ လက်မြှောက်ထားရပြီ၊ ဒါကြောင့် ငါက အဲဒီကျောင်းသားတွေကို ကမာရွတ်အစိုးရလို့နာမည်ပေးထားတာ၊ မနေ့က မသွားလိုက်ရဘူး၊ ဒီညနေ သွားမလားလို့ စိတ်ကူးနေတာ"

"ကြည့်လည်းလုပ်ပါအုံး ဝင်းထိန်ရယ်၊ တော်ကြာ နင့်ဟာက အကုပ်ခံနေရပါအုံးမယ်" မယဉ်လှက စိတ်မသက်မသာဖြင့် သတိပေးလိုက်သည်။

" ကုတ်ချင်ကုတ်ပါစေဟာ၊ ငါလဲ နောက်ကျောတွေ ယားနေတာနဲ့အတော်ပါဘဲ" ဝင်းထိန် က ပျက်ချော်ချော် လုပ်ပစ်သည်။

နေ့လည်စာ ကိစ္စပြီးစီးသွားပြီမို့ ဓါတ်ဘူးထဲမှ လက်ဖက်ရည်ကြမ်း တစ်ဖန်ခွက် ငှဲ့ယူလာပြီး မိမိစားပွဲဆီသို့ပြန်ခဲ့သည်။ အပြင်မှ ပြန်လာသော ကြည်မင်း ရုံးထဲသို့ ဝင်လာသည်။ ဝင်းထိန်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့ပြီး

" ဝင်းထိန် ငါ မင်းကို အထူးအဆန်းတစ်ခုပြမလို့ ၊ မင်း ငါနဲ့လိုက်ခဲ့" ဟု ပြောကာ ဝင်းထိန်ကိုအပြင်သို့ ခေါ်ထုတ်သွားသည်။ ရုံးဝင်းခြံပေါက်ဝအထိ ခေါ်သွားပြီး ခြံပေါက်ဝရောက်မှရပ်ကာ လက်ညှိုးထိုးပြရင်း

" ဟိုမှာ ကြည့်စမ်း ဝင်းထိန်၊ အဲဒီမှာ စီ - အိုင်း ကိုယ်တိုင်လုပ်နေတာ၊ ဒီလိုအလုပ်မျိုးကို စီ-အိုင်း ကိုယ်တိုင်လုပ်ရတယ်ဆိုတာ ငါတွေ့လည်းမတွေ့ဖူး

ဘူး၊ ကြားလည်းမကြားဖူးဘူး"

ဟုတ်ပါသည်။ ရန်ကုန်တိုင်း၊ တိုင်းအင်ဂျင်နီယာ ဦးတင်ထွန်းသည် နက်ပြာရောင်ဘောင်းဘီရှည်၊ ရှပ်အင်္ကျီအဖြူလက်တို၊ မီးခိုးရောင် ဦးထုပ် အပျော့ကိုဆောင်းလျက် ဝင်းထိန်တို့ရုံးနှင့် လွှတ်တော်အဆောက်အဦး လုပ်ငန်း ခွင်အကြား ယခင်ဗိုလ်ရှုံအဆောက်အဦနေရာဟောင်း၏ နောက်ကျောမြေ ကွက်လပ်တွင် အလုပ်ရှုပ်နေသည်ကိုတွေ့လိုက်ရသည်။

တိုင်းအင်ဂျင်နီယာ ကို အားလုံးက စီ-အီး ဟုပဲ ခေါ်ကြသည်။ စီ-အီး ဘေးနားတွင် မီးခိုးရောင် ယူနီဖောင်းဝတ် ဝန်ထမ်း (၂)ဦးလည်းရှိနေသည်။ စီ-အီးပြောသမျှကို 'ဟုတ်ကဲ့' လိုက်နေရပုံရသည်။ စီ-အီးရှေ့တွင် ဘူဒိုဇာ မြေထိုးစက်တစ်စီး၊ ဝန်ချီစက်(ကရိန်း)တပ်ထားသော ဟီးနိုးကားတစ်စီး၊ အီဆူဇူ (၅)တန် ထရပ်ကားတစ်စီးတို့ ရှိနေသည်။ ဘူဒိုဇာမြေထိုးစက်က ရှေ့သို့အရှိန်ဖြင့် ပြေးတက်လိုက်၊ ဆုတ်ခနဲရပ်လိုက်၊ မြေထိုးဂေါ်ပြားကို တင်လိုက်ချလိုက်လုပ်နေ သည်။ ဝန်ချီစက် (ကရိန်း)ကမောင်းတန်ကို တစ်ဝက်ခန့်ထုတ်ထားပြီး အထက် အောက် နှိမ့်လိုက်မြှင့်လိုက် လုပ်နေသည်။ စက်သီး(ပူလီ)ကို ဘယ်သို့ညာသို့ ယမ်းကြည့်နေသည်။ ထရပ်ကားကမူ ဝန်ချီစက်နားတွင် ရှေ့တိုးနောက်ဆုတ် လုပ်နေသည်။ စီ-အီး ဘေးနားမှ ဝန်ထမ်း (၂)ယောက်က စက်သမား၊ ကားသမား များကို လိုအပ်သလို အော်ဟစ်ပြောဆိုညွှန်ကြားနေသည်ကိုတွေ့ရသည်။ ဇာတ် တိုက် လေ့ကျင့်ခန်းတစ်ခုဟု ဝင်းထိန် သဘောပေါက်လိုက်သည်။ အဘယ်ကဲ့ သို့သော အလုပ်မျိုးဖြစ်၍ စီ-အီး ကိုယ်တိုင် ဇာတ်တိုက် လေ့ကျင့်ပေးနေရတာ ပါလိမ့်။

ဝင်းထိန်နှင့်ကြည်မင်းတို့အတွက် ပဟေဠိတစ်ပုဒ်ဖြစ်နေသည်။ ဤ အလုပ်မျိုးသည် ဝင်းထိန်တို့လို ကျောင်းဆင်း ဒု-လက်ထောက် အင်ဂျင်နီယာ (အက်စ်-အေ-အီး) အဆင့်လောက်ဖြင့် ပြီးကြရသည့် အလုပ်မျိုးသာ ဖြစ်သည်။ နှစ်ဦးသားရုံးထဲသို့ ပြန်ဝင်လာခဲ့သည်။ အိမ်သို့ ထမင်းစားပြန်သွားသော မြသောင်းလည်း နောက်က လိုက်ဝင်လာသည်။

ဇာတ်သဘင်ဆောင် ဖြတ်ပိုင်းပုံစံအား 'ခဲ' ဖြင့်ကြောင်းပေးသည့်အလုပ်

ကို ပြီးပြည့်စုံသည်အထိ လုပ်နေရင်းပင် ညနေ (၃)နာရီ ထိုးသွားတော့သည်။ ဝင်းထိန်လက်ဆွဲအိတ်ကို ဘီဒိုထဲသို့ အသာထည့်လိုက်ကာ မသိမသာဖြင့် ရုံးမှ ထွက်လာခဲ့သည်။ ရွှေလှ ဆီ အရင်ဝင်မည်။ ပြီးမှ တက္ကသိုလ်ထဲသွားမည် ဟူသော စိတ်ကူးဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

ရုံးပေါက်ဝကို ကျောပေးပြီး ဗိုင်စင်ကိုမွှေနှောက်ရှာဖွေနေသည့် ရွှေလှကို နောက်မှနေ၍ ပုခုံးကိုအသာ အယာပုတ်လိုက်သည်။ ရွှေလှက နောက်လှည့်ကြည့်ပြီး

"မင်းရောက်လာတာကိုး. . " ဟုပြောကာ စင်ထဲမှ ဗိုင်တစ်ခု ဆွဲထုတ်လိုက်ရင်း "ခဏနေအုံး၊ ငါအခု ပြန်လာခဲ့မယ်" ဟုဆိုကာ ဥက္ကဋ္ဌ အခန်းဘက်သို့ ထွက်သွားသည်။ ဝင်းထိန် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင် လိုက်ပြီးရွှေလှအပြန်ကို စောင့်နေသည်။ ရုံးထဲတွင် အမျိုးသမီးဝန်ထမ်းများ မရှိတော့၊ ရုံးဆင်းသွားကြပြီ၊ ငါးမိနစ်သာသာခန့်အကြာတွင် ရွှေလှပြန်ရောက်လာသည်။

"ဟိုဘက်ခန်းသွားရအောင်" လေသံဖြင့် ဆိုလိုက်သည်။ တစ်ဖက်က မြို့နယ်တရားရုံးတွင်တရားခွင် မရှိသဖြင့် ရှင်းလင်းနေသည်။ ခုံတန်းရှည်တစ်ခုတွင် ဝင်ထိုင်ကြရင်း ရွှေလှကပဲ စကားစသည်။

"မင်း လာမှာစိုးလို့ ငါဖုန်းမဆက်ဘဲထားတာ၊ ဒီရောက်လာရင် 'မိန်း' ထဲသွားနေမှာစိုးလို့၊ အခြေအနေတော့ နည်းနည်းထူးတယ်" ရွှေလှ စကားဆက်သည်။

"ပါတီဌာနချုပ်က စီစဉ်လိုက်တာလို့ပြောတယ်၊ ရန်ကုန်ထဲက ပါတီယူနစ်တွေဆီက တင်းပြည့်ပါတီဝင်တွေကို ဒီညနေ ဒီကို ဆင့်ခေါ်ထားတယ်၊ ရောက်လာရင် တက္ကသိုလ်ရိပ်သာလမ်းမှာ နေရာချထားပေးပြီး မိန်းထဲက အဝင်အထွက်တွေကို ပိတ်ဆို့မယ်တဲ့။"

"တော်တော်ရွှေဉာဏ်တော် **စူးရောက်** တဲ့ကောင်တွေဘဲကွာ။ အပြင်က သူတို့ကောင်တွေနဲ့ ပိတ်ဆို့ထားတော့ အထဲက ကျောင်းသားတွေက ဘာဖြစ်သွားမှာတဲ့လဲ၊ တော်တော် "စူးရောက်တဲ့ကောင်တွေ" ဝင်းထိန်က **စူးရောက် ဆိုသော** စကားလုံးကို အသံမာမာနှင့် နှစ်ခါထပ်ပြောလိုက်သဖြင့် ရွှေလှ သဘော

ပေါက်သွားသည်။

"အဲဒါတော့ ငါလည်း မပြောတတ်တော့ဘူး၊ ကြည့်ရတာ အင်အားပြချင်တာနဲ့တူတယ်၊ သူတို့ကို ထောက်ခံနေတဲ့လူတွေလဲ ရှိတယ်ဆိုတဲ့အကြောင်း သိစေချင်လို့ ဖြစ်လိမ့်မယ်" ရွှေလှ ဉာဏ်မီသလောက် တွေးထားပုံရသည်။ မဆလပါတီသည် ဗိုလ်နေဝင်းအာဏာရပြီးမှ ထူထောင်ထားသော ပါတီဖြစ်သည်။ အရေးကြုံလျှင် ပြည်သူလူထုမျက်နှာထက် ပါတီဖခင်ကြီး ဗိုလ်နေဝင်း၏ မျက်နှာကိုသာကြည့်မည့်ပါတီ ဖြစ်သည်။

"အိမ်ကြက်ချင်းအိုးမည်းသုတ်ပြီး ခွပ်ခိုင်းတယ်ဆိုတာ ဒါမျိုးပေါ့ကွာ" ဝင်းထိန်က မှတ်ချက်ပြုပြီး တဆက်တည်းပြောသည်။

"ဒီသတင်းကို ကျောင်းသားတွေ သိထားသင့်တယ်လို့ ငါထင်တယ် သတင်းပို့ထားမှ ကောင်းမယ်"

" မင်းမသွားနဲ့တော့ဝင်းထိန်၊ ဒီကိစ္စကို ငါမနက်ကတည်းက သိထားတာ၊ နေ့လည်ထမင်းစားပြန်တော့ အိမ်နားက အီကိုဖက်စ်ရီးယားတက်နေတဲ့ **အောင်မျိုးဝင်း** ဆိုတဲ့ကျောင်းသားလေးကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းထားတယ်၊ **အောင်မျိုးဝင်း** က သူ့အမေ လစ်ရင်လစ်သလို မိန်းထဲပြေးပြေးနေတာ၊ သူ မဖြစ်ဖြစ်အောင် လုပ်မှာပါ" ရွှေလှက စကားကို ခဏဖြတ်လိုက်ပြီးမှ ဆက်သည်။

"မင်းမိန်းထဲသွားလို့ အထဲရောက်ပြီးခါမှ အပြင်ကပိတ်ထားရင် ဘယ်လိုမှပြန်ထွက်နိုင်မှာမဟုတ်ဘူး၊ မသွားတာအကောင်းဆုံးလို့ငါထင်တယ်" ရွှေလှ စကားက အကျိုးအကြောင်းဆီလျော်ပါသည်။

"အေး ဒါဖြင့် ငါပြန်တော့မယ်" နှုတ်ဆက်စကားဆို၍ ပြန်လာခဲ့သည်။

ဗိုလ်နေဝင်းတစ်ခုခုတော့ လုပ်လိမ့်မည်၊ သူ့တင်းပြည့်ပါတီဝင်တွေကို ကျောင်းပေါက်ဝက ပိတ်ခိုင်းထားတာက ဗျူဟာတစ်မျိုးခင်းကျင်းတာ ဖြစ်လိမ့်မည်။ ယခင့်ယခင်က ကျောင်းသားတွေကိုဖြိုခွင်းသည့် ပုံစံနှင့် ကွဲပြားလာသည်။ ဗိုလ်နေဝင်း ဘယ်ပုံစံကို ချိုးလာတာပါလိမ့်။ ဝင်းထိန်တွက်ကြည့်သည်။ ဗိုလ်နေဝင်း အချိန်ဆွဲချင်လို့ ဖြစ်မည်။ ဗိုလ်နေဝင်းက (၉)ဂဏန်းကြိုက်သည်။

တိုင်းပြည်မှာ ဘာဘဲလုပ်လုပ် (၉)ဂဏန်းလေးပါမှလုပ်သည်။ သည်ကနေ့ (၁၀)ရက်ဆိုတော့ အနီးဆုံး (၉)ဂဏန်းပါသည့် ရက်သည် ဒီဇင်ဘာ (၁၈)ရက်ဖြစ်သည်။ အဖြစ်နိုင်ဆုံးက သူ့စစ်တပ်ကို (၁၈)ရက်နေ့မှ ဝင်ခိုင်းမည်။ ဒီကြားထဲ အချိန်ဆွဲထားမည်၊ ပိတ်ဆို့ထားမည်၊ ဗိုလ်နေဝင်း က ဦးနှောက်မရှိသူပီပီ တိုင်းပြည်ကို ဂမ္ဘီရနည်းဖြင့် အုပ်ချုပ်ချင်နေသူဖြစ်သည်။ (၁၈)ရက်နေ့ဆိုလျှင်လည်းတစ်မျိုးကောင်းသည်။ ကျောင်းသားများ ရှောင်ချိန်တိမ်းချိန်ရမည်။ တစ်မျိုးတစ်ဖုံ ကြံစည်ချိန်ရမည်။ ဝင်းထိန်က ကိုယ့်တွက်ကိန်းနှင့် ကိုယ်တွက်ရင်း သုဝဏ္ဏာသို့ ပြန်ခဲ့သည်။

× × ×

(၁၄)

၁၉၇၄ ခု ဒီဇင်ဘာလ (၁၁)ရက်

မနက်အိပ် ရာမှ နိုးနိုးချင်း "မိန်းထဲမှာ ဘာတွေများဖြစ်ကုန်ကြပြီလဲ" ဟူသောအတွေးက [illegible]းဝင်လာသည်။ မနက်ခင်း လုပ်ရိုးလုပ်စဉ်များကို တက်သုတ်ရိုက်လုပ်ပြီး ကားမှတ်တိုင်ဆီသို့ အသော့နှင်ခဲ့သည်။ (၁၁)ကားကို ပုသိမ်ညွန့်အထိ တံခါးပေါက်မှ တွဲလောင်းခိုပြီး လိုက်သွားရသည်။ ပုသိမ်ညွန့်(၆)လမ်းမှတ်တိုင်တွင် (၁၆)ကားကိုပြောင်းစီးသည်။ ပုသိမ်ညွန့်(၆)လမ်း မှတ်တိုင်တွင် ထူးထူးခြားခြား ဘာမှမကြားခဲ့ရပါ။ (၁၆)ကားတွင် ထိုင်ခုံမရသော်လည်း အထဲတွင် မတ်တပ်ရပ်ပြီး စီးခွင့်ရသည်။ အာသောက ခုံးတံတားကျော်ပြီး အာသောကဈေး မှတ်တိုင်အရောက်တွင် ကားပေါ်သို့ နောက်ထပ်တိုးဝှေ့တက်လာသော ခရီးသည်များထံမှ သတင်းစကားအစအန များကြားခဲ့ရသည်။

"ညက အရုဏ်တက်ချိန်လောက်မှာ စစ်တပ်က ဦးသန့်အလောင်းကို ဝင်လုသွားပြီတဲ့"

" ပစ်တာ ခတ်တာတွေက ဘေးနားက ရပ်ကွက်တွေကတောင် ကြားရသတဲ့"

သတင်းဆိုးကြီးကြောင့် ဝင်းထိန်ဘတ်စ်ကားထဲ မတ်တတ်ရပ်ရင်းနှင့်ပင်

ပူပန်စိတ်တွေဖြင့် တုန်တုန်ရင်ရင် ဖြစ်လာသည်။ ရွှေဂုံတိုင်မှတ်တိုင်အရောက်တွင်လည်း အတည်ပြုသတင်း တွေထပ်ရလာပြန်သည်။ ရွှေဂုံတိုင်မှ ထွက်လာခဲ့ပြီး ဦးဝိစာရလမ်းကိုဖြတ်တော့ ဝင်းထိန်မတ်တတ်ရပ်နေရာမှ ကားညာဘက် ပြတင်းပေါက်ကိုငုံ့ပြီး ဦးဝိစာရလမ်းကိုကြည့်သည်။ ဦးဝိစာရလမ်းကိုသစ်သားတန်း၊ ဝါးလုံးတန်းဖြင့် ဖြစ်သလိုကန့်လန့်ဖြတ်ပြီး ပိတ်ထားသည်။ ပလက်ဖေါင်းပေါ်တွင် သေနတ်ကိုရင်ခွင်ပိုက်အနေအထားဖြင့် ကိုင်ထားသော စစ်သား (၄-၅) ယောက် ကို တွေ့လိုက်ရသည်။ ချက်ချင်းဆိုသလို ဘယ်ဘက်ပြတင်းပေါက်သို့ ပြောင်းပြီး ငုံ့ကြည့်လိုက်သည်။ ထိုနည်းတူပင်ဖြစ်သည်။ လမ်းပေါ်တွင် ကား တစ်စီးမှ မရှိတော့။

ဦးဝိစာရလမ်းကို ဖြတ်ကျော်ပြီးသည်နှင့် မြေနီကုန်းလေဟာပြင် ညဈေးမှတ်တိုင်သို့ရောက်သည်။ ဝင်းထိန် တိုးဝှေ့ပြီးဆင်းသည်။ ပလက်ဖေါင်းပေါ် ရောက်သည်နှင့် ကြားရသည်က သတင်းအစအနမဟုတ်တော့၊ သတင်းစကားကို လှိုင်လှိုင်ကြီးကြားလိုက်ရတော့သည်။ ကားမှတ်တိုင်မှာ၊ ကွမ်းယာဆိုင်မှာ၊ မုန့်ဟင်းခါးဆိုင်မှာ၊ ကုန်သေးဆိုင်မှာ၊ သတင်းတွေက အပျံ့အနှံ့ရောက်နေပြီ။ လူထုထံမှ 'တောက်' ခေါက်သံ 'မအေ'' နှမ' ဆဲဆိုသံ အံကြိတ်သံတို့ ပေါက်ကွဲလွင့်စင်ထွက်လာသည်။

"ညက သန်းခေါင်ကျော်ကျော်လောက်မှာ မိန်းဂိတ်တံခါးကြီးကို ကရိန်းကားနဲ့ ဆောင့်ဆွဲပြီးဖွင့်လိုက်သတဲ့၊ စစ်တပ်က အထဲဝင်သွားပြီး ကျောင်းသားတွေကို သေနတ်နဲ့ ပစ်၊ လှံစွပ်နဲ့ထိုးသတဲ့၊ ဦးသန့်ဂူကို ဘူဒိုဇာနဲ့ ထိုးကော်ယူသွားပြီတဲ့၊ ကျောင်းသားတွေ အများကြီးသေသွားကြပြီတဲ့"

ဝင်းထိန် ရုတ်ခြည်းသတိရလိုက်သည်။ မနေ့နေ့လည်က ဇာတ်တိုက်လေ့ကျင့်ခန်း၊ ရန်ကုန်တိုင်း စီ-အီး ကိုယ်တိုင် ကရိန်ကား၊ ဘူဒိုဇာ၊ ထရပ်ကားတို့နှင့် လေ့ကျင့်ခဲ့သည့် ဇာတ်တိုက်လေ့ကျင့်ခန်း၊ စီ-အီးကို ဘယ်သူတွေက စေခိုင်းပါသနည်း။ ဝန်ထမ်းဟူသည် သူ့ဆန်စားလျှင်ရဲရမည်ဟု ဝင်းထိန် သဘောပေါက်ထားသည်။ ဤလိုကိစ္စမျိုးကို အရပ်သားဝန်ထမ်းအား တာဝန်ပေးစေခိုင်းခြင်းသည် သက်သက်တရားခံရှာခြင်း၊ မတရားစေခိုင်းခြင်းဟု ဝင်းထိန်

ခံယူလိုက်သည်။ အကြံပက်စက် ဆန်ကောလောက်မှ စောက်မနက်ကြသူတွေ ပါတကား။

ဝင်းထိန်ကလည်း ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။ မနေ့ နေ့လည်က စီအီး၏ လုပ်ရပ်ကို ဦးသန့် ကိစ္စနှင့် ဘာကြောင့်များ ဆက်စပ်ပြီး မတွေးမိတာပါလိမ့်။ ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်ခဲ့သည်။

ဝင်းထိန် ရုံးဆီသို့သုတ်ခြေတင်သည်။ ရတနာပုံရုပ်ရှင်ရုံရှေ့တွင် ခဏရပ်ပြီး အခြေအနေကိုစူးစမ်းလိုက်သည်။ ပြည်လမ်းတစ်လျှောက်လုံး မော်တော်ကားအသွားအလာ လုံးဝမရှိတော့။ ရပ်ကွက်တွေထဲမှ ထွက်လာပြီး ပလက်ဖေါင်းပေါ်ရောက်နေသူတချို့ တစ်ယောက်ကိုတစ်ယောက်အော်ဟစ်ခေါ်ငင်နေကြသည်။ "ကမာရွတ်ဂါတ်တဲကိုသွားဝိုင်းမယ်ဟေ့" ကမာရွတ်ဘက်ဆီသို့ အုပ်စုလိုက် ခြေလျင်လျှောက်နေကြသူများကို တွေ့လိုက်ရသည်။

ဝင်းထိန် ရုံးရောက်တော့ ရုံးထဲတွင် ကြွက်စီကြွက်စီဖြစ်နေပြီ။ ဦးစီးအရာရှိ ဦးစိုင်းမြင့်သန်းနှင့် ဦးမောင်မောင်ကြည်တို့ သိသိသာသာ မျက်စိမျက်နှာပျက်နေကြသည်။ [illegible]က ထားဝယ်သံဝဲဝဲဖြင့် "ဒီအတိုင်းငြိမ်ခံနေရင် နောက်ပိုဆိုးလာလိမ့်မယ် ဟု စားပွဲကိုထုပြီး တစ်ယောက်တည်း တဖျစ်တောက်တောက်ပြောနေသည်။ စကားပြောလျှင် မျက်လုံးအပြူးသားနှင့် ပြောတတ်သောမုံရွာသား ကိုတင်အောင်ဆန်းက "ဖေတင့်ရာ. . ရိုင်းလိုက်တာကွာ၊ ရိုင်းလိုက်တာ" ဟု ကိုဖေတင့်ကို တိုင်တည်နေသည်။ ကိုဖေတင့်က စားပွဲပေါ်မှ သုံးမြောင့်ပုံဆွဲပေတံကို လက်ဖြင့်ဆုပ်ထားရင်း အံကြိတ်နေသည်။ ရုံးပေါ်တွင် ဝန်ထမ်းအင်အား သိသိသာသာနည်းနေသည်။ အင်းစိန်နှင့် သမိုင်းဘက်မှတက်ရသူများ တစ်ယောက်မှ မရောက်သေး။ မြသောင်းတော့ရောက်နေပြီ၊ ဝင်းထိန်ကိုတွေ့လိုက်ရ၍ မြသောင်း ဝင်းထိန်နား ကပ်လာသည်။ မျက်စိမျက်နှာလည်းပျက်နေသည်။ ဝင်းထိန်ပုခုံးကိုဖက်ပြီး -

"ညက ဦးသန့်အလောင်းကို တပ်က ဝင်လုသွားတယ်၊ ငါတို့ဆီက စီ-အီးကို အရင်ဆုံးဝင်ခိုင်းတာတဲ့၊ စီ-အီးက သံကြိုးနဲ့ပတ်ပြီး ပိတ်ထားတဲ့ မိန်းတံခါးကြီးကို ပူလီနဲ့ ချိတ်ခိုင်းပြီး ကရိန်းနဲ့ ဆောင့်ဆွဲခိုင်းလိုက်တာ၊ တံခါးကြီး

တစ်ခါတည်း ပွင့်ထွက်သွားတာတဲ့၊ စီ-အီးနဲ့ ကရိန်းက အရင်ဝင်သွားပြီး ဒိုဇာက နောက်ကလိုက်သွားတာ ဒိုဇာနောက်ကမှ တပ်က ဝင်တာတဲ့၊ ဦးသန့် ဂူကို ဝိုင်းဖက်ထားတဲ့ ကျောင်းသားတွေကို တပ်က လှံစွပ်နဲ့ ထိုးသတဲ့၊ သေနတ်ဒင်နဲ့ ရိုက်သတဲ့၊ အလောင်းတွေကို စစ်ကားပေါ်ပစ်တင်သွားတာတဲ့၊ ပြီးမှ ဒိုဇာက ဦးသန့်ဂူကို ထိုးကော်ပြီး ကရိန်းက ခေါင်းကိုထရပ်ကားပေါ် မတင် ပေးလိုက်တာတဲ့၊ တစ်ဝင်းလုံးက ဖမ်းသွားတဲ့ ကျောင်းသားတွေဆိုရင် တီအီးကားနဲ့ အစင်း (၆၀) လောက်ရှိသတဲ့ကွာ၊ စစ်ကားတွေက ထောက်ကြန့်မှာတန်းစီရပ်ထားပြီးမှ ထွက်လာတာတဲ့"

မြသောင်း မောသွားသည်။ ဝင်းထိန် တစ်ကိုယ်လုံးက သွေးတွေ ဆူပွက်လာသည်ဟု ထင်လိုက်ရသည်။ နားထင်ကြောက သွေးများ တထိန်းထိန်းနှင့် ဆောင့်တိုးလာနေသည်။ အသက်ရှူမြန်လာသည်။ မျက်စိထဲတွင် သွေး အလူးလူးဖြင့် အော်ဟစ်နေမည့် ကျောင်းသားများကို မြင်ယောင်နေသည်။ မသေမရှင်နှင့် စစ်ကားပေါ်သို့ ပစ်တင်ခံလိုက်ရမည့် ကျောင်းသားများကို မြင်ယောင်နေသည်။ ကျောင်းသားအလောင်းတွေနှင့်အတူ မသေမရှင် ဖြစ်နေသည့် ကျောင်းသားများကိုပါ ရေတပ်က ပင်လယ်ဝတွင် သွားပစ်ချမည်ကို မြင်ယောင်လာသည်။ အလုပ်သမား အရေးအခင်းတုံးက ဆင်မလိုက်သဘော်ာ ကျင်းက အလုပ်သမားတွေကိုလည်း ဤသို့ပင် လုပ်ခဲ့သည်မဟုတ်ပါလား။ သည်အလုပ်အမျိုးတွေသည် သူတို့ အတွက် မိရိုးဖလာအလုပ်ကဲ့သို့ ဖြစ်နေပြီ။ ဝင်းထိန်၏ စိတ်ကား ဆောက်တည်ရာမရတော့။

"နင်တို့ယောကျ်ားတွေဖြစ်နေပြီး ဒီလောက်တောင် သတ္တိနည်းနေရ လား . ."

နော်စာမေထော ကုန်းအော်လိုက်သည့်အသံဖြစ်သည်။ မြသောင်းနှင့် ဝင်းထိန် နော်စာမေထောကို လှမ်းကြည့်လိုက်သည်။ ကုလားထိုင်ကို ဘေးသို့ တွန်းဖယ်ထားပြီး စားပွဲကိုလက်နှစ်ဘက်ဖြင့်ထောက်ကာ မတ်တတ်ရပ်၍ ကုန်း အော်နေသော နော်စာမေထောကို တွေ့လိုက်ရသည်။ နော်စာမေထော ပေါက်ကွဲ နေသည်။ မျက်နှာတစ်ခုလုံးနီမြန်းနေသည်။ လက်သီးနှစ်ဘက်လုံးကို ကျစ်ကျစ်

ပါအောင်ဆုပ်လိုက်ပြီး အသံကုန်အော်လိုက်သည်။

"နင်တို့ ဒီအစိုးရကို ပြုတ်ကျအောင် မလုပ်တော့ဘူးလား " အသံက မြင့်တက်လာသည်။ နော်စာမေထော စားပွဲပေါ်မှ ပုံဆွဲစာရွက်များကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး လွှင့်ပစ်လိုက်သည်။

" ဒီအစိုးရပြုတ်ကျအောင်လုပ်တာ လွယ်လွယ်လေး. . . တစ်ပြည်လုံး က ဝန်ထမ်းတွေ. . . ကိုယ့်ရုံးကိုယ် မီးရှို့လိုက်ရင်. . . ဘာရုံးမှမရှိတော့ဘူး. . . ဘာရုံးမှမရှိရင်. . . ဒီအစိုးရလည်း ပြုတ်ကျရော. . . "

"အခုလဲ. . . ကျောင်းသာတွေအသတ်ခံရပြန်ပြီ. . . ဒီအတိုင်းငုံ့ခံနေ တော့မှာလား . . . ဒီ အတိုင်းငုံ့ခံနေရင် နောက်လဲဒီအတိုင်း သတ်နေကြမှာ ဘဲ. . . နင်တို့ သားသမီးတွေကို သူတို့သားသမီးတွေက ဒီလိုပဲ ဆက်သတ်နေကြ ဦးမှာဘဲ . . . နင်တို့ ဒီလောက်တောင် မတွေးမိကြတော့ဘူးလား. . . "

နော်စာမေထော မောသွားသည်။ ဒေါ်တင်ကြိုင်နှင့် ဒေါ်ခင်ဆွေယုတို့ နှစ်ယောက်က နော်စာမေထောကို တစ်ဘက်တစ်ချက်စီမှ လက်မောင်းကိုကိုင်ထား ရင်း တတွတ်တွတ်ဖြင့် ချော့ချော့မော့မော့ပြောနေကြသည်။ ဦးမောင်မောင်ကြည် က နော်စာမေထော စားပွဲဆီသို့ ဖြည်းဖြည်းချင်းလျှောက်လာသည်။ ဆရာ့ မျက်နှာမှာ ပို၍ အိုစာသွားသည်ဟု ထင်လိုက်ရသည်။

နော်စာမေထောသည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘိသုကာဘွဲ့ရထား သူဖြစ်သည်။ ကရင်ခရစ်ယာန်ဖြစ်ပြီး အလုပ်ထဲသို့ ရောက်နေသည်မှာ (၂) နှစ် ခန့်ရှိနေပြီ။ ဒေါ်တင်ကြိုင်၊ ဒေါ်ခင်ဆွေယု တို့လည်း အတူတူပင်ဖြစ်ကြသည်။ ပုံသေလစာဖြင့် လုပ်နေရသူများဖြစ်သည်။ နော်စာမေထောက သုဝဏ္ဏလုံးချင်း အိမ်ရာတွင် မိဘများနှင့် အတူနေထိုင်ပြီး၊ ဗောက်စ်ဝက်ဂွန်း လိပ်ခုံးအဝါရောင် ကားလေးဖြင့် ရုံးတက်ရုံးဆင်းလုပ်နေသူဖြစ်သည်။

ဝင်းထိန်နှင့် မြသောင်းတစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက် ကြသည်။ ဘာမှ မပြောဖြစ်ကြ။ ဝင်းထိန်ရုံးပေါ်မှ ဆင်းခဲ့သည်။ ရုံးအုတ်လှေကား မှာ သုံးထစ်ရှိရာ ဝင်းထိန် အပေါ်ဆုံးအထစ်ကိုနင်း၍ ဆင်းရုံပဲ ရှိသေးသည်၊ နော်စာမေထောက ဝင်းထိန်ကို တိုးဝှေ့ကျော်လွှားပြီး လှေကားမှဆင်းသွားသည်။

ဝင်းထိန်က ကိုယ်ကိုယ့်ပြီး လမ်းဖယ်ပေးလိုက်ရသည်။ နော်စာမေထောက ကိုယ့်ဌာနခွဲရုံးခန်းကိုသာမက ရေသန့်ဌာနခွဲနှင့် လျှပ်စစ်ဌာနခွဲရုံးခန်းများရှိရာ အဆောင်များဘက်ဆီသို့ အော်ဟစ်သွားသေးသည်။

"လိုက်ခဲ့ကြဟေ့၊ ကမာရွတ်ဂါတ်တဲ မီးသွားရှို့မလို့"

ရုံးခြံဝအရောက်တွင် ဝင်းထိန်နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ နောက်က မြသောင်း လိုက်လာသည်။ မြသောင်းကို မစောင့်တော့။ ဝင်းထိန် ရှေ့သို့ပဲ တက်သုတ်နှင်တော့သည်။ ဝင်ဆာလမ်းထိပ်သို့ အရောက်တွင် ပြည်လမ်းအတိုင်း အထက်အောက် အစုန်အဆန်မျှော်ကြည့်လိုက်သည်။ လမ်းပေါ်တွင်မော်တော်ကားတစ်စင်းမှမရှိ။ တချို့ကပလက်ဖောင်းပေါ်မှ၊ တချို့က ကားလမ်းအလယ်ကောင်မှ၊ ကမာရွတ်ဆီသို့ အပြေးတစ်ပိုင်းဖြင့် လျှောက်နေသူများကို တွေ့လိုက်ရသည်။ တစ်ယောက်ချင်း၊ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ၊ အုပ်စုလိုက် စသည်ဖြင့် အမောတကော တက်သုတ်နှင်နေကြသည်။ ဝင်းထိန်ကတော့ လုံချည်တိုတိုပြင်ဝတ်ကာ တစ်ကိုယ်တော်ပဲ အပြေးတက်ဖြင့် နှင်ခဲ့သည်။

ဝင်းထိန်၏စိတ်ထဲတွင် တက္ကသိုလ်ဝင်းတွင်းသို့ရောက်ချင်စိတ်၊ မြင်ချင်စိတ်ဘဲ ကြီးစိုးနေသည်။ ဆရာစန္ဒြ အိမ်ရှေ့နားအရောက်တွင် ရှေ့မှလှည့်ပြီး အော်ပြောလိုက်သံကို ကြားလိုက်ရသည်။

" အဓိပတိ လမ်းပေါ်မှ သွေးကွက်တွေအများကြီးပဲတဲ့၊ ကျောင်းသားတွေကျွတ်ကျန်ခဲ့တဲ့ ဖိနပ်တွေလည်းအများကြီးပဲတဲ့ "

ဝင်းထိန် ခြေလှမ်း ပိုသွက်လာသည်။ နောက်လှည့်ကြည့်လိုက်တော့ ဘယ်ဘက်ပလက်ဖောင်းပေါ်တွင် မြသောင်းကိုလှမ်း၍တွေ့လိုက်သည်။ မြသောင်းလည်း အားနှင့်မာန်နှင့် လျှောက်နေသည်။ ဝင်းထိန် နှာခေါင်းထဲသို့ ညှော်နံ့တစ်ခုဝင်လာသည်။ ဟံသာဝတီအဝိုင်းနားမရောက်ခင် အင်းစိန်ဘက်သို့ ခေါင်းတည်ထားသော အမှတ်(၈)ဟီးနိုဘတ်စ်ကား တစ်စီးမီးလောင်နေသည်။ ကားကိုယ်ထည်က ဟိုတစ်ကွက်သည်တစ်ကွက်မည်းတူးနေပြီ။ ကားတာယာ မီးလောင်ညှော်နံ့မှာ မခံမရပ်နိုင်အောင်ရှိလှသည်။ ဝင်းထိန် မီးလောင်နေသော ဘတ်စ်

ကားနှင့်ဝေးရန် ဘယ်ဘက်ပလက်ဖေါင်းဘက်သို့ ကူးလိုက်သည်။ ရှေ့ကိုအပြေးတက်လိုက်သည်။ ကားကိုအလွန်တွင် ညှော်နံ့မှာ သိသိသာသာ လျော့ကျသွားသည်။ လေက အင်းစိန်ဘက်က တိုက်နေသောကြောင့်ဖြစ်သည်။

ကမာရွတ်နှင့်နီးလေ သတင်းကစုံလေဖြစ်သည်။ "တက္ကသိုလ်ဝင်းထဲတွင် ယခုတိုင်စစ်တပ်ကရှိ နေသေးသည်။ ညကအဖမ်းမခံရဘဲ ကျောင်းဆောင်များနှင့် ဝန်ထမ်းနေအိမ်များတွင် ဝင်ရောက်ပုန်းအောင်းနေသော ကျောင်းသားများကို ပိုက်စိပ်တိုက် ဖမ်းဆီးနေဆဲဖြစ်သည်။ တက္ကသိုလ်ဝင်းထဲသို့ မည်သူမှ ဝင်၍မရအောင် လုံထိန်းရဲက လေးဘက်လေးတန်မှ ပိတ်ဆို့ပေးထားသည်။ ကမာရွတ်ရဲစခန်းရှေ့တွင် တက္ကသိုလ်ဝင်းထဲသို့ ဝင်လိုသော လူထုနှင့် လုံထိန်းရဲတို့ ထိပ်တိုက်တွေ့နေကြသည်။"

ဝင်းထိန်ပညာရေးတက္ကသိုလ်ဝင်း ဥပစာကို ကျော်သွားသောအခါ ရှေ့တွင် လူများတန့်နေသည်ကို တွေ့ရသည်။ ပလက်ဖေါင်းပေါ်တွင်၊ ကားလမ်းပေါ်တွင် ရှေ့မတိုးဘဲ ရပ်နေကြသော လူတို့ကို ဟိုတစ်စုသည်တစ်စု တွေ့ရသည်။ အားလုံးက ကမာရွတ်ရဲစခန်းဘက်ဆီသို့ မျှော်ကြည့်နေကြသည်။ ဝင်းထိန်က ထိုအုပ်စုများကို ကျော်ဖြတ်လိုက်သည်။ ကမာရွတ်လိုင်းပေါက် မှတ်တိုင်နားအရောက်တွင် ရှေ့မြင်ကွင်းကို ပို၍ပီပီပြင်ပြင်မြင်ရသည်။ ယူနီဖေါင်း အပြည့်အစုံဝတ်ထားသော လုံထိန်းရဲတို့သည် ရှစ်ယောက်လျှင် တစ်တွဲနှုန်းဖြင့် အတွဲပေါင်း (၂၀)ခန့် တန်းစီကာ ဘယ်ဘက်လက်က ဒိုင်းကိုကိုင်ကာ ညာဘက်လက်က နံပါတ်တုတ်များမြှောက်၍ ကိုင်ထားသည်။ ၎င်းတို့ဘေးနားတွင် အမိန့်ပေးနေသော အရာရှိတစ်ဦးကိုလည်း တွေ့လိုက်ရသည်။ ဒိုင်းကို ကိုင်၍ နံပါတ်တုတ်ကို မြှောက်ထားသော ရှစ်ယောက်တစ်တွဲသော လုံထိန်းရဲတို့သည် တညီတညာတည်း ဘယ်ညာနင်း၍ ရှေ့ကိုတက်လိုက်၊ ဘယ်ညာနင်း၍ နောက်ကိုဆုတ်လိုက် လုပ်နေကြသည်။ တက္ကသိုလ်ရိပ်သာလမ်းကို ကန့်လန့်ဖြတ်ပြီး တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းအကွာ တန်းစီ၍ ရပ်နေကြသော လုံထိန်းရဲ အတန်းတစ်တန်းသည် ဝင်းထိန်တို့နှင့်ဆိုလျှင် ဘေးတိုက်အနေအထားကျမည်။

ယင်းရှစ်ယောက်တစ်တွဲတန်းစီထားသော လုံထိန်းရဲတပ်ဖွဲ့နှင့် တစ်တန်း

တည်းပြည်လမ်းဘယ်ဘက်အခြမ်း၊ ပလက်ဖေါင်းနှင့်(၁၀)ပေခန့် အကွာတွင် မော်တော်ကားကြီးတစီးရပ်ထားသည်။ မြေနီကုန်းဘက် ခေါင်းတည်ပြီး ရပ်ထားခြင်းဖြစ်သည်။ ဝင်းထိန်တို့နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ ကားက အနက်ရောင်ဖြစ်သည်။ ကားရှေ့တွင် လေကာမှန်မရှိဘဲ ကားမောင်းသူအတွက် ချောင်းကြည့်ပေါက်သာပါသော သံပြားကြီးနှင့် စက်ဖုံးသည် တစ်ဖြောင့်တည်း ဖြစ်သည်။ ဟီးနိုးရိန်းဂျားကားပုံစံနှင့် ခပ်ဆင်ဆင်ဖြစ်သည်။ ဘန်ပါနိမ့်သည်။ ကားခေါင်းပေါ်တွင် ရောင်စုံမီးလုံးများကို အတန်းလိုက်တပ်ထားသည်ကို တွေ့ရသည်။ မီးလုံးများအထက်တွင် စပီကာ(၄)လုံး တပ်ထားသည်။ ယင်းစပီကာများက အရပ်ထဲက စပီကာများလို အဝိုင်းများမဟုတ်၊ လေးထောင့်ခပ်ပြားပြားဖြစ်သည်။ ကားပုံစံက ရဲအချုပ်ကား ပုံစံမျိုးဖြစ်သည်။ အမိကရုဏ်းနှိမ်နှင်းရေးကားဆိုတာသည်ကားကိုခေါ်တာထင်ရဲ့ဟု ဝင်းထိန်မှတ်ချက်ပြုလိုက်သည်။

**"စစ် အစိုးရ အလိုမရှိ. . ."**

**"နေဝင်း - စန်းယု စစ်အစိုးရ အလိုမရှိ. . ."**

**"နေဝင်း - စန်းယု စစ်အစိုးရ အလိုမရှိ. . ."**

ပါးစပ်မှလည်း သံကုန်အော်သည်။ လက်ကလည်း **အုတ်နီခဲ ထက်ပိုင်းကျိုး** ဖြင့် အားရပါးရ ပစ်ပေါက်ကြသည်။ မြေနီကုန်းဘက်မှ ရောက်လာပြီး ကမာရွတ်ရဲစခန်းကို ဝိုင်းထားသည့် လူထုအင်အားက တစ်ထောင်ခန့်ရှိမည်။ ကျောင်းသားများမဟုတ်တော့၊ သာမန်အရပ်သား ပြည်သူလူထုတို့ဖြစ်သည်။ ဝင်းထိန်တို့လို ဝန်ထမ်းများပါမည်။ အခြေခံလူတန်းစားတွေပါမည်။ ကုန်သည်လယ်လုပ်အစရှိသူတို့လည်းပါမည်။ ကျောင်းသားကိုထိ၍ မချိတင်ကဲဖြင့် ရောက်လာသူများဖြစ်ကြသည်။

သမိုင်း၊ အုတ်ကျင်း တို့ဘက်မှ ကမာရွတ်ရဲစခန်းကို ဝိုင်းထားသောလူထုက မြေနီကုန်းဘက်မှဝိုင်းသော လူထုပရိသတ်ထက်ပိုသည်။ လူထုအင်အား ၃-၄ ထောင်ခန့်ရှိမည်ဟု မှန်းကြသည်။ အပဟန့်အတားလုပ်သော လုံထိန်းရဲအင်အားကလည်း ပိုများသည်။ အင်းစိန်ပရိသတ် ကြွေးကြော်သံများသည်လည်း ဘဝက်သို့ တိုင်ည်နေသည်။

ဝင်းထိန်တို့အဖွဲ့က ကြွေးကြော်သံဟစ်ပြီး ရှေ့သို့ပြေးတက်လိုက်၊ လက်ထဲမှ အုတ်ခဲပိုင်းကို လုံထိန်းများဆီ ပစ်ထည့်လိုက်၊ လုံထိန်းတပ်ဖွဲ့က ဘယ်ညာနင်းပြီး နောက်ဆုတ်လိုက်၊ ဝင်းထိန်တို့လက်ထဲ အုတ်ခဲပိုင်းကုန်သွားချိန်တွင် လုံထိန်းက ဘယ်ညာနင်းပြီး ရှေ့တက်လာလိုက်၊ ဝင်းထိန်တို့အဖွဲ့က ဆဲဆိုပြီး နောက်ဆုတ်လိုက် လုပ်နေကြသည်။

ဝင်းထိန်တို့ အုတ်ခဲပိုင်းကို ဝေးဝေးလံလံ ရှာစရာမလို၊ လိုင်းပေါက်မှတ်တိုင်ပလက်ဖောင်းပေါ်တွင် အဆင်သင့်စုပုံပေးထားသော အုတ်ခဲပိုင်းများကို ပြေးကောက်လိုက်ရုံသာဖြစ်သည်။ ယင်းလိုင်းပေါက်မှတ်တိုင် နောက်ကျောဘက်ရှိ တက္ကသိုလ် အလုပ်သမားတန်းလျား တစ်ခုအနီး ဆောက်လက်စအဆောက်အဦ ပတ်ပတ်လည်တွင် အုတ်ခဲပိုင်းများ တောင်ပုံရာပုံရှိနေသည်။ ယင်းအုတ်ခဲပိုင်းများကို ကောက်ယူပြီး လိုင်းပေါက်မှတ်တိုင် ပလက်ဖောင်းပေါ်တွင် စုပုံပေးနေသူများမှာ ၆-ယောက် ၇-ယောက်ခန့်ရှိသည်။ ဝင်းထိန်တို့က အသင့်ကောက်ပြီး ပစ်ရုံသာဖြစ်သည်။

ဝင်းထိန်တို့ လူအုပ်က လုံထိန်းရဲကို ခဲမိုးများရွာပေးနေစဉ်၊ ကားလမ်းဘယ်ဘက်ပလက်ဖောင်းပေါ်တွင် ကျောင်းသူအရွယ်မိန်းကလေးများ နှစ်ယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲဖြင့် လက်ထဲတွင် ပလတ်စတစ်ရေပုံးများဆွဲကိုင်ကာ ခဲမိုးရွာသွန်းပေးနေသူများ ကိုရပ်ပြီးကြည့်နေကြသည်။ ယင်းမိန်းကလေးများမှာ ရှိလှမှ (၈)တန်း (၉)တန်း ကျောင်းသူအရွယ်ကလေးများဖြစ်သည်။ တစ်တွဲနှင့် တစ်တွဲ မလှမ်းမကမ်းတွင် ရပ်နေကြခြင်းဖြစ်ပြီး ပလက်ဖောင်းပေါ်တွင် (၅)တွဲ (၆)တွဲခန့်ရှိသည်။

တွီ. . . တွီ. . . တွီ. . .

တွာ. . . တွာ. . . တွာ. . .

အဓိကရုဏ်းနှိမ်နှင်းရေး ကားဆီမှ ထွက်လာသော အသံများဖြစ်သည်။ တတွီတွီ - တတွာတွာနှင့် ဘာသံတွေမှန်းမသိ၊ တိုးလိုက် ကျယ်လိုက်နှင့် အသံမျိုးစုံ ထုတ်လွှင့်ပေးနေသည်။ တစ်ပြိုင်နက်တည်းမှာပင် ရောင်စုံမီးများက လင်းလာသည်။ ရောင်စုံမီးများက ဘယ်ညာအတန်းလိုက်ပြေးလိုက်၊ အထက်အောက်

တက်လိုက်ဆင်းလိုက် လုပ်နေသည်။ မျက်စိလှည့်စား၊ နားလှည့်စားလုပ်နေသည်ဟု ဝင်းထိန်တွေးလိုက်သည်။ ထိုစဉ် ယင်းအမိကရုဏ်း နှိမ်နင်းရေးကားကြီးကရှေ့သို့ တစ်လှိမ့်ချင်းတက်လာသည်။ အုတ်ခဲပိုင်းတွေက ၎င်းကားကြီးပေါ်သို့ ပျံဝဲပြီးတက်သွားသည်။ အုတ်ခဲပိုင်းတွေက ကားကိုယ်ထည် ပေါ်ကျသည်၊ ခေါင်မိုးပေါ်ကျသည်၊ ဘယ်နေရာမှ ဘာမှဖြစ်တာမတွေ့ရ။ ကားခေါင်းပေါ်မှ အသံများက ပိုကျယ်လာသည်။

အုတ်ခဲပိုင်းကောက်နေသောအဖွဲ့က အုတ်ခဲပိုင်း မကောက်တော့ဘဲ၊ သံဒလိမ့်တုံးကြီးတစ်တုံးကို ဝိုင်းဆွဲနေကြသည်။ ဆောက်လက်စအဆောက်အဦးဘေးနားတွင် သံဒလိမ့်တုံးကြီးတစ်တုံး ရှိနေသည်။ ယင်းသံဒလိမ့်တုံးကြီးမှာ လူကြီးလက်နှစ်ဘက်စာခန့်ကြီးပြီး တစ်လံခန့်ရှည်သည်။ ယင်းသံဒလိမ့်တုံးကြီးတွင် သံလက်ကိုင်နှင့် စက်ဖြင့်ချိတ်ဆွဲရန် တန်းတစ်ခုပါရှိသည်။ ကျောက်ချောလမ်းဖေါက်ရာတွင်သုံးသော လမ်းကြိတ်ဒလိမ့်တုံးကြီးဖြစ်သည်။ အုတ်ခဲပိုင်းကောက်နေသောအဖွဲ့က ယင်းလမ်းကြိတ်ဒလိမ့်တုံးကြီးကို တွန်းသူတွန်းပြီး၊ ဆွဲသူဆွဲယူလာကြသည်။ ဝင်းထိန်တို့ထဲမှ ၄-၅ယောက်ခန့် ပြေးသွားကူသည်။ ပလက်ဖေါင်းဘေးမှ ရေမြောင်းကို ခဲရာခဲဆစ်ဖြတ်ကျော်လာပြီး ညာသံပေးကာ ပလက်ဖေါင်းပေါ်သို့ တွန်းတင်လိုက်ကြသည်။ ထို့နောက် ပလက်ဖေါင်းပေါ်မှ ကတ္တရာလမ်းပေါ်သို့ တွန်းချလိုက်ကြပြီး ယင်းဒလိမ့်တုံးကြီးကို အမိကရုဏ်း နှိမ်နင်းရေးကားဆီသို့ ဆွဲသူဆွဲ၊ တွန်းသူတွန်းကာ ကားကြီးရှေ့တည့်တည့်တွင် ကပ်၍ ရပ်ထားပေးခဲ့သည်။ ကားကြီးက တစ်လိမ့်ချင်း နောက်ပြန်ဆုတ်သွားပြီး သူ့မူလနေရာတွင် ပြန်ရပ်နေတော့သည်။

ဒလိမ့်တုံးအဖွဲ့က ဒလိမ့်တုံးနှင့် အလုပ်ရှုပ်နေစဉ် ဝင်းထိန်တို့က လုံထိန်းရဲနှင့် နှစ်ပါးသွားနေရဆဲဖြစ်သည်။ ဝင်းထိန်တို့ဘက်ဆီက အုတ်ခဲပိုင်းများနှင့် ပစ်ပေါက်လိုက်သဖြင့် ဒိုင်းနှင့်နံပါတ်တုတ် ကိုင်ထားသော လုံထိန်းရဲအဖွဲ့က ဘယ်ညာနင်းပြီးနောက်သို့ဆုတ်သွားသည်။ ၎င်းတို့ဘေးတွင် တန်းစီခြင်းမဟုတ်ဘဲ ကျဘမ်းရပ်နေသော လုံထိန်းရဲတို့ဆီမှ ပစ်ပေါက်လိုက်သည့် အရာတို့က လေထဲတွင် ဝဲပျံလာသည်။ အဖြူရောင် မီးခိုးတန်းတို့ တန်းလန်းဖြင့်

ဝင်းထိန်တို့ဘက်ကျလာသည်။

“မျက်ရည်ယိုဗုံးကွ၊ မျက်ရည်ယိုဗုံး”

**မျက်ရည်ယိုဗုံး** ဆိုသည်ကို ဝင်းထိန် ပထမဆုံးမြင်ဖူးခြင်းဖြစ်သည်။ တစ်လုံးက ဝင်းထိန်၏ ညာဘက်ပခုံးနားမှကပ်၍ ကတ္တရာလမ်းပေါ်သို့ကျသွားသည်။ မျက်ရည်ယိုဗုံးနှင့် ကတ္တရာလမ်းတို့တွေ့ထိသံက သတ္တုသံ ထွက်လာသည်။ မီးခိုးဖြူများ အလိပ်လိုက်အလိပ်လိုက် ထွက်နေဆဲဖြစ်သည်။ ဝင်းထိန် ဘာမှမလုပ်တတ်၊ အနံ့က စိမ်းရွှေရွှေနှင့်ဆိုးဝါးပြင်းထန်လှသည်။ မျက်စေ့များ တအားစပ်လာပြီး မျက်ရည်များသွန်ကျလာသည်။ လူက ဒယီးဒယိုင်ဖြစ်လာသည်။ ခြေနှစ်ဘက်လုံး ထောက်တည်ရာမရတော့။ ကတ္တရာလမ်းပေါ်သို့ ဒူးညွှတ်၍ ကျသွားသည်။ ဒူးခေါင်း အလွန်အမင်းနာကျင်သွားသည်။ ဝင်းထိန် ကတ္တရာလမ်းကိုလက်နှစ်ဖက်ဖြင့် ထောက်ထားရသည်။ လည်ချောင်းထဲကလည်း ပူ့တက်လာသည်။ မနက်က သုဝဏ္ဏမှစားသောက်လာသော လက်ဖက်ရည်နှင့် ထမင်းကြော်များဝေါကနဲ ထိုးအန်လိုက်သည်။ ပတ်ဝန်းကျင်မှ ဆဲသံဆိုသံများလည်းကြားနေရသည်။

“ဦးလေး. . . မျက်နှာမော့လိုက်. . . မျက်နှာမော့လိုက်. .”

ဝင်းထိန်နားထဲသို့ မိန်းကလေးသံများဝင်လာသည်။ မျက်လုံးက ဖွင့်၍မရသေး၊ ဝင်းထိန်က ညွှတ်ကျနေသော ဦးခေါင်းကို မော့လိုက်သည်။ ‘ဖွမ်း’ ကနဲ အသံကြားလိုက်ပြီး မျက်နှာတစ်ခုလုံး စိုရွှဲသွားသည်။ မျက်နှာကို ရေနှင့် အလောင်းခံလိုက်ရတာပါလား။ ရုတ်ချည်းပင် မျက်စိစပ်နေတာတွေ ပျောက်သွားသည်။ နှာခေါင်းထဲမှ စိမ်းရွှေရွှေအနံ့များ ပျောက်သွားသည်။ အန်ချင်စိတ်များလည်း ပျောက်သွားသည်။ မျက်လုံးကိုဖွင့်၍ ကြည့်လိုက်သည်။

ပလက်ဖေါင်းပေါ်မှာ ရေပုံးကိုင်ပြီး နှစ်ယောက်တစ်တွဲ ရပ်နေကြတဲ့ မိန်းကလေးတွေပါလား၊

ယခုတော့ ပလက်ဖေါင်းပေါ် ရပ်မနေကြတော့။ ကတ္တရာလမ်းပေါ်တွင် ရေပုံးကိုယ်စီနှင့် ပြေးလွှားနေကြသည်။ မျက်ရည်ယိုဗုံး ထိထားသူတွေဆီလည်း ရောက်အောင်သွားနေကြသည်။ မျက်နှာကိုလည်း ရေဖြင့်လောင်းပေး၍ ကြ

သည်။ မျက်ရည်ယိုဗုံးလာရာ လမ်းကြောင်းမှလည်း လွတ်အောင် ရှောင်ပြေးနေရသေးသည်။

ပလက်ဖေါင်းပေါ်တွင် သက်လတ်ပိုင်းအရွယ် အမျိုးသမီးများ ရောက်နေကြသည်။ စောစောက မတွေ့မိ။ ယခုမှရပ်ကွက်ထဲက ပြေးထွက်လာခဲ့ကြပုံရသည်။ ကတ္တရာလမ်းပေါ်မှ မိန်းကလေးများအား မျက်ရည်ယိုဗုံး ထိထားသူများ၏ နေရာကို အော်ဟစ်လမ်းညွှန်ပေးနေသည်။ သူတို့ကိုယ်တိုင်လည်းရေပုံးများဆွဲ၍ ရေကုန်သွားသော မိန်းကလေးများ၏ ရေပုံးများကို ရေလိုက်ဖြည့်ပေးနေကြသည်။

"ဦးလေးကိုပေး. . . ဦးလေးကိုပေး. . ."

အသက်ခပ်လတ်လတ်၊ လူရွယ်တစ်ဦးက မိန်းကလေးတစ်ယောက်ထံမှ ရေပုံးကို တောင်းလိုက်သည်။ မျက်ရည်ယိုဗုံးထိထားသဖြင့် ခါတ်တိုင်ကို မှီနေရသူ ကျောင်းသားလူငယ်တစ်ဦးအား ခေါင်းမှဖြို၍ ရေဖြင့်လောင်းပေးလိုက်သည်။

မျက်ရည်ယိုဗုံး မီးခိုးငွေ့များက ကတ္တရာလမ်းအပေါ်လေထုထဲတွင် မြူကဲ့သို့ဆိုင်းနေသည်။

ကမာရွတ်ရဲစခန်းကို အင်းစိန်၊ ကြို့ကုန်း၊ သမိုင်းဘက်မှ ဝိုင်းလာသောလူစုလူဝေးကိုလည်း မျက်ရည်ယိုဗုံးဖြင့် ဖြိုခွင်းသည်။ လေက မြောက်ဘက်က တိုက်နေသဖြင့် ထိရောက်မှုမရှိဟု ပြောသံကြားလိုက်ရသည်။

ဝင်းထိန်တို့ မြေနီကုန်းပရိသတ်ကို မျက်ရည်ယိုဗုံးဖြင့် ဖြိုခွင်းမှုကို ရပ်ပစ်လိုက်သည်။ လူထုပရိသတ်၏ အထက်လက်ခုပ်တစ်ဖေါင်ခန့်တွင် မီးခိုးငွေ့များ ရစ်သန်းပြီးကျန်ရစ်ခဲ့သည်။

**"နေဝင်း၊ စန်းယု စစ်အစိုးရ - အလိုမရှိ"**

**"ကျောင်းသားသတ်တဲ့အစိုးရ - အလိုမရှိ"**

လုံထိန်းရဲတို့ဘက်ဆီသို့ အုတ်ခဲပိုင်း များ ပျံဝဲ၍ တက်သွားပြန်သည်။ လမ်းပေါ်မှ ရေပုံးနှင့် မိန်းကလေးများ ပလက်ဖေါင်းပေါ်တက်သွားကြသည်။ တချို့လည်းရပ်ကွက်ထဲသို့ ပြန်သွားကြသည်။ လူထုပရိသတ်ကို မျက်ရည်ယိုဗုံးဖြင့် ဩဘာပေးခဲ့သော လုံထိန်းရဲတို့သည်လည်း ကတ္တရာလမ်းပေါ်မတွေ့ရ

တော့၊ ရဲစခန်းထဲဝင်သွားကြပြီ။

ရှစ်ယောက်တစ်တွဲဖြင့် တန်းစီရပ်နေကြသော ဒိုင်းကိုင်လုံထိန်းတပ်ဖွဲ့သည် ရုတ်ခြည်းအသက်ဝင်လာကြသည်။ ဘယ်လက်ဖြင့်ဒိုင်းကို ရင်မှာကပ်လျက်ကိုင်၍ညာလက်ဖြင့် နံပါတ်တုတ်ကို ကိုင်မြှောက်ထားပြီး ဘယ်ညာနင်းကာရှေ့သို့တက်လာကြသည်။ အော်ဟစ်ကြွေးကြော်နေကြသော၊ အုတ်ခဲပိုင်းနှင့်ပစ်ပေါက်နေကြသော ဝင်းထိန်တို့နှင့် မျက်နှာချင်းဆိုင်ပေ ၁၅၀ အကွာခန့်တွင် တိခနဲ ရပ်လိုက်ကြသည်။ သူတို့ခေါင်းပေါ်သို့ ပျံဝဲလာကြသော အုတ်ခဲပိုင်းတို့ကို ဒိုင်းဖြင့် အကာအကွယ်ယူလိုက်ကြသည်။

ထိုစဉ် ခြေစုံချ၍ရပ်ထားသော ရှေ့ဆုံးမှ ရှစ်ယောက်တစ်တွဲအတန်းသည် ဆတ်ခနဲ ရုတ်တရက်ထိုင်ချလိုက်သည်။ မုဆိုးဒူးထောက်ပုံစံဖြစ်သည်။ ဘယ်လက်တွင်ကိုင်ထားသောဒိုင်းကို ကတ္တရာလမ်းပေါ်တွင် အပြားလိုက်ချထားလိုက်ကြသည်။ ညာလက်ကိုဆန့်ထားပြီး နံပါတ်တုတ်ကို ကတ္တရာလမ်းပေါ်တွင်ထောက်လျက်ကိုင်ထားကြသည်။ အားလုံးစက္ကန့်ပိုင်းအတွင်းမှာဘဲဖြစ်သည်။ စစ်ရေးပြပုံစံအတိုင်း ထိုင်ချလိုက်သော ရှေ့ဆုံးတန်း၏ နောက်ဘက်တွင် ရှစ်ယောက်တစ်တွဲ အတန်းတစ်တန်းကမတ်တပ်ရပ်လျက် အသင့်အနေအထားဖြင့်ရှိနေသည်။ ဒိုင်းနှင့်နံပါတ်တုတ်များကို ကိုင်ထားကြသူများမဟုတ်။ ဒင်ကိုခါးမှာထောက်လျက်၊ ပြောင်းကို လူထုဘက်ကို လှည့်ကာ၊ လက်ညှိုးကို ခလုတ်မောင်းကွင်းထဲအသင့်ထည့်ထားသော ကာဘိုင်ကိုယ်စီနှင့်ဖြစ်ကြသည်။ ဝင်းထိန်တို့ အားလုံးကြောင်ကြည့်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် သတိပေးရန်အချိန်မရလိုက်။ ခပ်အုပ်အုပ် အမိန့်ပေးသံ ကြားလိုက်သည်။

"ဒိုင်း"

မိုးပေါ်ထောင်ဖောက်ခြင်းမဟုတ်။ လူထုဆီသို့ တည့်တည့်တန်းတန်းပစ်ထည့်လိုက်ခြင်းဖြစ်သည်။ သေနတ် ရှစ်လက်ထဲက ဘယ်နှလက်ဖြင့် ပစ်ထည့်လိုက်သည်မသိလိုက်ရ။ ဝင်းထိန်၏ ရှေ့လက်တစ်ကမ်းအကွာ ခါးလွယ်ခုတ်အနေအထားတွင် ရပ်နေသူသည် ဘိုင်းခနဲ ကတ္တရာလမ်းပေါ်သို့ အရှပ်ကြိုးပြတ် ပစ်ကျသွားသည်။ ရှေ့ညာဘက် လိုင်းပေါက်ကားမှတ်တိုင်အနီး

ပလက်ဖောင်းနားတွင်လည်း လူ (၂)ဦးလည်း တုန်းခနဲ လဲကျသွားသည်ကို တွေ့လိုက်ရသည်။

ဝင်းထိန် ဘယ်ဘက်ပလက်ဖောင်းပေါ်သို့ပြေးတက်ပြီး ဘေးက ရေမြောင်းထဲသို့ ခုန်ချလိုက်သည်။ ကတ္တရာလမ်းပေါ်တွင် အော်သံ၊ ဟစ်သံ၊ ပြေးသံ၊လွှားသံ၊ ဆဲသံဆိုသံတို့ဖြင့် ပွက်ပွက်ညံနေသည်။ ခဏအကြာ ဝင်းထိန် ရေမြောင်းထဲတွင် မတ်တတ်ပြန်ရပ်လိုက်ပြီးအပေါ်သို့ ဖြည်းဖြည်းချင်း တက်လာသည်။ အနီးနားမှ လူ(၃)ယောက်က သေနတ်မှန်ထားသူကို ပွေ့ထူထားသည်။ ဝမ်းဗိုက်သို့မှန်ထားခြင်းဖြစ်သည်။ သွေးထွက်သည်ကဖြင့် မြင်မကောင်း အောင်ပင် ရှိနေသည်။ နှစ်ယောက်ကပွေ့ချီလာပြီး ဝင်းထိန်ရှိရာ ပလက်ဖောင်းဆီသို့သယ်လာခဲ့ကြသည်။ ဒဏ်ရာရထားသူ ခန္ဓာကိုယ်ကို တွန့်လိမ်နေရင်း ပါးစပ်မှ ညည်းညူနေသည်။ အော်ကြီးဟစ်ကျယ်မဟုတ်။ ပြင်းထန်သော ဝေဒနာကို ကြိတ်မှိတ်ခံနေပုံရသည်။ ရပ်ကွက်ထဲပြေးဝင်သွားသူတစ်ဦးက ယောကျ်ားဝတ်လုံချည်အဟောင်း တစ်ထည်ရလာခဲ့ပြီး ပြန်ပြေးလာသည်။ ဝင်းထိန်က ယင်းလုံချည်အဟောင်းကို လှမ်းတောင်းလိုက်ပြီး ဝမ်းဗိုက်ဒဏ်ရာကို တင်းတင်းရင်းရင်း ရစ်ပတ်စည်းပေး လိုက်သည်။ တစ်ယောက်တစ်ပေါက်လည်း ပြောနေကြသည်။ "မော်တော်ကား ရမလား၊ မော်တော်ကား ရှာကြစမ်းပါ ရန်ကုန်ဆေးရုံကြီးကို မရောက်ရောက် အောင်ပို့မှဖြစ်မယ်။"

မုဆိုးဒူးထောက်ထိုင်ထားသော လုံထိန်းရဲများက ပြန်၍မတ်တတ်ရပ်ပြီး သားဖြစ်နေပြီ။ ဒိုင်းနှင့်နံပါတ်တုတ်ကို ကိုင်ထားပြီးသားဖြစ်နေပြီ။ သေနတ်ဖြင့် ပစ်လိုက်သူမှာ သူတို့မဟုတ်သလိုလို ဖြစ်နေကြသည်။ လိုင်းပေါက်မှတ်တိုင် ပလက်ဖေါင်းအနီးသေနတ်ထိမှန်ခဲ့သူ (၂)ဦးနားတွင်လည်း လူများအုံနေသည်ကို တွေ့လိုက်ရသည်။ အခြေအနေကိုမသိရ။ ဝင်းထိန် အနီးနားမှ လူ(၄) ဦး လိုင်းပေါက်မှတ်တိုင် အလုပ်သမားတန်းလျားဘက်ဆီသို့ ပြေးသွားကြသည်။ ခဏအကြာတွင် သွပ်ပြားဆိုင်းဘုတ်တစ်ခု အချပ်လိုက်ခွာပြီး သယ်ယူလာကြသည်။ သွပ်ပြားဆိုင်းဘုတ်က (၆)ပေ (၃)ပေခန့် ရှိမည်။ ဆိုင်းဘုတ်အဟောင်း ဖြစ်သည်။ **အခြေခံအလုပ်သမားအစည်းအရုံးအမှတ်. . . ကမာရွတ်မြို့နယ်. .**

ဟူသောစာသားကို ဆေးများကွာနေသည့်ကြားက ဖတ်လိုက်ရသည်။ ဒဏ်ရာရလူနာအား သွပ်ပြားဆိုင်းဘုတ်ပေါ် တင်ပေးကြသည်။ လူနာထံမှ မချိမဆန့်ညည်းတွားသံထွက်လာသည်။ တစ်ယောက်က "ကဲ-မော်တော်ကားရအောင်ရှာကြမယ်ဗျာ ဆေးရုံရောက်အောင်ပို့ရမယ်" သွပ်ပြားဆိုင်းဘုတ်ကို လူနာထမ်းစင်သဖွယ်လုပ်ပြီး မော်တော်ကားတစ်စီးလောက်အရရှာရန် စိတ်ကူးအကြံအစည်နှင့်ဖြစ်သည်။

ဘယ်ကိုမှ သွားပြီး မော်တော်ကား မရှာလိုက်ရပါ။ ဗောက်စ်ဝက်ဂွန်ပေါင်မုန့်ကားနှင့်ဆင်တူသော မော်တော်ကားတစ်စီး ဝင်းထိန် တို့နား ထိုးဆိုက်လာသည်။ ကားက အလွန်သန့်သည်။ ကားရှေ့တွင် အလံတစ်လက် စိုက်ထားသည်။ ကားက ချောကလက်အနုရောင်ဖြစ်သည်။ ကားအမျိုးအစားကို ဝင်းထိန်မသိ၊ ကားရှေ့ခန်းတံခါးဖွင့်ပြီး လူတစ်ယောက် ဆင်းလာသည်။ ရုပ်ရည်သန့်သန့်၊ အဝတ်အစားသပ်သပ်ရပ်ရပ်နှင့် ကုလားဆင်တစ်ယောက်ဖြစ်သည်။ ကားနောက်ခန်းမှ ဘေးတိုက်လျှောတံခါးပွင့်လာသည်။ လူနှစ်ယောက် ခပ်သုတ်သုတ် ဆင်းလာသည်။ သူတို့လည်း ကုလားဆင်တွေဖြစ်သည်။ ကားရှေ့ခန်းမှ ဆင်းလာသည့်ပုဂ္ဂိုလ်ကသူ့ညာဘက်လက်ကို မြှောက်ထားပြီးယမ်းပြရင်း ပါးစပ်မှလည်း . . .

"အာရပ် . . . အမ်ဗဇီ"

"အာရပ် . . . အမ်ဗဇီ" ဟု အော်ပြောလိုက်သည်။ သူ့လူနှစ်ယောက်ကိုလည်း သူတို့ဘာသာစကားဖြင့် ခပ်သွက်သွက်ပြောနေသည်။ လူနာကိုမပြီးကားပေါ် တင်ကြရန် ပြောနေပုံရသည်။ ဝင်းထိန်သဘောပေါက်လိုက်ပြီ။

ကားက အာရပ်သံရုံးကကားဖြစ်မည်။ ကားပေါ် ပါလာသူများက သံရုံးအရာရှိနှင့်သူ့တပည့်များဖြစ်မည်။ တက္ကသိုလ်ရိပ်သာလမ်း အာရပ်သံရုံးမှ မြို့ထဲသို့အလာ ကမာရွတ်ရဲစခန်းရှေ့တွင် လုံထိန်းရဲက လူထုကို သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းကြောင်းကြားသိလိုက်ရ၍ လူအုပ်ထဲသို့ အတင်းမောင်းဝင်လာခြင်းဖြစ်မည်။ သံရုံးအလံအားကိုးဖြင့် မကြောက်မရွံ့ဝင်လာခြင်းဖြစ်မည်။ **လူသားချင်းစာနာထောက်ထားသောအသိစိတ်ဓါတ်** ဆိုသည်ကို ဝင်းထိန် တွေ့ထိလိုက်ရသည်။

သူ့လူတွေက လူနာကို ဖွင့်ထားသောဘေးတိုက်လျှောတံခါးမှ မ, တင်ပေးလိုက်သည်။ ကားကြမ်းပြင်ပေါ်မှာဘဲ ချထားပေးသည်။ သွပ်ပြားဆိုင်းဘုတ်ကြီးကို ချန်ထားခဲ့သည်။ လူအုပ်ထဲမှ တစ်ယောက်ကို ကားပေါ်တက်ခိုင်းပြီး ကားတံခါးကို ဆွဲပိတ်လိုက်ကြသည်။ ကားဘေးမှ ရပ်နေကြသော ပရိသတ်ထဲမှ တစ်ယောက်က ထိုသံရုံးမှ ပုဂ္ဂိုလ်ကို တတ်သမျှ အင်္ဂလိပ်စကား အကျိုးအပဲ့များဖြင့် တောင်းဆိုနေသည်။

"ပလိစ့် . . . ပလိစ့် . . . ကယ်ရီတူ . . . အမေရိကန် အမ်ဗဇီ . . . "

လူနာကို အမေရိကန် သံရုံးသို့ ပို့ပေးရန်ပြောချင်ပုံရသည်။ လူနာ၏ လုံခြုံရေးကို အမိကထားပြီး တောင်းဆိုနေပုံရသည်။

နောက်တစ်ယောက်က

"ပလိစ့် . . . ပလိစ့် . . . ဂိုးတူ . . . ရန်ဂွန်း . . ဂျင်နရယ် . . . ဟော့စ်ပီတယ် "

လူနာကို ရန်ကုန် ဆေးရုံကြီးပို့ပေးရန် ပြောချင်ပုံရသည်။ လူနာအားအချိန်မီ ဆေးဝါးကုသမှုခံယူခွင့်ရရန် အမိကထားပြီး တောင်းဆိုချင်ပုံရသည်။

" ရက်စ် . . . ရက်စ် . . . ဂျင်နရယ် . . . ဟော့စ်ပီတယ် . . . "

သံရုံးအရာရှိက လူအုပ်ကြီးကို ပြောလိုက်ခြင်းဖြစ်သည်။ ဆေးရုံကြီးကို ပို့ပေးမည်ဟု ပြောပြောဆိုဆို ကားပေါ်တက်လိုက်ပြီး ရှေ့ခန်းတံခါးဆွဲပိတ်ကာ ပြည်လမ်းအတိုင်း မြို့ထဲသို့ မောင်းထွက်သွားသည်။ ဝင်းထိန်တို့လူစု ကတ္တရာလမ်းပေါ် ပြန်တက်ကြသည်။ လူတွေလည်း ဖရိုဖရဲဖြစ်နေကြသည်။ ရဲစခန်းရှေ့မှာ ရှုတ်ရှုတ်သဲသဲဖြစ်နေဆဲ၊ အုတ်ခဲပိုင်းစစ်ဆင်ရေး မဆင်နွှဲကြတော့၊ လက်သီးလက်မောင်းတန်းပြီး အော်ဟစ်ဆဲဆိုနေတာတွေပဲရှိသည်။ ရှစ်ယောက်တစ်တွဲတန်းစီထားသော လုံထိန်းများလည်း မတွေ့ရတော့၊ ဝင်းထိန် ပုဆိုးပြင်ဝတ်ရင်း ရှေ့သို့တက်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် လုံထိန်းရဲများ ရဲစခန်းထဲမှ ကတ္တရာလမ်းပေါ်သို့ ပြေးထွက်လာကြသည်။ လက်တစ်ဘက်က ဒိုင်းကို ကိုင်ထားပြီး ကာထားရင်း တစ်ဘက်မှ နံပါတ်တုတ်ဖြင့် တွေ့ရာလူကို ဒလစပ် လိုက်ရိုက်ကြသည်။

"ဒိုင်း . . ."

"ဒိုင်း . . ."

ရဲစခန်းရှေ့မှ သေနတ်သံနှစ်ချက် ဆင့်ထွက်လာသည်။ မိုးပေါ် ထောင်၍ ဖောက်လိုက်ခြင်းဖြစ်သည်။ လူအုပ်ကြီးက ဝေါကနဲ နောက်ဆုတ်ကာ ဝင်းထိန်တို့ဘက်သို့ပြန်ပြေးလာကြသည်။ နောက်က လုံထိန်းရဲများက ထပ်ချပ်မကွာ လိုက်လာကြသည်။ တုတ်ဖြင့်လည်း မနားတမ်းရိုက်လာသည်။ အရိုက်ခံရသူတွေက အလဲလဲအပြိုပြို ဖြစ်ကုန်ကြသည်။

"ဆုတ် . . . ဆုတ် . . . နောက်ဆုတ်တော့ . . ."

ပြန်ပြေးလာသူထဲမှ တစ်ယောက်က ဝင်းထိန်တို့ဘက်သို့ အော်ပြော လိုက်ခြင်းဖြစ်သည်။ ဝင်းထိန်တို့ထဲမှ တစ်ယောက်ကလည်း-

" မရတော့ဘူးဟေ့. . . ဒီကောင်တွေ အင်အားတအားများလာပြီ"

ဟုတ်ပါသည်။ နောက်ထပ် တပ်ကူအင်အားများ ရောက်လာပုံရသည်။ အင်အား ၂ဆ ခန့်ဖြစ်လာသည်။ ဝင်းထိန်တို့ တစ်အုပ်စုလုံး မြေနီကုန်းဘက် ဦးတည်လိုက်ကြသည် [illegible]က်သွက်ပင် အပြေးတက်လိုက်ကြသည်။ လမ်းမီးတိုင် တစ်ပြန်လောက်အရောက်တွင် နောက်ပြန်လှည့်ကြည့်လိုက်သည်။ အရိုက်ခံ ထားရ၍ မပြေးနိုင်မလွှားနိုင် ဖြစ်နေသူများကို အမိကရုဏ်းနှိမ်နှင်းရေးကား ပေါ်သို့ ဆွဲတင်နေသည်ကို တွေ့လိုက်ရသည်။

ပြေးရင်းလွှားရင်းပင် မြန်မာ့အသံရှေ့ကို ရောက်လာသည်။ လူအုပ်ကြီးက ပြည်လမ်းပေါ်တွင် မပြေးရုံတမယ်ဖြင့် မြန်မာ့အသံရှေ့ကို ဖြတ်လျှောက်နေကြ ခြင်းဖြစ်သည်။ ပညာရေးတက္ကသိုလ်ဘက် ပလက်ဖောင်းပေါ်မှတစ်ယောက်က-

"မြန်မာ့အသံကို ဝင်ချမယ်ဟေ့"

" ဟာမလုပ်နဲ့ . . . အကုန်သေကုန်လိမ့်မယ် " မြန်မာ့အသံဘက် ပလက်ဖောင်းပေါ်မှလျှောက်နေသော ဝင်းထိန်က လှမ်းအော်လိုက်ရသည်။ အသံလွှင့်ရုံဝင်းထဲတွင် မြန်မာ့အသံ အဆောက်အဦကြီးအား ကျောပေးပြီး တန်းစီ၍ ရပ်နေကြသော စစ်ဗိုလ်ငယ်များ အယောက် (၂၀) (၃၀) ခန့်ရှိသည်။ တစ်ယောက်နှင့် တစ်ယောက် လက်တစ်ကမ်းအကွာ တန်းစီညာညီပြီး ရပ်နေ

ကြခြင်းဖြစ်သည်။ "သက်သာ" အနေအထားဖြင့် ရပ်နေကြခြင်းဖြစ်သည်။ ပခုံးပေါ်တွင် တချို့ကသပြေခက်တစ်ခက်၊ တချို့က နှစ်ခက်တွဲ တင်ထားကြသည်။ ခါးတွင် 'အတို' ကလေးများ ကိုယ်စီနှင့် ဖြစ်သည်။ တစ်စုံတစ်ရာသော အမိန့်ကို စောင့်ဆိုင်းနေပုံရသည်။ လမ်းပေါ်က လူအုပ်ကြီးကလည်း မိမိထင်ရာ မြင်ရာကို ပြောရင်းရပ်ကြည့်နေကြသည်။

"ကဲ . . . ကိုယ့်လမ်းကိုယ်သွားကြပါ ကိုယ်လူတို့ . . . မြန်မာ့အသံနဲ့ မင်းတို့နဲ့ ဘာမှမဆိုင်ပါဘူး . . ."

အသံလွှင့်ရုံ ဝင်းတံခါးဝအနီးတွင် ရပ်နေသော ယူနီဖောင်းဝတ် ပုဂ္ဂိုလ်ကြီးထံမှ ထွက်လာသောစကားသံဖြစ်သည်။ ပခုံးပေါ်ကို လှမ်းကြည့်လိုက်တော့ ဒုတိယ-ဗိုလ်မှူးကြီးအဆင့်နှင့်ဖြစ်သည်။

"မြို့ထဲကိုသွားမယ်ဟေ့ . . . မြို့ထဲကိုသွားကြမယ် . . ."

ပြည်လမ်းမကြီးအလယ်ကောင်ကမှ မြို့ထဲဘက်သို့ လျှောက်နေကြသော အုပ်စုထဲမှတစ်ယောက်က ပလက်ဖောင်းပေါ်မှ လျှောက်နေကြသူများကို အော်ပြောလိုက်သံဖြစ်သည်။ အားလုံးခြေလှမ်း သွက်သွက်ဖြင့် လှမ်းကြရင်း ဟံသာဝတီ အဝိုင်းကို ကျော်လာခဲ့ကြသည်။ အဝိုင်း၏ထိပ်၊ ပြည်လမ်းမကြီးပေါ်ရှိ သတ္တုတွင်း ဝန်ကြီးဌာန၏ ရုံးတစ်ရုံးကို ခဲဖြင့်ပေါက်ကြမည်ဟု တစ်ဖွဲ့က အော်ဟစ်ဆော်ဩလိုက်သဖြင့် ကျန်သူများက ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးနေကြရသည်။ ဦးစီးဦးဆောင်ဟူ၍ သတ်သတ်မှတ်မှတ်မရှိ။ ကိုယ်ထင်ရာ၊ ကိုယ်မြင်ရာ၊ ကိုယ်စိတ်ကူးရှိရာကို ပြောဆိုပြီး ဘေးနားကလူကို အဖော်ညှိကြရင်းနှင့် မြေနီကုန်းသို့ ရောက်ခဲ့ကြသည်။ လောလောလတ်လတ် အားလုံးသဘောတူညီထားသည့် အချက်တစ်ချက်ရှိသည်။ မြို့ထဲသို့သွားမည်၊ မြို့ထဲက အဖွဲ့များနှင့် ပူးပေါင်းမည် ဟူ၍ ဖြစ်သည်။

ဝင်းထိန် ဆန်းသီရိ ရုပ်ရှင်ရှေ့သို့ရောက်လာသည်။ ရုပ်ရှင်ရုံနှင့် ကပ်လျက် ပလက်ဖောင်းပေါ်မှ လျှောက်နေခြင်းဖြစ်သည်။ ဝင်းထိန်တို့ရှေ့က အဖွဲ့တစ်ဖွဲ့က 'ကိုစောလှိုင်' စာအုပ်ဆိုင်ရှေ့သို့ ရောက်နေပြီ။

ပြည်လမ်းအလယ်ကောင်တွင်လည်း ၃-၄ ယောက်တွင် တစ်ဖွဲ့ဖြင့်

၄-၅ ဖွဲ့ဖွဲ့ကာ မြို့ထဲသို့ ဦးတည်နေကြသည်။ တပင်ရွှေထီးရုပ်ရှင်ရုံရှေ့ ပလက်ဖောင်းပေါ်မှ တစ်ယောက်က-

"မြေနီကုန်းဂါတ်တဲကို ဝိုင်းမယ်ဟေ့ . . . " ဘာစိတ်ကူးပေါက်လိုက်လေသည်မသိ၊ လမ်းလယ်ကောင်က အဖွဲ့များကို အော်ပြောလိုက်သည်။

" မလုပ်နဲ့ . . . မလုပ်နဲ့ . . . မြို့ထဲပဲသွားမယ် . . . မြို့ထဲကအဖွဲ့နဲ့ ပေါင်းမယ် . . . " လမ်းလယ်ကောင် အဖွဲ့ထဲမှ တစ်ယောက်ဆီက စိုးရိမ်တကြီးတားမြစ်လိုက်သံကို ကြားလိုက်သည်။ မြေနီကုန်းရဲစခန်းသည် ပြည်လမ်းမကြီးဘေးပလက်ဖောင်းကို မေးတင်ထားသော ရဲစခန်းဖြစ်သည်။ ရှေ့တွင် မည်သည့်အကာအရံမှမရှိ။ ခြံနှင့်ဝင်းနှင့် သတ်သတ်မှတ်မှတ် ကာရံထားသော ရဲစခန်းမျိုးမဟုတ်ချေ။

ဝင်းထိန်လည်း ကိုစောလှိုင် စာအုပ်ဆိုင်ရှေ့ကိုကျော်လာသည်။ ဖြုံးခနဲရဲစခန်းအတွင်းမှ ယူနီဖောင်းဝတ်ရဲတစ်ဦး ပလက်ဖောင်းပေါ် ပြေးတက်လာသည်။ လက်ထဲတွင် အသ[illegible] အနေ[illegible] ထားဖြင့်ကိုင်ထားသော သေနတ်တစ်လက်။ ဘာတစ်ခွန်းမျှမပြော၊ လ[illegible] [illegible]သေနတ်ဖြင့် လူအုပ်ထဲသို့ 'ထိုးချိန်၊ ထိုးပစ်' လုပ်လိုက်သည်။

"ဒိုင်း"

ပြည်လမ်းမကြီး၏ အလယ်တည့်တည့်၊ မြေနီကုန်းရဲစခန်း၏ ရှေ့တည့်တည့်၊ လူအုပ်ကြီးထဲတွင် ထိပ်ဆုံးမှဦးဆောင်လျှောက်နေသူမှာ ရှေ့သို့ဟတ်လျားထိုး ဘိုင်းခနဲ ပစ်ကျသွားသည်။

"ပစ်တယ်ဟ. . . ပစ်တယ်. . . ပစ်တယ်. . . "

ကိုစောလှိုင် စာအုပ်ဆိုင်ရှေ့ ရောက်နေသော ဝင်းထိန်တို့ အဖွဲ့ထဲမှ တစ်ယောက်က အလန့်တကြား အော်လိုက်သည်။ လမ်းမကြီးအလယ်ကောင်မှ လူအုပ်သည် တပင်ရွှေထီးရုပ်ရှင်ရုံထဲသို့ ပြေးဝင်လိုက်ကြသည်။ သေနတ်ထိမှန်ခံရသူမှာ လမ်းမကြီးအလယ်တွင် ခြေကားယားလက်ကားယားဖြင့် မှောက်လျက်ဖြစ်သွားသည်။ ဝမ်းဗိုက်အောက်မှ စီးထွက်လာသော သွေးများမှာ သူ့ကိုယ်မှ တစ်ဖက်တစ်ချက်လမ်း၏ နိမ့်ရာသို့ စီးဆင်းနေသည်။ ရဲစခန်းထဲမှ ယူနီဖောင်းဝတ်

ရဲ ၃-ဦး ပြေးထွက်လာပြီး ကားလမ်းပေါ်မှ သေနတ်မှန်ထားသူကို လက်ကဒယဥ့် တိုက်ဆွဲကာ ရဲစခန်းထဲဆွဲသွင်းနေကြသည်။ ကတ္တရာလမ်းမပေါ်၌ အနီရောင် သွေးစွတ်ကြောင်းကြီးက အထင်းသားကြီး ထင်ကျန်နေခဲ့သည်။

" ဒိုင်း "

မြေနီကုန်းရဲစခန်းရှေ့မှ မိုးပေါ်ထောင်ဖောက်လိုက်သော အသံဖြစ် သည်။ ဝင်းထိန် **ကိုစောလှိုင်** စာအုပ်ဆိုင်ရှေ့မှ ကားလမ်းကိုဖြတ်ပြီး တပင် ရွှေထီးရုံထဲသို့ ပြေးဝင်လိုက်သည်။

တပင်ရွှေထီးရုပ်ရှင်ရုံက ပိတ်ထားသည်။ ပြေးဝင်သွားသောသူတို့ အတွက် ပြေးစရာလမ်းမရှိ၊ ရုပ်ရှင်ရုံ ပင်မဆောင်ကြီး၏ ညာဘက်တွင် အဖီချ ထားသော ဈေးဆိုင်တန်းရှိသည်။ အမိုးခပ်နိမ့်နိမ့်နှင့်ဖြစ်သည်။ ၎င်းဈေးဆိုင်တန်း ကိုလည်း သံဘာဂျာဆွဲတံခါးဖြင့် ပိတ်ထားသည်။ ယင်းဆွဲတံခါးရှေ့တွင် လူတွေ ပြုံပြီး တိုးဝှေ့နေကြသည် တချို့က သံဘာဂျာဆွဲတံခါးကို ကုတ်ကပ်တက်နေ ကြသည်။ တစ်ချို့ အမိုးပေါ် ရောက်သွားကြပြီ။ ဈေးဆိုင်တန်းအမိုးတစ်လျှောက် ပြေးသံ လွှားသံများကြားနေရသည်။ ဝင်းထိန် ဘာမှမစဉ်းစားအား၊ ကျည်ကွယ် မျက် ကွယ်တော့ ယူထားမှဖြစ်မည်ဟု ဆုံးဖြတ်ပြီး ရှေ့ကနောင်တော်များနည်းတူ သံဘာဂျာဆွဲတံခါးအား ကုတ်ကပ်ပြီးတက်ရတော့သည်။ တံခါးပေါ်မှ သစ်သား ထုတ်တန်းကိုခြေနှစ်ချောင်းက နင်းမိချိန်တွင် ညာလက်ဖြင့် အမိုးတံစက်မြိတ် ဘဲတောင်ကို လှမ်းဆွဲကိုင်လိုက်သည်။ မိမိရရ ကိုင်လိုက်မိပြီးချိန်တွင် ညာလက် နည်းတူ ဘယ်လက်ကိုလည်း ဘဲတောင်ကိုလှမ်းဆွဲလိုက်သည်။ လက်နှစ်ဖက် လုံးက ဘဲတောင်ကို ဆွဲခိုထားမိချိန်တွင် ခြေထောက်နှစ်ချောင်းလုံး လေထဲ ရောက်လာသည်။ လက်မောင်းနှစ်ဘက်အားဖြင့် ကိုယ်ကိုအပေါ်သို့ဆွဲတင်ကာ ဘယ်ခြေထောက်ကို အားဖြင့်လွှဲပြီး ခေါင်မိုးပေါ်ပစ်တင်လိုက်သည်။ ဘယ်ခြေ ထောက် ခေါင်မိုးပေါ်ရောက်စဉ် ဘယ်လက်ကိုဆန့်ပြီး ကုတ်စရာကိုင်စရာ ရှာကြည့်သည်။ ခေါင်မိုးသွပ်ပြားလှိုင်းတွန့်ပဲ ကုတ်စရာတွေ့သည်။ ညာလက်နှင့် ဘယ်ခြေကို အားပြုပြီး ကိုယ်ထည်ကြီးကို အမိုးပေါ်ရောက်ရန် ကျားကုတ်ကျားခဲ ကြိုးစားနေစဉ် အောက်မှတစ်ယောက်က ဝင်းထိန် ညာခြေကိုကိုင်ပြီး အပေါ်သို့

တွန်းတင်ပေးလိုက်သဖြင့် ကိုယ်ထည်တစ်ခြမ်း ခေါင်မိုးပေါ် ရောက်သွားသည်။ ဘယ်လက်က ခေါင်မိုးသွပ်ပြားလျှိုင်းတွန့်ကို ကုတ်ကပ်ဆွဲယူလိုက်သောအခါ တစ်ကိုယ်လုံးအမိုးပေါ် သို့ ရောက်သွားသည်။ လက်နှစ်ဖက်ကိုအားပြုပြီး ခေါင်မိုးပေါ် တွင် မတ်တတ်ရပ်လိုက်နိုင်သည်။ ဝင်းထိန်က ကိုယ့်နောက်က လူကိုအပေါ် ရောက်အောင်ကူညီပေးလိုက်နိုင်သေးသည်။ ပြီးတော့ နှစ်ယောက်သား ဈေးဆိုင်ခေါင်မိုးတစ်ဘက်စွန်းအထိ ပြေးသွားကြသည်။ တစ်ဘက်ခေါင်မိုးစွန်းအရောက်တွင် မြေပြင်သို့ ခုန်ချလိုက်သည်။ ဈေးဆိုင်တန်းအဖီခေါင်မိုးက နိမ့်နိမ့်လေးရယ်ပါ။ မြေပြင်ပေါ် ရောက်သည်နှင့် ရှေ့က လူတစ်ရပ်သာသာမြင့်သော အုတ်တံတိုင်းက ဆီးကြိုနေသည်။ လက်နှစ်ဖက်အားပြု၍ အုတ်တံတိုင်းကိုကျော်လွှားကာ တစ်ဘက်သို့ ခုန်ချလိုက်ပြန်သည်။ ဝင်းထိန် ရောက်သွားသည့်နေရာကား ဘုန်းတော်ကြီးကျောင်းဝင်းဖြစ်နေသည်။ ဘုန်းတော်ကြီးကျောင်းဝင်းက ပကတိတိတ်ဆိတ်နေသည်။ ကျွန်းတိုင်ကြီး များဖြင့် တည်ဆောက်ထားသော ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးနှစ်ထပ်ကျောင်းကြီးဖြစ်သည်။ သစ်ရိပ်ဝါးရိပ် စိမ်းစိမ်းစိုစိုဖြင့် အေးမြနေသည်။ ကျောင်း၏အမည်ကိုမူ မသိရ။

“ပင်ပန်းနေပြီထင်တယ် ဒကာ၊ ကျောင်းအောက်ဝင်ပြီး နားလိုက်ပါအုံးလား” သက်တော်လေးဆယ်ကျော်ခန့် ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ ဘုန်းတော်ကြီးမိန့်လိုက်ခါမှ ဝင်းထိန် ကျောင်းအောက်သို့ သတိပြုမိသည်။ ကျောင်းအောက်တွင် ခင်းထားသော သစ်သားခုံတန်းလျားများပေါ် တွင် ခြေပစ်လက်ပစ်ဖြင့် လဲလျောင်းနေသူ ၂ဦး၊ ၃ဦးကို တွေ့လိုက်ရသည်။ ဝင်းထိန်ရှေ့မှ ပုဂ္ဂိုလ်တွေပဲဖြစ်မည်။ မပြေးနိုင်မလွှားနိုင်တော့၍ ကျောင်းအောက်ဝင်ပြီး နားနေကြပုံရသည်။ ဝင်းထိန်ကိုယ်တိုင်လည်း နားလိုလှပြီဖြစ်သော်လည်း မြို့ထဲရောက်ချင်စိတ်က ပို၍ပြင်းပြနေသည်။

“ခွင့်ပြုတော်မူပါဘုရား၊ တပည့်တော်မြို့ထဲအထိ ဆက်ရဦးမှာကြောင့်ပါဘုရား၊ တင်ဦးပါ၏ဘုရား. . . ” ဝင်းထိန်ခြေစုံရပ်လျက် လက်နှစ်ဖက်အုပ်မိုးပြီး ရင်မှာကပ်ကာ ပြန်လည်လျှောက်ထားလိုက်သည်။ ထိုနောက် တောင်ဘက်အုတ်တံတိုင်းဆီသို့ပြေးကာ အုတ်တံတိုင်းအား လက်နှစ်ဖက်အားပြု၍ ကျော်လွှား

ပြီး အခြားတစ်ဘက်သို့ ခုန်ချလိုက်ပြန်သည်။

ဝင်းထိန် ရောက်ရပြန်သည့်နေရာကား မြေနီကုန်း လေဟာပြင်ညစျေးပင်ဖြစ်သည်။ ဝင်းထိန် လူသူကင်းမဲ့နေသေးသော လေဟာပြင်ညစျေးကိုဖြတ်၍ ရတနာပုံရုပ်ရှင်ရုံအထိ ခပ်သွက်သွက်လျှောက်သွားသည်။ ဘောင်ဒရီလမ်းပေါ်တွင်လည်း လူအသွားအလာနည်းပါးနေသည်။ စောစောက ပစ်ခတ်လိုက်သောမြေနီကုန်းရဲစခန်းမှ သေနတ်သံများကြောင့်လည်း ဖြစ်နိုင်သည်။ လမ်းတစ်လျှောက်တွင် တွေ့ခဲ့ရသည့်လူတွေက ဝင်းထိန်အား ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ ဆံပင်ဖိုးရိုးဖါးယား၊ အင်္ကျီလုံချည် ဘိုသီဘတ်သီဖြစ်နေလို့ ငါ့ကိုကြည့်တာဘဲဖြစ်မည်ဟု ဝင်းထိန် မှတ်ချက်ပြုလိုက်သည်။ ရတနာပုံ ရုပ်ရှင်ရုံမှ ရုံးသို့ ပုံမှန်ဘဲ ဆက်လျှောက်သွားသည်။

ရုံးသို့ မြသောင်းနှင့် နော်စာမေထောတို့ ပြန်မရောက်သေး။ ရုံးက ခြောက်ကပ်ကပ်နိုင်လှသည်။ စားပွဲတွင်ထိုင်၍ အလုပ်လုပ်နေသော ဦးသန်းထွန်းက ဝင်းထိန်ကို မော့ကြည့်လိုက်ပြီး

" ဟဲ့ကောင် . . . ဝင်းထိန်၊ မင်းဘယ်လိုဖြစ်လာတာလဲ " ဝင်းထိန်ဘာကိုဆိုလိုမှန်းမသိ၊ ဦးသန်းထွန်း ကဆက်ပြီး

" မင်းလက်မောင်းမှာ၊ မင်းအင်္ကျီလက်မောင်းမှာ . . . "

ဝင်းထိန်၏ ဘယ်ဘက်အင်္ကျီ လက်မောင်းကို လက်ညှိုးထိုးပြရင်း ဦးသန်းထွန်းက အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ဝင်းထိန်က ဘယ်ဘက်အင်္ကျီလက်မောင်းကို ငုံ့ကြည့်လိုက်သည်။

" ဟာ . . . သွေးတွေ . . . " စိတ်ထဲမှ မြည်တမ်းလိုက်ခြင်းဖြစ်သည်။ အင်္ကျီလက်မောင်းတွင် သွေးများစွန်းပေထားသည်။ ကမာရွတ်ရဲစခန်းရှေ့တွင် လုံထိန်းက ပစ်လိုက်သဖြင့် ဒဏ်ရာရသွားသူကို လုံချည်ဖြင့် ပတ်စည်းပေးပြီး၊ အာရပ်သံရုံးကားပေါ်တင်ပေးစဉ်က ဝင်းထိန်ကို ပေခဲ့စွန်းခဲ့သော သွေးများပင်ဖြစ်မည်။

ဝင်းထိန် အကျိုးအကြောင်း ရှင်းပြမနေတော့။ ရုံးနောက်ကျောက သန့်စင်ခန်းတွင်းဝင်၍ အင်္ကျီကိုချွတ်ကာ၊ မျက်နှာသစ်ကြွေဇလုံတွင် ရေခေါင်း

ကို ဖွင့်လိုက်ပြီး သွေးစွန်းနေသည့်နေရာကို အသာအယာ ပွတ်လျှော်လိုက်သည်။ ရာနှုန်းပြည့်တော့ ပြောင်စင်မသွားပါ။ လျှော်ထားသော ရှပ်အင်္ကျီကို ကုလားထိုင် ကျောမှီတန်းတွင် လှန်းထားလိုက်သည်။ ဝင်းထိန် အောက်ခံစွပ်ကျယ်အင်္ကျီ ချိုင်းပြတ်နှင့်ဘဲ နေလိုက်ရတော့သည်။

တစ်ဘက်ခန်းမှ ကိုခင်မောင်ညွန့် ဝင်လာသည်။ လွှတ်တော် အဆောက် အဦးကြီးအတွက် သံကူကွန်ကရစ်ဒီဇိုင်းများ တွက်ချက်ရေးဆွဲပေးရသည့် အင်ဂျင်နီယာဖြစ်သည်။ ရန်ကုန်စက်မှုတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့ ရပြီးသူဖြစ်သည်။

"ရန်ကုန်ကို မာရှယ်လောထုတ်လိုက်ပြီ၊ မြို့ထဲမှာလည်း တော်တော်ဆူ နေကြပြီ" ကိုခင်မောင်ညွန့်က တစ်ခန်းလုံးရှိလူအပေါင်းကို ရည်ရွယ်ပြီးပြော လိုက်ခြင်းဖြစ်သည်။ အပြင်မှ ပြန်လာသော ကိုဖေတင့်နှင့် ကိုဘရင်တို့ ရုံးထဲဝင် လာသည်။

"ဦးသန့်အလောင်းကို ကန်တော်မင်ပန်းခြံထဲမှာ ဂူသွင်းလိုက်ပြီ" တဲ့။

"ဗိုလ်ချုပ်လမ်းက စီ-အီး ရုံးကိုလည်း လူအုပ်ကြီးက ဝင်ဖျက်လိုက်ပြီ" တဲ့ ကိုဖေတင့်က သတင်းပေးလိုက်သည်။

တယ်လီဖုန်းမှ အမိန့်တစ်ရပ်ဝင်လာသည်။ ဌာနဆိုင်ရာ ယာဉ်ငယ်များ ကို လုံခြုံရာတွင် ချက်ချင်းသိမ်းထားရမည်၊ ကားလမ်းပေါ် သို့ လုံးဝထွက်ခွင့်မပြု တော့။ ဆရာဦးစိုင်းမြင့်သန်း၊ ဆရာဦးမောင်မောင်ကြည် တို့၏ ကားငယ်များကို ရုံးနောက်ကျောသို့ ပို့ဆောင်ပေးလိုက်ကြသည်။ ရုံးထဲသို့ မြသောင်းဝင်လာသည်။ သူ့အိမ်သို့ တစ်ခေါက်ပြန်ရောက်ခဲ့သည်ဟု ခန့်မှန်းရသည်။ မြသောင်း အဝတ် အစားလဲလာ၍ဖြစ်သည်။ ဝင်းထိန် ကုလားထိုင်ကျောမှီတန်းတွင် လှန်းထား သော တက်ထရွန်အင်္ကျီအခြေအနေကို စမ်းကြည့်လိုက်သည်။ ခပ်ထန့်ထန့် ဖြစ်နေပြီမို့ ဝတ်ထားလို့ရပြီဟု သဘောပိုက်လိုက်သည်။ ဝင်းထိန် စိတ်ကူးဖြင့် အစီအစဉ်ဆွဲလိုက်သည်။ ဝင်ဆာလမ်းထဲမှထွက်ကာ ပြည်လမ်းအတိုင်း မြို့ထဲ ဘက် နည်းနည်းလျှောက်၍ ဗိုလ်ရွှေအဖွဲ့ ကွက်လပ်ကိုဖြတ်ပြီး ရွှေတိဂုံဘုရား အနောက်မုခ်ဆီသို့သွားမည်။ အနောက်ဘက်စောင်းတန်းမှ တက်ပြီး၊ တောင်ဘက်

စောင်းတန်း မှဆင်းကာ သိမ်ကြီးဈေးသို့လမ်းလျှောက်သွားမည်။ ကန်တော်မင်တွင် ဦးသန့် အားဝင်ရောက်ဂါရဝပြုသွားနိုင်သေးသည်။ သိမ်ကြီးဈေးသို့ရောက်ပါက ပေါင်းလို့ရမည့်အဖွဲ့နဲ့ တွေ့နိုင်လောက်သည်။ ရှပ်အကျီကိုပြန်ဝတ်လိုက်ပြီး လက်ဆွဲအိတ်ကိုယူကာ ရုံးပေါက်ဝသို့လှမ်းကြည့်လိုက်သည်။

" ဝင်းထိန်၊ မင်းဘယ်သွားမလို့လဲ "

" မြို့ထဲသွားမလို့ ဘော့စ် "

" သွားမနေပါနဲ့တော့ကွာ၊ မြို့ထဲမှာလည်း စစ်သားတွေချည်းဖြစ်နေရောပေ့ါ၊ သိပ်ပြီး ဒုက္ခမရှာချင်ပါနဲ့တော့ကွာ၊ မင်းစိတ်ကိုလျှော့လိုက်ပါတော့ ဝင်းထိန်ရာ " ဆရာဦးသန်းထွန်းက လေသံအေးအေးဖြင့် ပြောရှာသည်။

" ဝင်းထိန် - မင်းက သုဝဏ္ဏကိုပြန်ရမှာမဟုတ်လား " ဆရာဦးစိုင်းမြင့်သန်း က သူ့စားပွဲမှ လှမ်းမေးလိုက်သည်။

" ဟုတ်ပါတယ်ဘော့စ်၊ သုဝဏ္ဏကိုပြန်ရမှပါ" ဝင်းထိန်ရှိရှိသေသေပင်ပြန်ဖြေလိုက်သည်။

"ဒါဆိုရင် ငါတို့နဲ့အတူတူလိုက်ပြန်၊ လမ်းတူတဲ့သူတွေ အတူတူစုပြီးပြန်ကြမယ်ကွာ။ ရုံးကားလည်းမရှိတော့ဘူး၊ ဘတ်စ်ကားတွေလည်း မထွက်တော့ဘူး၊ လမ်းလျှောက်ဖို့ပဲ ရှိတော့တယ်" ဆရာဦးစိုင်းမြင့်သန်းက ဝင်းထိန်ကိုတစ်ခါတည်းချည်ပြီးတုတ်ပြီးပြောလိုက်ခြင်းဖြစ်သည်။ ဆရာ့အိမ်က ကျောက်မြောင်းသတိပဋ္ဌာန်လမ်းထဲမှာဖြစ်သည်။

ပြည်လမ်းအတိုင်း မြို့ထဲမှ အင်းစိန်ဘက်သို့ မောင်းသွားသော ဟီးနိုးတီအီးစစ်ကားကြီး(၃)စီးကို ဝင်းထိန် ရုံးပြတင်းမှလှမ်းမြင်လိုက်ရသည်။ သေနတ်တွေမှာ လှံစွပ်တွေတပ်ထားလျက်ဖြစ်သည်။ ကမာရွတ်ဆီကိုလား၊ သမိုင်းဆီကိုလား၊ အင်းစိန်ဆီကိုလား၊ အဘယ်သို့ချီတက်ကြလေသည်မသိ။

× × ×

(၁၅)

ဦးစိုင်းမြင့်သန်း၊ ဝင်းထိန်၊ မြသောင်း၊ မပြုံးကြည် တို့ တစ်စုတစ်စည်းတည်း ရုံးမှထွက်လာကြသည်။ မြသောင်းက မြေနီကုန်းကဖြစ်သော်လည်း ဆရာဦးစိုင်းမြင့်သန်းအား ကျောက်မြောင်းအိမ်အထိ လိုက်ပို့ပေးမည်ဆိုကာ လိုက်လာခဲ့ခြင်းဖြစ်သည်။ မပြုံးကြည်က တာမွေဗျိုင်းရေအိုးစင်လမ်းမှ ဖြစ်သည်။ ဝင်ဆာလမ်းမှ ထွက်လာခဲ့ပြီး ဘောင်ဒရီလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းပေါ်တွင် ကိုယ်ပိုင်ကားတစ်စီးတစ်လေမှအပ မည်သည့်ကားမှ မတွေ့ခဲ့ချေ။ ဆရာဦးစိုင်းမြင့်သန်းနှင့် မပြုံးကြည်တို့ငှဲပြီး ဖြေးဖြေးချင်း နားနားနေနေနှင့် လျှောက်ရမည်ဟု တွက်ထားခဲ့သော်လည်း ဆရာက ထင်သလိုမပျော့၊ ကောင်းစွာလျှောက်နိုင်သူဖြစ်သည်။ မပြုံးကြည်လည်း လိုက်နိုင်သည်။

ဘောင်ဒရီလမ်းနှင့် လမ်းထောင့် စိန်ပန်းပင်အောက်တွင် ထိုင်ခုံအဝိုင်းတစ်ခုတွေ့လိုက်ရ၍ ဝင်ထိုင်လိုက်ကြသည်။ ဆရာ၏ တစ်ဖက်တစ်ချက်တွင် မြသောင်းနှင့် ဝင်းတိန်တို့ ထိုင်လိုက်ကြပြီး မပြုံးကြည်က မြသောင်း ဘယ်ဘက်တွင် ခပ်ခွာခွာထိုင်[illegible]သည်။ ဆရာဦးစိုင်းမြင့်သန်းက လမ်းတစ်လျှောက်လုံး ကိုက်လာသည့် ဆေးတံကိုချွတ်ပြီး ဘေးတွင်ချထားကာ စကားစလိုက်သည်။

" ဝင်းထိန်ဒီပွဲမှာ ကျောင်းသားတွေ ရှုံးသွားတယ်လို့ မင်းခံစားနေရသလား" လုပ်ငန်းကိစ္စမှလွဲ၍ မည်သည့်စကားကိုမျှ မပြောခဲ့ဘူးသော ဆရာ့ထံမှ ဤလိုစကားမျိုးကို ကြားလိုက်ရ၍ ဝင်းထိန်အံ့ဩသွားသည်။ နိုင်ငံရေးနှင့် ပတ်သက်သောစကားဟူ၍ ဝေလာဝေးခဲ့သူဖြစ်သည်။

" မရှုံးဘူးဘော့စ်၊ သူတို့လိုချင်တဲ့ အချက်တွေရသွားတယ်။ အဓိကက ကြံတောသင်္ချိုင်းမှာ အမြှုပ်မခံရရေးပေါ့၊ အဲဒါရသွားတယ်။ သမဂ္ဂနေရာဟောင်းတို့ ကန်တော်မင်တို့ဆိုတာက နောက်မှဖြစ်လာတဲ့ကိစ္စတွေပါ။ ဒါပေမယ့် လိုချင်တာရဖို့အတွက် ပေးလိုက်ရတဲ့ တန်ဘိုးက ကြီးလွန်းနေတယ်ဘော့စ်" ဦးသန့် ဂူပတ်လည်တွင် လုံ့စွပ်ဖြင့် အထိုးခံလိုက်ရသောကျောင်းသားများကို မြင်ယောင်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

" အေး၊ မင်း အဲဒီလို လှည့်တွေးရင်လဲ မှန်တယ်ဆိုပါတော့ကွာ၊ ဒီလို

ကိစ္စမျိုးက အစကတည်းက ဖြစ်မလာသင့်တဲ့ ကိစ္စမျိုးပေါ့၊ တိုင်းပြည်တစ်ပြည်မှာ သား သုံးသား ညီညွတ်မှ အဲဒီတိုင်းပြည် အေးချမ်းတယ်လို့ ဆိုကြတယ်ကွ၊ သား သုံးသားဆိုတာ မင်းသိလား"

" မသိဘူးဘော့စ် " ဝင်းထိန် ရိုးသားစွာ ဝန်ခံလိုက်သည်။

" သားသုံးသားဆိုတာ ၊ ကျောင်းသား၊ စစ်သားနှင့် ဘုရားသားတို့ကို ပြောတာပေါ့ကွာ၊ တို့ဆီမှာတော့ ဘုန်းကြီး၊ ရဟန်းတွေပေါ့၊ သူတို့ဆီမှာတော့ ဘာသာရေးဂိုဏ်း တွေကို ဆိုလိုတာပေါ့ကွာ "

မြသောင်းနှင့် မပြုံးကြည်တို့ ဘာမှဝင်မပြော၊ ဆရာ့စကားကိုသာ အာရုံစိုက်၍ နားထောင်နေကြသည်။ ဆရာက သူ့အတွေး၊ သူ့အမြင်ကို ပြောသည် ဖြစ်သော်လည်း ဝင်းထိန် အတွေးထဲတွင် ဗိုလ်နေဝင်းက ကျောင်းသားနှင့် သံဃာများအား သူ့သားတော်များနှင့် ရန်တိုက်ပေးထားသည်ကို ကွင်းကွင်းကွက်ကွက် မြင်လာသည်။

"ဗိုလ်ချုပ်နေဝင်းက သူ့ဘာသာ အာဏာလိုချင်လို့ သိမ်းတာ ရိုးရိုးတန်းတန်း မသိမ်းဘူး၊ ငါတို့ရှမ်းတွေကို ခုတုံးလုပ်သွားတယ်၊ မင်းတို့ ရှမ်းပြည် ရောက်ဘူးလား"

"မရောက်ဖူးဘူး ဘော့စ်"

ဝင်းထိန်၊ မြသောင်း၊ မပြုံးကြည်တို့ ပြိုင်တူလိုလို ဖြေလိုက်ကြသည်။

" အေး မင်းတို့ မရောက်ဘူးကြလို့သာ၊ တစ်ချိန်တစ်ခါတုန်းကတော့ ငါတို့ရှမ်းပြည်ဟာ အလွန်အေးချမ်းခဲ့တာပေါ့၊ အခုတော့ တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းအားလုံး နေ့တိုင်းတိုက်ပွဲချည်းပါဘဲ။ သူအာဏာသိမ်းခဲ့ရတဲ့ အကြောင်းပြချက်ကို မှန်ကန်ကြောင်းသက်သေပြချင်လို့ ငါတို့ရှမ်းပြည်မှာ စစ်မီးတွေ မွှေးထားတာ"

" ဆရာ့ဇာတိက လင်းခေးကကွ၊ လင်းခေးဆိုတာ ရှမ်းပြည်တောင်ပိုင်းမှာ၊ ရှမ်းပြည်လို့သာဆိုတယ် တကယ့်အညာအတိုင်းဘဲ၊ တစ်မြို့လုံး တမာ၊ ထနောင်း၊ ကုက္ကို၊ မန်းကျည်းတွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းပဲ၊ မြို့ပြင်ထွက်ကြည့်လိုက်ရင် နမ့်တိန်ချောင်းဘေးတစ်လျှောက် ဟာဂျီနီးယားဆေးစိုက်ခင်းတွေ

တစ်မျှော်တစ်ခေါ်ကြီးဘဲ၊ နမ့်တိန်ချောင်းက အရင်တုန်းက တံတားမရှိဘူး။ ကုတ်ပွဲဖေါင်နဲ့ ကူးရတာ၊ ဝန်ကြီးချုပ်ဦးနုလက်ထက်မှာ ဟော်လန်က ကြိုးတံတားကြီးတစ်စင်းမှာပြီး ထိုးပေးခဲ့လို့ အခု ဟန်ကျပန်ကျဖြစ်နေတာ။ အခုနောက်ပိုင်းတော့ မိုးနဲ့၊ မောက်မယ်၊ မိုင်းပန်တစ်ကြောလုံး တိုက်ပွဲတွေချည်းပါပဲကွာ " ဇာတိကို သတိရလိုက်၍ ဆရာက ဆွေးဆွေးမြေ့မြေ့ ဖြစ်သွားပုံရသည်။ ဝင်းထိန်ပင့်သက်ချလိုက်သည်။ လက်လှမ်းမမီသော ကိစ္စများဖြစ်နေသဖြင့် တုန့်ပြန်မဆွေးနွေးတော့။

" ဆရာတို့လင်းခေးက ဆေးတံသောက်ဆေး ထွက်တယ်၊ ဒါကြောင့် ဆရာဆေးတံစွဲနေတာ" ဆရာပြုံးစစနှင့် ပြောလိုက်ပြီး ဆေးတံကိုကောက်ကိုင်လိုက်ရင်း " ကဲ. . . သွေးမအေးခင် ဆက်ပြီးလျှောက်ကြရအောင် " ဆရာက ဆော်ဩလိုက်ပြီးဦးဆောင်၍ ခရီးဆက်လိုက်ကြသည်။ ဆရာဦးစိုင်းမြင့်သန်း ရုံးပေါ်တွင် နိုင်ငံရေးနှင့်ပတ်သက်သော စကားလုံး ဝမပြော၊ ရုံးသို့နေ့စဉ်ရောက်လာသော သတင်း ဂ္ဂကိုသ ဖတ်လေ့ရှိသည်။

ကမ္ဘာအေး ပ. လမ်းဆုံအရောက်တွင် မြောက်မှတောင်သို့ မောင်းသွား သော ဟီးနိုးရိမ်းဂျား စစ်ကား (၃)စီးကို တွေ့လိုက်ရသည်။ ကင်းလှည့်ကားများ ဖြစ်ပုံရသည်။ ရွှေဂုံတိုင်လမ်းထဲ ဝင်ရောက်လာချိန်တွင် လမ်းတစ်ဖက်တစ်ချက် သစ်ရိပ်ဝါးရိပ်များကြောင့် အပူသက်သာသွားသည်။ ခြောက်ထပ်ကြီးဘုရားရှေ့ရောက်ချိန်မှာတော့ မပြုံးကြည် မဲ့တဲ့တဲ့ ဖြစ်လာသည်။

" မပြုံးကြည်၊ ရောက်ခါနီးပါပြီ၊ အားတင်းထားစမ်းပါအုံး " မြသောင်းက အားပေးလိုက်သည်။ ဆရာဦးစိုင်းမြင့်သန်း ထံမှ မည်သည့်စကားသံမှ ထွက်မလာ၊ စိတ်အစဉ်က ရှမ်းကုန်းမြေမြင့်သို့ ရောက်နေပြီလား မပြောတတ်တော့။ တာမွေအဝိုင်းသို့အရောက်တွင် မပြုံးကြည်က-

"ဘောစ်၊ ကျွန်မဒီကပဲသွားလိုက်ပါတော့မယ်၊ အိမ်က ဗျိုင်းရေအိုးစင်လမ်းထဲမှာပါ၊ ခွင့်ပြုပါအုံး ဘောစ်" ဦးညွှတ်ခွင့်ပန်ကာ လမ်းခွဲသွားတော့သည်။ ကျိုက္ကဆံလမ်းထိပ်အရောက်တွင် ဆရာက

" ကဲ - ဝင်းထိန် မင်းတစ်ယောက်ထဲဆက်ရတော့မယ်။ ဆရာ့အိမ်က

သတိပဋ္ဌာန်လမ်းထဲမှာ၊ မင်း မြို့ထဲသွားမနေနဲ့ဖုံး၊ ဒီကောင်တွေက ဖြစ်လာပြီဆိုရင် ဘယ်သူမှ ညှာမှာမဟုတ်ဘူးနော်. . . ”

“ဟုတ်ကဲ့ ဘောခ်၊ ကျွန်တော်သုဝဏ္ဏဘဲပြန်မှာပါ ပုသိမ်ညွန့်ကျရင် လေးဘီး အကြုံရတတ်ပါတယ်” “အေးအေး” ဆရာနှင့် မြသောင်းတို့ နှစ်ယောက် ညာဘက်ချိုးကာ ကျိုက္ကဆံလမ်းအတိုင်း ဝင်သွားကြသည်။

ဝင်းထိန် တစ်ယောက်တည်းပါဘဲ။ ညနေ (၃)နာရီ နီးပါးရှိနေပြီ။ နေ့လည်စာမစားရသေး။ မနက်စာ စားထားတာတွေလည်း ကမာရွတ်ရဲစခန်းရှေ့မှာတုန်းက အန်ခဲ့ရပြီးပြီ၊ စားချင်စိတ်လည်း မရှိတော့၊ အာသောကဈေးက သိသိသာသာကြီး ခြောက်ကပ်နေသည်။

× × ×

(၁၆)

အာသောက ခုံးကျော်တံတားပေါ်၌ လေတဖြူးဖြူးရှိလှသည်။

ဝင်းထိန် တံတားလက်ရမ်းနှင့် တွဲထားသော ပလက်ဖေါင်းပေါ်သို့ ထိုင်ချလိုက်ပြီး ခြေနှစ်ချောင်းကို ကဏ္ဍရာလမ်းပေါ်သို့ ဆင်းထားလိုက်သည်။ တံတားပေါ်တွင် မော်တော်ကားအသွားအလာမရှိ၊ တံတားအောက်တွင်ကော မြို့ပတ်ရထား အသွားအလာမည်သို့ရှိမည်မသိ။ ဝင်းထိန်က ဝင်ဆာလမ်းရုံးကို ဝင်လိုက်ရသဖြင့် မြို့ထဲသို့ ခရီးမဆက်လိုက်ရသည်ကို စိတ်ထဲမှ မချင့်မရဲဖြစ်နေသည်။ ကမာရွတ် ရဲစခန်းရှေ့မှာ တိုက်ဖေါ်တိုက်ဖက်၊ မြေနီကုန်းရဲစခန်းရှေ့မှာ ပြေးဖေါ်ပြေးဖက်ဖြစ်ခဲ့သည့် မိမိနှင့်အခိုက်အတန့်လက်တွဲဖေါ် ဖြစ်ခဲ့ကြသော **ကဏ္ဍရာလမ်းပေါ်မှ အင်အားစု** တို့သည် ယခုအခါ မြို့ထဲသို့ရောက်နေကြလောက်ပြီ။ အဘယ်သို့များ စခန်းသွားနေကြလေပြီမသိ။ ဆောင်းလေအေးတို့က ချော့မြူနေသော်လည်း ဝင်းထိန်၏ ရင်ထဲတွင် ငြိမ်းအေးမှု မရှိနိုင်သေး။

ဒီဇင်ဘာ (၅)ရက်နေ့မှ ဒီဇင်ဘာ (၁၁)ရက်နေ့အထိ (၇)ရက်အတွင်း ဖြစ်သွားခဲ့သည့် **ဦးသန့်အရေး အခင်းကြီး** သည် မိမိရှေ့မှောက်မှာပင် ဖြစ်ပွားခဲ့သည်ဖြစ်ကြောင်း ဝင်းထိန် ကောင်းစွာသဘောပေါက်ခဲ့ပြီးဖြစ်သည်။ မြန်မာ့

သမိုင်းတွင် မော်ကွန်းတင်ထားရမည့် **အရေးအခင်းကြီး** ဖြစ်သည်။

ဝင်းထိန် ဖြစ်စဉ်ကြီး တစ်ရပ်လုံးကို ခြုံငုံသုံးသပ်နေမိသည်။ ဖြစ်ရပ်များကို တစ်ခုချင်းတစ်ခုချင်း ဆွဲငင်ယူလာခဲ့ပြီး စီကာစဉ်ကာ ပုံဖော်ကြည့်နေမိသည်။ မှတ်တမ်းတင် ရုပ်ရှင်ကားကြီးကိုကြည့်နေရသလို ဇာတ်ဝင်ခန်းများအား တစ်ခန်းပြီးတစ်ခန်း မြင်ယောင်နေမိသည်။

ဦးသန့် ရုပ်ကလပ်ပြန်ရောက်လာသည့် ဒီဇင်ဘာ (၁)ရက်နေ့မှပင် ကျောင်းသားနှင့် ပြည်သူလူထုအတွင်း မကျေနပ်မှုများ စတင်ခဲ့သည်။ လေဆိပ်တွင် ထိုက်ထိုက်တန်တန်ကြိုဆိုမှု မရှိသည်က စတင်ခဲ့ခြင်းဖြစ်သည်။ ကြံတောသုသာန်မှာဘဲ သင်္ဂြိုဟ်ရမည်ဆိုတော့ မကျေနပ်မှုများ ပို၍တိုးပွားလာသည်။ ဗိုလ်နေဝင်းက တစ်ဆင့်တက်ပြီး ရန်စလာသည်။ မလုပ်ကောင်းလုပ်ကောင်းတွေ လုပ်လာသည်။ ဦးသန့်အားဂူသွင်းနှံ့သင်္ဂြိုဟ်မည့်နေရာကို သူ့မိန်းမ **ဒေါ်ခင်မေသန်း** ၏ ခြေရင်းတည့်တည့်တွင် သတ်မှတ်ပေးလိုက်သည်။ ကျောင်းသားတို့တွင် မကျေနပ်သောစိတ်မှ ဆန့်ကျင်လိုသောစိတ်သို့ ကူးပြောင်းလာခဲ့သည်။

ဒီဇင်ဘာ (၅)ရက်နေ့ ကျိုက္ကဆံကွင်းအတွင်း သံဃာနှင့်ပြည်သူလူထုတို့၏ ထောက်ခံမှုရလိုက်ချိန်၌ ကျောင်းသားတို့က ဗိုလ်နေဝင်းလုပ်ရပ်အား ပြတ်ပြတ်သားသား ဆန့်ကျင်ပြလိုက်သည်။ ဦးသန့်ရုပ်ကလပ်အား ဘွဲ့နှင်းသဘင်ခန်းမကြီးဆီသို့ ' ချောမောစွာသယ်ယူနိုင်ခဲ့သည်။ ကျောင်းသားတို့အတွက် တိုက်ပွဲတစ်ဆင့် အောင်ပွဲဆင်နိုင်ခဲ့သည်။

သို့သော် ထိုအောင်ပွဲကို ကျောင်းသားတို့ တာရှည်ထိန်းထားနိုင်စွမ်း မရှိခဲ့ပါ။ ၎င်း (၅)ရက်နေ့ ညနေ ဦးသန့်အတွက် ကန်တော်မင်ပန်းခြံတွင် နေရာတောင်းထားလင့်ကစား အကြောင်းပြန်ကြားချက်မရမီမှာပင် သမဂ္ဂနေရာဟောင်းတွင် ဦးသန့်အတွက် အုတ်ဂူဆောက်နေကြပြီဖြစ်သည်။

ဒီဇင်ဘာ (၆)ရက်၊ (၇)ရက်နေ့များတွင် ကျောင်းသားတို့အတွင်း အယူအဆ မတူညီမှုများ အားကောင်းလာခဲ့ကြသည်။ ကျောင်းသားအချင်းချင်း သွေးကွဲကြသည်တော့မဟုတ်ပါ။ ၁၉၆၂ ခု ဗိုလ်နေဝင်း စစ်အာဏာသိမ်းပြီးကတည်းက ကျောင်းသားသမဂ္ဂများကို တစိုက်မတ်မတ် ဖိနှိပ်ဖြိုခွဲခြင်း တားဆီး

ပိတ်ပင်ခြင်း တို့လုပ်ခဲ့သည်။ ထို့ကြောင့် ကျောင်းသားတို့တွင် အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်မရှိဖြစ်ခဲ့ကြသည်။ ကျောင်းသား တစ်ဦးချင်းဆီမှာလည်း ခေါင်းဆောင်တတ်သော အလေ့အကျင့်မရှိဖြစ်ခဲ့ကြသည်။

ပြည်သူလူထုမှာလည်း (၁၂)နှစ်ကျော်ကြာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့် နယ်ပယ်ပေါင်းစုံတွင် ဖိနှိပ်ချုပ်ချယ်မှုများ၊ မတရားဖမ်းဆီးချုပ်နှောင်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ အလုပ်ခံခဲ့ကြရသည်။ ဗိုလ်နေဝင်းက မိမိကိုဆန့်ကျင်သူဆိုလျှင် မိသားစုတစ်သိုက်တစ်မြုံလုံး၏ဘဝများကို ကြေပြုန်းသည်အထိ ချေမှုန်းခဲ့သည်များကို ကျောင်းသားတို့ ကြားခဲ့၊ သိခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့ကြရသည်။ ထို့ကြောင့် ဗိုလ်နေဝင်းနှင့် သူ့မဆလပါတီအား အစွမ်းကုန် မုန်းတီးနေမှုနှင့် အရာရာကိုဆန့်ကျင်လိုမှုတို့က ကျောင်းသားတို့၏စိတ်တွင် အစဉ်ကိန်းအောင်းနေခဲ့ခြင်းဖြစ်သည်။

ထို မုန်းတီးမှုများနှင့် ဆန့်ကျင်လိုသည့်စိတ်တို့က အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်ခြင်း အလေ့အကျင့်ပျက်နေသည့် ကျောင်းသားများအား တစ်ဖွတ်ထိုးလုပ်ကြရန် အကြောင်းဖန်တီးပေးလိုက်ခြင်းပင်ဖြစ်သည်။

အသင်းအပင်းအဖွဲ့အစည်းပုံစံဖြင့် လုပ်နေကိုင်နေကျမဟုတ်သဖြင့် မလုပ်တတ်မကိုင်တတ်ဖြစ်နေမှု၊ ဦးသန့်အတွက် ထိုက်တန်သော နေရာမရရှိမှာ စိုးရိမ်ပူပန်နေမှု၊ သမဂ္ဂနေရာဟောင်း၏ သမိုင်းကြောင်းကိုပြန်၍ အစဖော်ပေးလိုစိတ်ပြင်းပြနေမှု၊ ဗိုလ်နေဝင်းအား အရာရာတွင် ဆန့်ကျင်လိုမှု စသည့်စိတ်တို့က ကြီးစိုးနေခဲ့ပြီး တစ်ဖွတ်ထိုး လုပ်ခဲ့ကြခြင်းဖြစ်သည်။

ဒီဇင်ဘာ (၈) ရက်နေ့ ဦးသန့်ရုပ်ကလပ်အား ဒုတိယမွိ အလုခံလိုက်ရပြီး သမဂ္ဂနေရာဟောင်းတွင် ဂူသွင်းခံလိုက်ရခြင်းသည် ဗိုလ်နေဝင်း၏ဒေါသကို အထွတ်အထိပ်သို့ ရောက်သွားစေမည်မှာ မလွဲဧကန်ဖြစ်သည်။ ဗိုလ်နေဝင်း ကြောက်လွန်းသဖြင့် သမိုင်းကြောင်းကို အစဖျောက်ခဲ့သော သမဂ္ဂနေရာဟောင်းတွင် သူမုန်းတီးခဲ့သော ဦးသန့်ကို ဂူသွင်းနှံ့သဂြိုဟ်ခဲ့ခြင်းသည် သူ့အား နှစ်ထပ်ကွမ်း အရှက်ရစေခဲ့ခြင်းသာဖြစ်သည်။

ဒီဇင်ဘာ (၉)ရက် (၁၀)ရက်နေ့များတွင် ဗိုလ်နေဝင်းဘက်က တုန့်ပြန်

မှုမရှိခဲ့ချေ။ (၉)ဂဏန်းကြိုက်သော ဗိုလ်နေဝင်းက (၉)ရက်နေ့တွင် ဘာမှမလုပ်ခဲ့ခြင်းသည် သူ့ဘက်က ဘာမှပြင်ဆင်ချိန်မရလိုက်သောကြောင့်သာ ဖြစ်လိမ့်မည်။ ထို့ကြောင့် အနီးကပ်ဆုံး ဒီဇင်ဘာ (၁၈)ရက်နေ့အထိ အချိန်ဆွဲလိမ့်မည်ဟု ဝင်းထိန် တွက်မိသည်။ ဝင်းထိန် တွက်ကိန်းမှားသွားသည်။

ဒီဇင်ဘာ (၁၁)ရက်နေ့မှာပင် ပြင်းထန်လှသော အကြမ်းဖက်ဖြိုခွင်းမှုကြီးဖြင့် တုန့်ပြန်ခဲ့သည်။ ထိုသို့ ဆိုလျှင် (၉)ဂဏန်းကြိုက်သော ဗိုလ်နေဝင်းက (၉)ဂဏန်းကိုရှောင်ဖယ်ခဲ့ပြီလားဟု စောဒကတတ်ရတော့မည်။ ဗိုလ်နေဝင်း (၉)ဂဏန်းကို မရှောင်ဖယ်ခဲ့ပါ။ ရက်စွဲဂဏန်းကို (၉)ဂဏန်းရရန် မကြိုးစားတော့ဘဲ သူ၏သေမင်းတမန် လက်ပါးစေများစုရုံးရာအရပ်နှင့် စတင်ထွက်ခွာရာအရပ်ကို (၉)ဂဏန်းအကိုက်ဖန်တီးခဲ့သည်။ **ထောက်ကြန့်တွင်စုရုံးစေပြီး ထောက်ကြန့်**မှ စစ်ဆင်ရေးခရီးအစပြုခဲ့သည်။ စတင်သည့် အချိန်ကိုလည်း (၉)ဂဏန်းနှင့်အကိုက် မလုပ်ခဲ့ဟု မပြောနိုင်ပါ။ ဥပမာ ည (၉)နာရီ (၅၄)မိနစ်ကဲ့သို့မျိုး။

**၆၂ ဆဲဗင်းဂျူလိုင်အရေးအခင်း၊ ၆၇ တရုတ်ဗမာအရေးအခင်း၊ ၆၉ ကျွန်းဆွယ်အားကစားပွဲတော် အရေးအခင်း၊ ၇၄ ရန်ကုန်အလုပ်သမားအရေးအခင်း တို့ကဲ့သို့ ၇၄ ဦးသန့်အရေးအခင်း** သည်လည်း မြန်မာ့သမိုင်းစာမျက်နှာတွင် နေရာတစ်နေရာ၊ အခန်းတစ်ခန်းပေးနေရတော့မည်။ ရန်ကုန်တက္ကသိုလ်ဝင်းထဲတွင် ကျောက်တိုင်တစ်တိုင်၊ ကြေးရုပ်တစ်ရုပ် စိုက်ထူပေးရမည့် အရေးအခင်းကြီး ဖြစ်ခဲ့ချေပြီမဟုတ်ပါလား။

စစ်အာဏာရှင်တို့၏ ဖိနှိပ်ချုပ်ချယ်မှု၊ ဖမ်းဆီးချုပ်နှောင်မှုတို့ကြောင့် ကျောင်းသားတို့သမဂ္ဂချုပ်ငြိမ်းခဲ့ရသည်မှာ (၁၂)နှစ်ပင် ကျော်ခဲ့ချေပြီ။ **သမဂ္ဂ** ဆိုသည့်စကား၏ အနက်အဓိပ္ပါယ်မှာ **ညီညွတ်မှု ပင်ဖြစ်သည်။ ကျောင်းသားသမဂ္ဂ** ဆိုသည်မှာ ကျောင်းသားထုအတွင်း ညီညွတ်မှုကို ဖေါ်ဆောင်ပေးနိုင်စွမ်းရှိသော တစ်ခုတည်းသော ကျောင်းသားအဖွဲ့အစည်းကြီးပင်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု၏ မည်သည့်အခန်းကဏ္ဍတွင်မဆို **ညီညွတ်မှုရှိမှ ငြိမ်းချမ်းမှုရှိမည်။ ငြိမ်းချမ်းမှုရှိမှ တိုးတက်မှုရှိမည်** ဆိုသည်မှာ လောကသဘာဝနိယာမပင်ဖြစ်သည်။

ကျောင်းသားသမဂ္ဂ ပိတ်ဆို့တားဆီးခံထားရသဖြင့် တက္ကသိုလ်ပရိဝုဏ် အတွင်း ဒေါင်းမိခင်ကြီး မတွန်နိုင် မကျူးနိုင်၊ မကနိုင်၊ မခွပ်နိုင် ဖြစ်ခဲ့ရသည်မှာ (၁၂)နှစ်ပင်ကျော်ခဲ့ချေပြီ။ စစ်အာဏာရှင်စနစ်က ဒေါင်းမိခင်ကြီး၏ တောင်ပံ အစုံကို ခွန်အားမဲ့အောင်လုပ်ထားခဲ့၍ မဟုတ်ပါလား။

ကျောင်းသားထုအတွင်း ညီညွတ်မှုများ အဆုံးအရှုံးခံခဲ့ရသဖြင့် ယခု အရေးအခင်းကြီးမှာ ကျောင်းသားတို့၏ အသက်၊ သွေး၊ ချွေးနှင့် ဘဝပေါင်းများစွာ တို့ဖြင့် တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ရပြီ မဟုတ်ပါလား။

ဝင်းထိန်ကတော့ ကျောင်းသားသမဂ္ဂစင်မြင့်မှတစ်ဆင့် နိုင်ငံ၏စင်မြင့် ပေါ်သို့ တက်လှမ်းလာမည့် ပြည်သူ့ခေါင်းဆောင် တို့ကိုသာ မျှော်လင့်နေမိသည်။ ထို သူရဲကောင်းတို့ကသာ နိုင်ငံ၏ငြိမ်းချမ်းရေးနှင့်တိုးတက်ရေးတို့ကို ဖော်ဆောင် ပေးနိုင်လိမ့်မည်ဟု မမိုတ်မသုန် ယုံကြည်ထားသည်။

စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတိုက်ပွဲခရီးစဉ်ကြီးကတော့ မည်မျှ ကြာရှည် နေဦးမည်မသိ။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး ကျောင်းသားအရေး တော်ပုံအဆက်ဆက်တို့တွင် ကျဆုံးသွားခဲ့ကြသော အာဇာနည်ကျောင်းသား တို့၏ အရိုးတွန်သံကို ကြားလိုလှပါပြီ။

ဝင်းထိန် တံတားလက်ရမ်းပလက်ဖေါင်းပေါ်မှ ထလိုက်သည်။ ပုသိမ် ညွှန့် (၆)လမ်း ကားမှတ်တိုင်ဆီသို့ ဦးတည်လိုက်သည်။ ယင်း (၆)လမ်းကား မှတ်တိုင်မှာတော့ မြို့ထဲမှလာပြီး သုဝဏ္ဏကိုသွားမည့် လေးဘီးကား အကြုံ တစ်စီးတလေလောက်တော့ တွေ့နိုင်ကောင်းပါရဲ့။

■

မောင်ပန်းရည်

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၄) ရက်

ဒီကာ။ကို တငပေ